ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

# အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်း လုပ်ငန်းစဉ်များနှင့် အဆိုပါနိုင်ငံများ၏ Demerit Points System များအကြောင်းလေ့လာတင်ပြခြင်း



အာဆီယံဌာနစိတ်မှပြုစုတင်ပြပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘရူနိုင်းနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၁-၃ |
| ၂။ | ကမ္ဘောဒီးယားနိုင်ငံ၏ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၄-၆ |
| ၃။ | အင်ဒိုနီးရှားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်း လုပ်ငန်းစဉ် | ၇ |
| ၄။ | လာအိုနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၈ |
| ၅။ | မလေးရှားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်း လုပ်ငန်းစဉ် | ၉-၁၂ |
| ၆။ | စင်ကာပူနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၁၃-၂၀ |
| ၇။ | ဖိလစ်ပိုင်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၂၁-၂၃ |
| ၈။ | ထိုင်းနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၂၄-၂၇ |
| ၉။ | ဗီယက်နမ်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၂၈-၃၁ |
| ၁၀။ | ဩစတေးလျနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၃၂-၃၃ |
| ၁၁။ | တရုတ်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၃၄-၃၅ |
| ၁၂။ | အိန္ဒိယနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၃၆-၃၇ |
| ၁၃။ | ဂျပန်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၃၈-၄၂ |
| ၁၄။ | ကိုရီးယားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်စစ်ဆေးခြင်းလုပ်ငန်းစဉ် | ၄၃-၄၄ |
| ၁၅။ | ဘရူနိုင်းနိုင်ငံ၌ ကျင့်သုံးနေသော Driver Safety Practice System (SiKAP)/ Demerit Points System | ၄၅-၄၉ |
| ၁၆။ | ကမ္ဘောဒီးယားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၅၀-၅၁ |
| ၁၇။ | အင်ဒိုနီးရှားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၅၂-၅၇ |

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | မလေးရှားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၅၈-၅၉ |
| ၁၉။ | စင်ကာပူနိုင်ငံ ၌ ကျင့်သုံးနေသော Demerit Points System (သို့မဟုတ်)<br><br>Driver Improvement Points System | ၆၀-၆၈ |
| ၂၀။ | ဖိလစ်ပိုင်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၆၉ |
| ၂၁။ | ထိုင်းနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၇၀-၇၁ |
| ၂၂။ | ဗီယက်နမ်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၇၂ |
| ၂၃။ | ဩစတေးလျနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၇၃-၇၅ |
| ၂၄။ | တရုတ်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၇၆-၇၈ |
| ၂၅။ | အိန္ဒိယနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၇၉ |
| ၂၆။ | ဂျပန်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၈၀-၈၂ |
| ၂၇။ | ကိုရီးယားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System | ၈၃-၈၇ |
| ၂၈။ | ရည်ညွှန်းကိုးကားသည့် Websites and Web Pages | ၈၈-၉၀ |

**<u>တည်းဖြတ်ခြင်းနှင့်ကြီးကြပ်ခြင်းဆောင်ရွက်သူများ</u>**

(၁) ဒေါ်နွယ်နွယ်ခင်၊ ဒုတိယညွှန်ကြားရေးမှူး၊ အာဆီယံဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

(၂) ဒေါ်ဝေဝေဇင်၊လက်ထောက်ညွှန်ကြားရေးမှူး၊ အာဆီယံဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

**<u>ဘာသာပြန်သူများ</u>**

(၁) ဒေါ်အိကေခိုင်၊ အင်ဂျင်နီယာမှူး၊ ယာဉ်သွားလာမှုဆိုင်ရာအင်ဂျင်နီယာဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

(က) စင်္ကာပူ၊

(ခ) ထိုင်း၊

(ဂ) ဗီယက်နမ်။

(၂) ဒေါ်နှင်းသဉ္ဇာဦး၊ ဦးစီးအရာရှိ၊ အာဆီယံဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

(က) လာအို၊

(ခ) မလေးရှား၊

(ဂ) ဖိလစ်ပိုင်။

(၃) ဒေါ်မေမြတ်နိုးခင်၊ ဦးစီးအရာရှိ၊ အာဆီယံဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

(က) ဘရူနိုင်း၊

(ခ) ကမ္ဘောဒီးယား၊

(ဂ) အင်ဒိုနီးရှား။

(၄) ဒေါ်နှင်းလဲ့ညို၊ ဦးစီးအရာရှိ၊ အာဆီယံဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

(က) တရုတ်၊

(ခ) အိန္ဒိယ၊

(ဂ) သြစတြေးလျ။

(၅) ဒေါ်ကံကော်ဆင့် ၊ဦးစီးအရာရှိ၊ အာဆီယံဌာနစိတ်၊ ယာဉ်မောင်းလိုင်စင်ဌာန။

(က) ကိုရီးယား၊

(ခ) ဂျပန်။

## ဘရူနိုင်းနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ ဘရူနိုင်းနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရှိရန် ဖြေဆိုသူသည် အဆင့်(၂)ဆင့်ကို ဖြေဆိုရပါသည်။ ၎င်းတို့မှာ -

(က) **Basic Theory Test (အခြေခံသီအိုရီစစ်ဆေးခြင်း)**

(၁) **Enroll (စာရင်းသွင်းခြင်း)**

လျှောက်ထားသူများသည် လက်မှတ်ရ ယာဉ်မောင်းသင်တန်းကျောင်းများတွင် စာရင်းပေးသွင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးသင်တန်းချိန်များကိုအနည်းဆုံး(၆)နာရီကြာ တက်ရောက်ရမည် ဖြစ်ပါသည်။

(၂) **Highway Code (အဝေးပြေးလမ်းမဆိုင်ရာသတ်မှတ်ချက်များ)**

လျှောက်ထားသူများသည် လမ်းညွှန်းလမ်းအမှတ်သားများ၊ အချက်ပြများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုဖြေဆိုရပါသည်။ မေးခွန်းလွှာတွင် မှား/ မှန် ရွေး မေးခွန်း အပုဒ်(၆၀)ပါဝင်ပြီး အင်္ဂလိပ်ဘာသာဖြင့်သာမက မလေးဘာသာဖြင့်လည်းဖော်ပြထားပါသည်။

(ခ) **Practical Test (လက်တွေ့မောင်းနှင်စစ်ဆေးခြင်း)**

လမ်းပေါ်၌ ယာဉ်ကိုမောင်းနှင်ရာတွင် အခြားလမ်းအသုံးပြုသူများနှင့် လိုက်လျောညီထွေစွာ၊ အန္တရာယ်ကင်းစွာမောင်းနှင်နိုင်စွမ်းကို စစ်ဆေးပါသည်။ လျှောက်ထားသူသည် သီအိုရီဆန်းစစ်ချက်တွင် အောင်မြင်ပြီး အရည်အချင်းပြည့်မီလျှင် ယာယီယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးပါသည်။ လက်တွေ့မောင်းနှင်စစ်ဆေးခြင်းတွင် အများပြည်သူသုံးလမ်းများပေါ်တွင်သာမက ယာဉ်မောင်းစစ်ဆေးကွင်း၌ မောင်းနှင်စစ်ဆေးခြင်းလည်း ပါဝင်ပါသည်။

၂။ ယာယီယာဉ်မောင်းလိုင်စင်နှင့် မောင်းနှင်နေသည့်ယာဉ်မောင်းသည် အောက်ပါအချက်များလိုက်နာရပါမည်-

(က) မောင်းနှင်သည့်အခါ ယာဉ်မောင်းနည်းပြသည် ဘေးတွင် အချိန်ပြည့်ကြီးကြပ်နေရပါမည်၊

(ခ) L နံပါတ်ပြားနှစ်ခု(အဖြူရောင်မျက်နှာပြင်တွင် အနီရောင်စာလုံး)ကို အသုံးပြုသောမော်တော်ယာဉ်၏ ရှေ့နှင့်နောက်တွင် တပ်ဆင်ထားရပါမည်၊

(ဂ) မော်တော်ယာဉ်သည် လမ်းပေါ်တွင်အသုံးပြုရန်အတွက် အာမခံထားရှိရပါမည်၊

(ဃ) မော်တော်ယာဉ်ပေါ်တွင် အခြားလိုက်ပါစီးနှင်းသူများနှင့် ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်ခြင်းမပြုရပါ။

၃။ ၎င်းလိုင်စင်သည် (၃) လ သက်တမ်းသာရှိသည်။ ထိုကာလအတွင်း ယာဉ်မောင်းစစ်ဆေးခံခြင်းမပြုလုပ်နိုင်ခဲ့ပါကကုန်းလမ်းပို့ဆောင်ရေးဌာန၊ညွှန်ကြားရေးမှူး၏ခွင့်ပြုချက်အရ နောက်ထပ်သက်တမ်း(၃)လ တိုးနိုင်ပါသည်။

**<u>လက်တွေ့မောင်းနှင်စစ်ဆေးခြင်းတွင်ပါဝင်သောအဆင့်များ</u>**

၄။ စာတွေ့ရေးဖြေအောင်မြင်ပြီးနောက်တွင် အောက်ပါတို့ကို လုပ်ဆောင်ရပါမည်-

(က) ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၏ ယာဉ်မောင်းနှင်စစ်ဆေးကွင်းနှင့် သတ်မှတ်ထားသော အများပြည်သူသုံးလမ်းမများပေါ်တွင် အနည်းဆုံး (၁၅) နာရီအကြာ လက်တွေ့စမ်းသပ်မောင်းနှင်ရပါမည်၊

(ခ) လက်တွေ့မောင်းနှင်စစ်ဆေးခြင်းအတွက် လျှောက်ထားရပါမည် (လျှောက်လွှာဖောင်ဖြည့်ပြီးနောက် အခကြေးငွေ 10$ ပေးဆောင်ရပါမည်)၊

(ဂ) ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၏ ယာဉ်မောင်းနှင်စစ်ဆေးကွင်းတွင် လက်တွေ့မောင်းနှင်စစ်ဆေးခြင်းအတွက် အတန်းတက်ရောက်ရပါမည်။ လိုင်စင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို မိမိနှင့်တစ်ပါတည်းယူဆောင်လာရပါမည်၊

(ဃ) အဆင့် (၁)။ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၏ ယာဉ်မောင်းနှင်စစ်ဆေးကွင်းတွင် ယာဉ်မောင်းနှင်စစ်ဆေးခြင်း-

(၁) ယာဉ်မောင်းနှင်စစ်ဆေးရာတွင် အောက်ပါအတိုင်း အဓိကဇုန် (၃) ခု သတ်မှတ်၍ စစ်ဆေးပါသည် -

**Zone A (All LTD Branches)**

- Driving Uphill and Downhill (တောင်တက်/တောင်ဆင်းမောင်းနှင်ခြင်း)၊
- Changing Lanes (လမ်းကြောင်းပြောင်း၍ မောင်းနှင်ခြင်း)။

**Zone B (All LTD Branches)**

- 'S' Bend ('S'ပုံသဏ္ဍာန်ကွေ့ခြင်း)၊
- Reverse Parking (နောက်ပြန်ရပ်နားခြင်း)၊
- Parallel Parking (မျဉ်းပြိုင်ရပ်နားခြင်း)။

**Zone C (Only at Sungai Akar Driving Circuit and Text Complex)**

- Roundabout (အဝိုင်းပတ်ခြင်း)၊
- U-Turn ('ဂ' ကွေ့ခြင်း)၊
- Pedestrian Crossing (လူကူးမျဉ်းကြား ဖြတ်သန်းမောင်းနှင်ခြင်း)၊
- Emergency Brake (အရေးပေါ် ဘရိတ်အုပ်ခြင်း)။

(င) အဆင့်(၂)။ အများပြည်သူသုံးလမ်းများပေါ်တွင် အမှန်တကယ် ယာဉ်မောင်းနှင်စစ်ဆေးခြင်း။

(၁) သတ်မှတ်ထားသောလမ်းကြောင်း (၆) ခုထဲမှ (၁) ခုတွင် မောင်းနှင်ပြသရမည်။ ဥပမာအားဖြင့် လမ်းဆုံလမ်းခွများ၊ လမ်းချိုးလမ်းကွေ့များ၊ မီးပွိုင့်များ၊ လမ်းညွှန်းလမ်းအမှတ်အသားစသည်တို့တွင် ဖြစ်ပါသည်။

# ကမ္ဘောဒီးယားနိုင်ငံတွင်လာရောက်နေထိုင်သည့်နိုင်ငံခြားသားများအတွက်ယာဉ်မောင်းလိုင်စင် ရယူရန် လုပ်ငန်းစဥ်

၁။ ကမ္ဘောဒီးယားနိုင်ငံ၏ ၎င်းတို့နိုင်ငံသားများအတွက် မော်တော်ယာဉ်မောင်းလိုင်စင် ထုတ်ပေးရာတွင်ပြုလုပ်သော ယာဉ်မောင်းစစ်ဆေးခြင်း အကြောင်းအရာများကို Website Page ၌ရှာဖွေမတွေ့ရှိပါ။ ၎င်းနိုင်ငံတွင်လာရောက်နေထိုင်ကြသော နိုင်ငံခြားသားများအတွက် ယာဉ်မောင်းလိုင်စင်ရယူနိုင်ရန် လိုအပ်သည့် ယာဉ်မောင်းစစ်ဆေးခြင်းအကြောင်းအရာများကိုသာ တွေ့ရှိရပါသည်။

**<u>ကမ္ဘောဒီးယား ယာဉ်မောင်းလိုင်စင် အမျိုးအစားများ</u>**

၂။ ကမ္ဘောဒီးယားနိုင်ငံတွင် မော်တော်ယာဉ်အမျိုးအစားပေါ်မူတည်၍ ယာဉ်မောင်းလိုင်စင် (၄) မျိုး ထုတ်ပေးပါသည် -

(က) အမျိုးအစား (A) - မော်တော်ဆိုင်ကယ်၊

(၁) A1–(၄၉)မှ (၁၂၅) $cm^3$ ဆလင်ဒါအရွယ်အစားအထိရှိသော ဆိုင်ကယ်များ၊

(၂) A2–(၁၂၅) $cm^3$ ထက်ပိုသည့် ဆလင်ဒါအရွယ်အစားရှိသော ဆိုင်ကယ်များ။

(ခ) အမျိုးအစား (B) - မိသားစုစီးမော်တော်ယာဉ် (သို့မဟုတ်) ယာဉ်မောင်းအပါအဝင် ခရီးသည် (၉) ဦးဆံ့သောမော်တော်ယာဉ် (ကမ္ဘာလှည့်ခရီးသွားများအတွက် လိုအပ်သော လိုင်စင်အမျိုးအစားလည်း ဖြစ်ပါသည်)၊

(ဂ) အမျိုးအစား (C) - အများဆုံးအလေးချိန်(၀.၇၅)တန်ထက်မပိုသောနောက်တွဲယာဉ်ကိုချိတ်ဆွဲနိုင်သည့် အလေးချိန် (၃.၅) တန်အထိမော်တော်ယာဉ်၊

(ဃ) အမျိုးအစား (D) - ခရီးသည်(၉)ဦးနှင့်အထက် ပို့ဆောင်ရန်အတွက် အသုံးပြုသည့် မော်တော်ယာဉ်၊

(၁) D1 - ယာဉ်မောင်းအပါအဝင် ခရီးသည် (၁၀) ဦးမှ (၂၀) ဦးကို ပို့ဆောင်နိုင်သည့် မော်တော်ယာဉ်နှင့် အများဆုံးအလေးချိန် (၀.၇၅) တန်ထက်မပိုသော နောက်တွဲ ယာဉ်ပါသည့် မော်တော်ယာဉ်၊

(၂) D2 - ယာဉ်မောင်းအပါအဝင် ခရီးသည် (၂၀) ဦးအထက် ပို့ဆောင်နိုင်သော မော်တော်ယာဉ်နှင့် အများဆုံးအလေးချိန် (၀.၇၅) တန်ထက်မပိုသော နောက်တွဲယာဉ်ပါသည့် မော်တော်ယာဉ်။

(င) အမျိုးအစား (E) - အမျိုးအစား (B)၊ (C) နှင့် (D) အောက်ရှိ မော်တော်ယာဉ် အမျိုးအစားအားလုံး၊ အလေးချိန် (၀.၇၅) တန် အထက်ရှိသော နောက်တွဲယာဉ်များ [(EB)၊ (EC) နှင့် (ED) ဟူ၍ အမျိုးအစား (၃) မျိုး ခွဲခြားထားပါသည်။]။

**<u>ကမ္ဘောဒီးယား (၁) နှစ်သက်တမ်းယာဉ်မောင်းလိုင်စင်အတွက် လျှောက်ထားရန်လိုအပ်ချက်များ</u>**

၃။ နိုင်ငံခြားသားများအနေဖြင့် သက်တမ်း (၁) နှစ်ရှိသော ကမ္ဘောဒီးယားယာဉ်မောင်းလိုင်စင်ကို လျှောက်ထားလိုပါက အောက်ပါအချက်အလက်များပါရှိရန် လိုအပ်ပါသည် -

(က) အဖြူနောက်ခံဖြင့် ပတ်စပို့ဓာတ်ပုံ (၂)ပုံ (သို့မဟုတ်) (၈)ပုံ (Aeon 2 တွင် (၂)ပုံ၊ ၊ GDoPWaT တွင် (၈)ပုံ)၊

(ခ ) လက်ရှိဗီဇာဖြင့် နိုင်ငံကူးလက်မှတ် (အနည်းဆုံးသက်တမ်း (၆) ပတ်ကျန်ရှိရမည်)၊

(ဂ ) သက်ဆိုင်ရာနိုင်ငံမှထုတ်ပေးသော သက်တမ်းရှိယာဉ်မောင်းလိုင်စင်၊

(ဃ) နေထိုင်ကြောင်းရပ်ကွက်ထောက်ခံစာ၊

(င ) အခကြေး ၃၀၀၀၀ riel၊

(စ ) အရောင်ကန်းစစ်ဆေးမှုအတွက် ၁၀၀၀၀ riel၊

(ဆ) လိုင်စင်သည် အင်္ဂလိပ် (သို့မဟုတ်) ပြင်သစ်ဘာသာမဟုတ်ပါက သက်ဆိုင်ရာ သံရုံးမှ အသိအမှတ်ပြုထားသော ဘာသာပြန်မိတ္တူတစ်စောင်။

**<u>ရရှိနိုင်သည့် ကမ္ဘောဒီးယားယာဉ်မောင်းလိုင်စင် အမျိုးအစား</u>**

၄။ ကမ္ဘောဒီးယားတွင် တရားဝင်နေထိုင်နေသော နိုင်ငံခြားသားများသည် ကမ္ဘောဒီးယားဗီဇာ လက်ဝယ်ရှိပါက "အမျိုးအစား (A)" (သို့မဟုတ်) "အမျိုးအစား (B)" ယာဉ်မောင်းလိုင်စင်ကို

လျှောက် ထားရမည်ဖြစ်သည်။ နိုင်ငံခြားသားများအတွက် ကမ္ဘောဒီးယားယာဉ်မောင်းလိုင်စင်သည် တစ်နှစ်သက်တမ်းရှိပါသည်။ လက်ရှိတွင်အမျိုးသားရဲတပ်ဖွဲ့က နိုင်ငံခြားသားများအား ၎င်းတို့နိုင်ငံမှ ယာဉ်မောင်းလိုင်စင်များ၊ နိုင်ငံတကာယာဉ်မောင်းခွင့်လက်မှတ်နှင့် ကမ္ဘောဒီးယားယာဉ်မောင်းလိုင်စင်တို့ကို ရယူစေလျက်ရှိပါသည်။

၅။ ကမ္ဘောဒီးယားနိုင်ငံတွင် (၁) နှစ်ယာဉ်မောင်းလိုင်စင်ကို ဖနွမ်းပင်ရှိပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လျှောက်ထားနိုင်ပါသည်။

၆။ ထို့ပြင်သက်တမ်း(၁၀)နှစ်ရှိသောကမ္ဘောဒီးယားယာဉ်မောင်းလိုင်စင်ကိုလည်းရယူနိုင်ပါသည်။ သို့သော် (၁၀) နှစ်သက်တမ်းလိုင်စင်အား ရယူနိုင်ရန် ပိုမိုရှည်လျားပြီး ပိုမိုခက်ခဲသည့် စစ်ဆေးမှုများကို ကျော်ဖြတ်ရမည်ဖြစ်ပါသည်။

၇။ လုပ်ငန်းစဉ်များသည် (၁) နှစ်သက်တမ်းကမ္ဘောဒီးယားယာဉ်မောင်းလိုင်စင်နှင့် တူညီမှုရှိသော်လည်း အပိုစစ်ဆေးမှုများနှင့် အခကြေးငွေများပါဝင်ပါသည်။ ကမ္ဘောဒီးယားယာဉ်မောင်း လိုင်စင်အတွက် ၉၀၀၀၀ Riel နှင့် ဆေးစစ်ဆေးမှုအတွက် ၁၀၀၀၀ Riel ကုန်ကျမည်ဖြစ်ပြီး နောက်ထပ်စစ်ဆေးမှုများတွင် သီအိုရီစစ်ဆေးမှုနှင့် လက်တွေ့မောင်းနှင်စစ်ဆေးခြင်းတို့ပါဝင်ပါသည်။

၈။ သီအိုရီစစ်ဆေးမှုအား ကွန်ပျူတာဖြင့်ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ် (သို့မဟုတ်) ခမာဘာသာဖြင့်ဖြေဆိုနိုင်ပါသည်။ ၎င်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပါဝင်သောကြောင့် စစ်ဆေးမှု အောင်မြင်ရန်အတွက် ယာဉ်မောင်းလက်စွဲစာအုပ်အား လေ့လာရန်လိုအပ်မည်ဖြစ်ပါသည်။ မည်သည့်ယာဉ်မောင်းကျောင်းတွင်မဆို ဝယ်ယူနိုင်ပါသည်။

၉။ လက်တွေ့မောင်းနှင်စမ်းသပ်မှုအား ကြီးကြပ်သူနည်းပြတစ်ဦးနှင့် ပြုလုပ်ရမည်ဖြစ်ပါသည်။ ဤစမ်းသပ်မှုအားအောင်မြင်ရန် မှန်ကန်စွာမောင်းနှင်နိုင်သည်ဟု ကြီးကြပ်သူနည်းပြကို ပြသရန် လိုအပ်ပါသည်။ ကုန်းစောင်းတစ်ခုတွင် မောင်းနှင်ပြသရန်၊ လေ့ကျင့်မှုနှစ်ကြိမ်ပြုလုပ်ရန်နှင့်မျဉ်းပြိုင်ရပ်နားရန်စစ်ဆေးမည်ဖြစ်ပါသည်။ ဤနောက်ဆုံးစမ်းသပ်မှုအောင်မြင်ပြီးမှသာ ယာဉ်မောင်းလိုင်စင်အားထုတ်ပေးမည်ဖြစ်ပါသည်။

## အင်ဒိုနီးရှားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ အင်ဒိုနီးရှားနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရှိရန် အဆင့် (၂) ဆင့်ကို ဖြေဆိုရပါသည်။ ၎င်းတို့မှာ-

(က) **Theory Test (သီအိုရီ စစ်ဆေးခြင်း)**

မှား/မှန် မေးခွန်းအပုဒ် (၃၀) အတွက် မိနစ် (၃၀) ရရှိပြီး (၂၁)ပုဒ် မှန်ကန်စွာ ဖြေဆိုရမည်။ Bahasa Indonesia ဘာသာဖြင့် ဖြေဆိုရသော Computer Test ဖြစ်ပါသည်။ သီအိုရီ Test အောင်မြင်ပြီးနောက်တွင် Practical Test (လက်တွေ့မောင်းနှင်စစ်ဆေးခြင်း)လုပ်ငန်းစဉ်အား ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ခ) **Practical Test (လက်တွေ့မောင်းနှင်စစ်ဆေးခြင်း)**

မော်တော်ယာဉ်မောင်းလိုင်စင်အတွက် လက်တွေ့စမ်းသပ်မှုတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) Driving straightforward and backward on a narrow lane of cones (ကျဉ်းမြောင်းသောလမ်းသွယ်တစ်ခုတွင် ရှေ့တိုးနောက်ဆုတ် မောင်းနှင်ခြင်း)၊

(၂) Driving zig-zag forward and backward around 9 cones (Cones ၉ ခုတွင် zig-zag ပုံသဏ္ဌာန် ရှေ့တိုးနောက်ဆုတ်မောင်းနှင်ခြင်း)၊

(၃) Backing-up and parking (နောက်ဆုတ်မောင်းနှင်ခြင်းနှင့် ရပ်နားခြင်း)၊

(၄) Parallel parking (မျဉ်းပြိုင်ရပ်နားခြင်း)၊

(၅) Driving up an incline, engaging hand brake, disengaging hand brake then driving off (ကုန်းပေါ်သို့မောင်းနှင်ခြင်း၊ hand brake အသုံးပြုခြင်း၊ hand brake ဖြုတ်ပြီးနောက် မောင်းနှင်ထွက်ခွာခြင်း)၊

(၆) Driving down an incline, stopping and driving off (ကုန်းဆင်းမောင်းနှင်ခြင်း၊ ရပ်နားခြင်းနှင့် မောင်းနှင်ထွက်ခွာခြင်း)။

# လာအိုနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ လာအိုနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်အား အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း ယာဉ်မောင်းစစ်ဆေးဖြေဆိုပြီး လိုင်စင်ရယူနိုင်ပါသည်။ ပြည်တွင်းယာဉ်မောင်းလိုင်စင်၏ သက်တမ်းမှာ(၅)နှစ်ဖြစ်ပါသည်။ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများသည် အောက်ပါ Test များကို ဖြေဆိုရမည်ဖြစ်ပါသည်-

(က) Physical Test (ရုပ်ပိုင်းဆိုင်ရာစစ်ဆေးခြင်း)၊

( ခ ) Theory Test (စာတွေ့စစ်ဆေးခြင်း)၊

( ဂ ) Driving Test (လက်တွေ့မောင်းနှင်စစ်ဆေးခြင်း)။

၂။ Physical Test တွင် အောက်ပါ Test များ ပါဝင်ပါသည်-

(က) Colour Blindness Test (အရောင်ကန်းစစ်ဆေးခြင်း)၊

( ခ ) Eyesight in wide vision Test (အမြင်ကျယ်မှုစစ်ဆေးခြင်း)၊

( ဂ ) Eyesight in deep vision Test (အမြင်နက်နဲမှုစစ်ဆေးခြင်း)၊

(ဃ) Reaction Test (တုံ့ပြန်မှုစစ်ဆေးခြင်း)။

## မလေးရှားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ မလေးရှားနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရှိရန်အတွက် အောက်ပါအဆင့်(၅)ဆင့်ကို ဆောင်ရွက်ရပါသည်-

(က) Theoretical Course (6 Hours)

စာတွေ့သင်တန်း (၆ နာရီ)၊

( ခ ) Computer Based Driving Law Test

ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့်ဥပဒေများအား ကွန်ပျူတာဖြင့်စစ်ဆေးခြင်း၊

( ဂ ) Practical Training (Circuit 6 Hours & Road 10 Hours)

လက်တွေ့သင်တန်းပေးခြင်း (ကွင်းပတ်မောင်းခြင်း ၆ နာရီနှင့် လမ်းမပေါ်မောင်းနှင်ခြင်း ၁၀ နာရီ)၊

(ဃ) Pre Test

ယာဉ်မောင်းသင်တန်းကျောင်းမှ နည်းပြက ကြိုတင်၍ ယာဉ်မောင်းစစ်ဆေးခြင်း၊

( င ) Practical Test (RTD)

ကုန်းလမ်းပို့ဆောင်ရေးဌာနမှလက်တွေ့စစ်ဆေးခြင်း။

၂။ မလေးရှားနိုင်ငံ၌ အသုံးပြုသည့် Automated Training and Driving Test System (e-Testing) ဆိုသည်မှာ ယာဉ်မောင်းစစ်ဆေးခြင်းစနစ်ထိရောက်မှုရှိပြီး တိုးတက်လာစေရန်နှင့် မလေးရှားနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဌာန၏ ဝန်ဆောင်မှုပေးသည့်စနစ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများ၏ စွမ်းရည်အကဲဖြတ်ခြင်းကို အီလက်ထရောနစ်စနစ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး ယာဉ်မောင်းစစ်ဆေးခြင်း၏ရလဒ်များကို ကွန်ပျူတာစနစ်ဖြင့် ထုတ်ပေးခြင်းဖြစ်ပါသည်။

၃။ မလေးရှားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းအတွက် စစ်ဆေးသည့်စနစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လက်တွေ့ယာဉ်မောင်းနှင်ခြင်းအား အဓိကပုံစံ (၆)မျိုးဖြင့် စစ်ဆေးခြင်း

(၁) Up-Hill (တောင်တက်ခြင်း)၊

(၂) Parallel Parking (မျဉ်းပြိုင်ပါကင်ထိုးခြင်း)၊

(၃) Three Point Turn (Tပုံသဏ္ဌာန်ကွေ့ခြင်း)၊

(၄) ‘S’ Course (S ပုံသဏ္ဌာန်မောင်းနှင်ခြင်း)၊

(၅) ‘Z’ Course (Z ပုံသဏ္ဌာန်မောင်းနှင်ခြင်း)၊

(၆) Ramp (for automatic transmission)(ကုန်းတက်မောင်းနှင်ခြင်း)။

( ခ ) ယာဉ်မောင်းလိုင်စင်ဖြေဆိုမည့်သူများအား Face-To-Face စစ်ဆေးခြင်း၊

( ဂ ) Manual အကဲဖြတ်ခြင်းနှင့်အမှတ်ပေးခြင်းနည်းလမ်း၊

(ဃ) ယာဉ်မောင်းလိုင်စင်ဖြေဆိုမည့်သူများ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ခြင်းနှင့် စာရွက်စာတမ်းများအတွက် ယာဉ်မောင်းစစ်ဆေးသည့်ဝန်ထမ်းများမှ ကူညီဆောင်ရွက်ပေးခြင်း။

၄။ e -Testing စနစ်ကိုအသုံးပြုခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားဒီဂျစ်တယ်အသွင်ကူးပြောင်းရေးမူဝါဒနှင့်အညီ ဒီဂျစ်တယ်အသွင် ကူးပြောင်းရန်၊

( ခ ) ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်းလုပ်ငန်းစဉ် ခိုင်မာတိုးတက်စေရန်အတွက် “စံ” စနစ်တစ်ခုကို ပံ့ပိုးပေးရန်၊

( ဂ ) ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်း၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊

(ဃ) ယာဉ်မောင်းနှင်မှုကို အကဲဖြတ်ရာတွင် လူများပါဝင်စွက်ဖက်မှုကို လျှော့ချရန်။

၅။ e-Testing စနစ်ကို အသုံးပြုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားလုပ်မှုများ မရှိခြင်း၊

(ခ) ယာဉ်မောင်းစစ်ဆေးရာတွင် ယာဉ်မောင်း၏သတ်မှတ်ချက်များနှင့် အရည်အချင်း အား အီလက်ထရောနစ်စနစ်ဖြင့် သတ်မှတ်ထားနိုင်ခြင်း၊

(ဂ) လေ့ကျင့်ခြင်း၊ စစ်ဆေးခြင်းနှင့် ယာဉ်မောင်းစစ်ဆေးသည့်ယာဉ်များ၏ အသုံးပြုမှု မှတ်တမ်း/အချက်အလက်များ တိကျသေချာမှုရှိခြင်း၊

(ဃ) အီလက်ထရောနစ်/ဒီဂျစ်တယ်စနစ် အသုံးပြုခြင်းဖြင့် ယာဉ်မောင်းစစ်ဆေးခြင်း လုပ်ငန်းစဉ်များကို အကဲဖြတ်ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းစဉ်များအား လွယ်ကူ ချောမွေ့စေခြင်း။

၆။ မလေးရှားနိုင်ငံ၏ လက်ရှိယာဉ်မောင်းစစ်ဆေးသည့်စနစ်နှင့် e-Testing စနစ်၏ ကွာခြား ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | Current Testing | e-Testing |
|---|---|---|
| ၁။ | ယာဉ်မောင်း စစ်ဆေးခြင်းလုပ်ငန်းစဉ်နှင့် ရလဒ်များအား Manual လုပ်ဆောင်ရခြင်း။ | ယာဉ်မောင်းစစ်ဆေးခြင်းနှင့် ရလဒ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်များအား ဒီဂျစ်တယ်စနစ်ဖြင့် လုပ်ဆောင်ရခြင်း။ |
| ၂။ | ယာဉ်မောင်းဖြေဆိုသည့်သူများမှ ရလဒ်များအပေါ် အငြင်းပွားနိုင်ခြင်း။ | ယာဉ်မောင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်တစ်ခုလုံးအား မှတ်တမ်းတင်ထားသည့်အတွက် ရလဒ်များအား အငြင်းပွားနိုင်ခြေမရှိခြင်း။ |
| ၃။ | စစ်ဆေးမှုကြာချိန်သည် တစ်ဦးလျှင် (၁၅မိနစ်မှ ၂၅မိနစ်အထိ) ဖြစ်ပြီး အချိန် ကြာမြင့်စွာစောင့်ဆိုင်းရခြင်းနှင့် အချိန်တစ်ချိန်တွင် ဖြေဆိုမည့်သူဦးရေ | တစ်ဦးလျှင် (၈ မိနစ်မှ ၁၀ မိနစ်အထိ) သာကြာမြင့်ပြီး စောင့်ဆိုင်းချိန်တိုတောင်းသောကြောင့် ဖြေဆိုမည့်ဦးရေ တိုးမြင့်လာခြင်း။ |

| စဉ် | Current Testing | e-Testing |
|---|---|---|
| | အကန့်အသတ်ရှိခြင်း။ | |
| ၄။ | တစ်နေ့လျှင် ပျမ်းမျှဦးရေ (၁၀၀ မှ ၁၃၀) အထိသာ စစ်ဆေးနိုင်ခြင်း။ | တစ်နေ့လျှင် ပျမ်းမျှဦးရေ (၁၈၀ မှ ၂၀၀) အထိ စစ်ဆေးနိုင်ခြင်း။ |
| ၅။ | ယာဉ်မောင်းစစ်ဆေးသူ (၅ဦး မှ ၈ဦး) အထိ အသုံးပြုရခြင်းနှင့် အစိုးရသို့ ဖောင်ပုံစံများအတွက် အခကြေးငွေများ ပေးရခြင်း။ | ယာဉ်မောင်းစစ်ဆေးသူ (၂ ဦး မှ ၃ ဦး) အထိသာ လိုအပ်ပြီး အစိုးရသို့ ပေးသွင်းရမည့်ဖောင်ပုံစံကြေးကုန်ကျငွေများ သက်သာခြင်း။ |
| ၆။ | လက်တွေ့ယာဉ်မောင်းနှင်ခြင်းပုံစံ (၆) မျိုးအား ဖြေဆိုနိုင်မှုသည် ယာဉ်မောင်းစစ်ဆေးသူအရာရှိ၏ သမာဓိပေါ်တွင် မူတည်ခြင်း။ | ယာဉ်မောင်းသူများ၏ကျွမ်းကျင်မှုကို စစ်ဆေးရာတွင် အဓိက အရေးအကြီးဆုံးအချက်များ စစ်ဆေးခြင်းကို တိကျပြည့်စုံစွာ ဆောင်ရွက်နိုင်ခြင်း။ |

၇။ e-Testing စနစ်ဖြင့် ယာဉ်မောင်းစစ်ဆေးရာတွင် အသုံးပြုသည့်ကားများတွင် GPS၊ Verification နှင့် Display Equipment များ တပ်ဆင်ထားပါသည်။

## စင်ကာပူနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ ယာဉ်မောင်းလိုင်စင်ရယူလိုသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(က) အသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ရပါမည်၊

( ခ ) ယာဉ်မောင်းနှင်မှု အရည်အချင်းစစ်ဆေးမှု အောင်မြင်ရပါမည်၊

( ဂ ) စိတ်ရောဂါဝေဒနာ ခံစားနေသူမဖြစ်ရပါ၊

(ဃ) ဝက်ရူးပြန်ရောဂါ ခံစားနေသူမဖြစ်ရပါ၊

( င ) ကိုယ်ခံအားနည်းသူ သို့မဟုတ် ရုတ်တရက်မူးမေ့လဲတတ်သူ မဖြစ်ရပါ၊

( စ ) အောက်ခံအနက်ရောင်တွင် သတ်မှတ်ထားသည့် တူညီသော အရွယ်အစားနှင့် အဖြူရောင်အက္ခရာ (၆) လုံးပါသည့် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်အား (မျက်မှန်တပ်ဆင်သူဖြစ်ပါက မျက်မှန်ဖြင့်) (၂၅) မီတာ အကွာအဝေးမှ ဖတ်ရှုနိုင်ရပါမည်၊

(ဆ) အချက်ပြမီး အနီ၊ အဝါနှင့် အစိမ်းတို့ကို (၂၅) မီတာ အကွာအဝေးမှ ခွဲခြားနိုင်ရပါမည်။

**<u>ယာဉ်မောင်းလိုင်စင်အမျိုးအစားများ</u>**

၂။ စင်ကာပူနိုင်ငံရှိ ယာဉ်မောင်းလိုင်စင်အမျိုးအစားများအား အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားပါသည်-

| စဉ် | လိုင်စင်အမျိုးအစား | အသက်သတ်မှတ်ချက် | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|
| ၁။ | Class 1 | အသက်(၁၈)နှစ်နှင့်အထက်ရှိသောသူများနှင့် မသန်စွမ်းသူများ။ | ဝန်မပါအလေးချိန် (၂၅၀) ကီလိုဂရမ်ထက်မပိုသောယာဉ်များနှင့် မသန်စွမ်းသူများ အသုံးပြုနိုင်ရေးအတွက် အထူးတည်ဆောက်တပ်ဆင်ထားသောယာဉ်များ။ |
| ၂။ | Class 2B | အနည်းဆုံး အသက် (၁၈) | စက်စွမ်းအား (၂၀၀ CC) ထက်မပိုသော |

| စဉ် | လိုင်စင်အမျိုးအစား | အသက်သတ်မှတ်ချက် | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|
| | | နှစ် ပြည့်ပြီးသူများ။ | မော်တော်ဆိုင်ကယ်များ (သို့မဟုတ်) မှတ်ပုံတင်ထားသော လျှပ်စစ်မော်တော်ဆိုင်ကယ်များ။ |
| ၃။ | Class 2A | Class 2B ယာဉ်မောင်းလိုင်စင်သက်တမ်း (၁) နှစ်ပြည့်ပြီးသူများ။ | စက်စွမ်းအား (၂၀၁) CC နှင့် (၄၀၀) CC ကြားရှိသော မော်တော်ဆိုင်ကယ်များ။ |
| ၄။ | Class 2 | Class 2A ယာဉ်မောင်းလိုင်စင်သက်တမ်း (၁) နှစ်ပြည့်ပြီးသူများ။ | စက်စွမ်းအား (၄၀၀) CC ထက်မပိုသော မော်တော်ဆိုင်ကယ်များ။ |
| ၅။ | Class 3 | အနည်းဆုံး အသက် (၁၈) နှစ် ပြည့်ပြီးသူများ။ | ဝန်မပါအလေးချိန် (၃၀၀၀) kg ထက် မပိုသော (ယာဉ်မောင်းသူမပါ ခရီးသည် (၇) ဦး ထက်မပိုသော တင်ဆောင်နိုင်သည့်ယာဉ်) နှင့် ဝန်မပါအလေးချိန် (၂၅၀၀) kg ထက် မပိုသော ချိတ်ဆွဲယာဉ်များ။ |
| ၆။ | Class 3A | အနည်းဆုံး အသက် (၁၈) နှစ် ပြည့်ပြီးသူများ။ | ဝန်မပါအလေးချိန် (၃၀၀၀) kg ထက် မပိုသော(ယာဉ်မောင်းသူမပါ ခရီးသည် (၇) ဦး ထက်မပိုသော တင်ဆောင်နိုင်သည့်ယာဉ်) Clutch Pedals (Auto) ယာဉ်နှင့် Clutch Pedals မပါရှိသော ဝန်မပါအလေးချိန် (၂၅၀၀) kg ထက် မပိုသော ချိတ်ဆွဲယာဉ်များ။ |
| ၇။ | Class 3C | Work Permit နှင့် S-pass ကိုင်ဆောင်သူများသည် ဝန်ပေါ့ကုန်တင်ယာဉ်များ၊ မီနီဗင်များနှင့်ဘတ်စ်ယာဉ်ငယ်များမှလွဲ၍ Class 3 ယာဉ် | ယာဉ်မောင်းသူမပါ ခရီးသည် (၇) ဦး ထက်မပိုသော တင်ဆောင်နိုင်သည့်ယာဉ်နှင့် ဝန်မပါအလေးချိန် (၃၀၀၀) kg ထက်မပိုသော ယာဉ်များ။ |

| စဉ် | လိုင်စင်အမျိုးအစား | အသက်သတ်မှတ်ချက် | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|
| | | အားလုံးကို မောင်းနှင်ခွင့်ရရန် ၎င်းတို့၏ နိုင်ငံခြားယာဉ်မောင်းလိုင်စင်ကိုပြောင်းလဲရန်အတွက် အခြေခံသီအိုရီစစ်ဆေးမှုကို အောင်မြင်ရန်လိုအပ်သူများ။ | |
| ၈။ | Class 3CA | အော်တိုဂီယာသုံး Class 3C ယာဉ်များကိုသာ မောင်းနှင်လိုသည့် ယာဉ်မောင်းနှင်သူအသစ်များ။ | ယာဉ်မောင်းသူမပါ ခရီးသည် (၇) ဦးထက်မပိုသော၊ ဝန်မပါအလေးချိန် (၃၀၀၀) kg ထက်မပိုသော Clutch Pedals မပါသည့် မော်တော်ယာဉ်များ။ |
| ၉။ | Class 4A | အနည်းဆုံး အသက် (၂၁) နှစ်ပြည့်ပြီး Class 3 ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများ။ | ပုံမှန်ပြေးဆွဲသည့် အများပြည်သူသယ်ယူပို့ဆောင်မှုများတွင် အသုံးပြုသည့်ယာဉ်များ (ခရီးအကွာအဝေးအလိုက် အခကြေးငွေခွဲခြားကောက်ခံသည့်ယာဉ်များ)။ |
| ၁၀။ | Class 4 | အနည်းဆုံး အသက် (၂၁) နှစ်ပြည့်ပြီး Class 3 ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူများ။ | အလေးချိန် (၂၅၀၀) kg ထက် ကျော်လွန်သော ဝန်လေးမော်တော်ယာဉ်များ၊ ကုန်ပစ္စည်း (သို့မဟုတ်) ခရီးသည်များ သယ်ဆောင်ရန် တည်ဆောက်ထားသောယာဉ်များနှင့် ဝန်မပါအလေးချိန် (၂၅၀၀) kg နှင့် (၇၂၅၀) kg ကြား ချိတ်ဆွဲယာဉ်များ။ |
| ၁၁။ | Class 5 | အနည်းဆုံး အသက် (၂၁) နှစ်ပြည့်ပြီး Class 4 ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူများ။ | အလေးချိန် (7250) kg အထက် မော်တော်ယာဉ်များ၊ သို့သော် မည်သည့် ကုန်ပစ္စည်းအမျိုးအစားကိုမဆို သယ်ယူခွင့်ရှိခြင်းမဟုတ်ပါ။ |
| **မှတ်ချက်** | | စင်ကာပူနိုင်ငံသားများအတွက် ယာဉ်မောင်းလိုင်စင်သက်တမ်းသည် ၎င်းတို့၏ ဘဝတစ်လျှောက်ကာလဖြစ်ပြီး နိုင်ငံခြားသား (S-Pass (သို့မဟုတ်) | |

| စဉ် | လိုင်စင်အမျိုးအစား | အသက်သတ်မှတ်ချက် | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|
| | | Work Permit) များသည် ယာဉ်မောင်းလိုင်စင်သက်တမ်းကာလ (၅)နှစ် သာခံစားခွင့်ရရှိမည်ဖြစ်ပါသည်။ | |

**<u>ယာဉ်မောင်းနှင်မှု အရည်အချင်း စစ်ဆေးခြင်း</u>**

၃။ ယာဉ်မောင်းလိုင်စင်အမျိုးအစားအသစ် လျှောက်ထားသူများသည် စာတွေ့(သီအိုရီ)နှင့် လက်တွေ့မောင်းနှင်မှုဆိုင်ရာ စစ်ဆေးမှုများပါဝင်သော အောက်ပါအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ရပါမည်-

(က) **Basic Theory Test (BTT)**

Basic Theory Test (BTT) သည် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအား ကောင်းမွန်စွာနားလည်သဘောပေါက်ရမည်ဖြစ်ပါသည်။ BTT စစ်ဆေးခြင်းတွင် "ယာဉ်မောင်းနှင်သူများအတွက် အခြေခံလက်စွဲစာအုပ်"ကို သင်ရိုးညွှန်းတမ်း၌ ပြဋ္ဌာန်းထားပြီး မည်သည့်ယာဉ်မောင်းသင်တန်းသားမဆို Basic Theory Test (BTT) ကို အောင်မြင်ထားပြီးမှသာ Advanced Driving Test { ဥပမာ- Final Theory Test (FTT) နှင့် Riding Theory Test (RTT)} ကို ဆက်လက်ဖြေဆိုရမည် ဖြစ်ပါသည်။

(ခ) **Final Theory Test (FTT)**

Basic Theory Test (BTT) အောင်မြင်ပြီး မော်တော်ယာဉ်မောင်းနှင်ရန် ယာဉ်မောင်းလိုင်စင် Class 3 နှင့် Class 3A ကို ရယူလိုပါက လက်တွေ့ယာဉ်မောင်းနှင်မှု စစ်ဆေးခြင်းမပြုမီ Final Theory Test (FTT) ကို အောင်မြင်ထားရပါမည်။ FTT ဖြေဆိုရခြင်း၏ ရည်ရွယ်ချက်သည် လမ်းပေါ်၌ယာဉ်မောင်းနှင်ရာတွင် ဘေးကင်းလုံခြုံမှုရှိစွာ မောင်းနှင်တတ်စေရန်နှင့် ယာဉ်မောင်းနှင်နေစဉ် ယာဉ်မောင်းနှင်သူများနှင့် လမ်းအသုံးပြုသူများ အချင်းချင်း အပြန်အလှန် နားလည်မှုရှိစေရန် ဖြစ်ပါသည်။ FTT ဖြေဆိုအောင်မြင်ပြီးပါက (၂)နှစ်အတွင်း လက်တွေ့ယာဉ်မောင်းနှင်မှု

ဖြေဆိုရမည်ဖြစ်၍ ကျရှုံးခြင်း (သို့မဟုတ်) (၂)နှစ်အတွင်း ပျက်ကွက်ခဲ့ပါက လက်တွေ့ယာဉ်မောင်းနှင်မှုမပြုမီ FTT ကို ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။

( ဂ ) **Riding Theory Test (RTT)**

Basic Theory Test (BTT) အောင်မြင်ပြီး မော်တော်ဆိုင်ကယ်မောင်းနှင်ရန် ယာဉ်မောင်းလိုင်စင် Class 2B ကို ရယူလိုပါက လက်တွေ့ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်းမပြုမီ Riding Theory Test (RTT) ကို အောင်မြင်ထားရပါမည်။ RTT ဖြေဆိုရခြင်း၏ ရည်ရွယ်ချက်သည် လမ်းပေါ်၌ မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် ဘေးကင်းလုံခြုံမှုရှိစွာ မောင်းနှင်တတ်စေရန်နှင့် ဆိုင်ကယ်မောင်းနှင်နေစဉ် ယာဉ်မောင်းနှင်သူများနှင့် လမ်းအသုံးပြုသူများအချင်းချင်း အပြန်အလှန် နားလည်မှုရှိစေရန်ဖြစ်ပါသည်။ RTT ဖြေဆိုအောင်မြင်ပြီးပါက (၁) နှစ်အတွင်း လက်တွေ့ယာဉ်မောင်းနှင်မှုဖြေဆိုရမည်ဖြစ်၍ ကျရှုံးခြင်း (သို့မဟုတ်) (၁)နှစ်အတွင်း ပျက်ကွက်ခဲ့ပါကလက်တွေ့ယာဉ်မောင်းနှင်မှုမပြုမီ RTTကို ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။

(ဃ) **Practical Driving/ Riding Test**

လက်တွေ့ယာဉ်မောင်းနှင်မှု စစ်ဆေးခြင်းအား ယာဉ်ထိန်းရဲကတာဝန်ပေးအပ်ထားသည့် ယာဉ်မောင်းစစ်ဆေးသူက စစ်ဆေးဆောင်ရွက်ပါသည်။ ထိုသို့ စစ်ဆေးမှုတွင် သင့်လျော်သော မော်တော်ယာဉ် (အင်ဂျင်စက်အခြေအနေကောင်းမွန်သောယာဉ်) နှင့်သူတစ်ပါးထိခိုက်မှု အာမခံထားရှိပြီးသောယာဉ်ဖြင့်ဆောင်ရွက်ရပါမည်။

**<u>Provisional Driving Licence (PDL)</u>**

၄။ Provisional Driving Licence (PDL) ရယူလိုသူများသည် BTT အောင်မြင်ရမည်ဖြစ်ပြီး PDL လိုင်စင်ရယူနိုင်ရန် ၎င်း၏ဘေးတွင် ယာဉ်မောင်းနည်းပြဆရာနှင့်အတူ လမ်းမပေါ်တွင် သင်ကြားခြင်းနှင့် မောင်းနှင်ခြင်းများကို ဆောင်ရွက်ရပါမည်။ Provisional Driving Licence ၏ သက်တမ်းသည် (၂) နှစ်ဖြစ်ပြီး (၂) နှစ် တစ်ကြိမ် သက်တမ်းတိုး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ Provisional Driving Licence (PDL) ကိုင်ဆောင်သူများသည် လမ်းမပေါ်တွင် သင်ကြားမောင်းနှင်ခြင်းကိုဆောင်ရွက်ရာတွင် မော်တော်ယာဉ်၏ရှေ့နှင့်နောက်တို့တွင် (၁၈ စတုရန်းစင်တီမီတာ) ရှိသော “L” plates အား တပ်ဆင်အသုံးပြုရမည်ဖြစ်ပြီး သူတစ်ပါးထိခိုက်မှု အာမခံထားရှိရပါမည်။ ထိုသို့

လမ်းမပေါ်တွင် သင်ကြားခြင်းနှင့် လက်တွေ့မောင်းနှင်ခြင်းကို ယာဉ်မောင်းနည်းပြဆရာ (သို့မဟုတ်) ယာဉ်မောင်းသင်တန်းကျောင်းများမှ နည်းပြဆရာတို့၏ ထိန်းကျောင်းကြပ်မတ်မှုအောက်တွင် မောင်းနှင် ရမည်ဖြစ်ပါသည်။

၅။ Provisional Driving Licence (PDL) လျှောက်ထားရယူလိုသူသည် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံရပါမည်-

(က) Demerit Points (၁၂ မှတ်) အောက်၌သာရှိခြင်း၊

(ခ) BTT အောင်မြင်ပြီးသူဖြစ်ရပါမည်၊

(ဂ) အောက်ခံအနက်ရောင်တွင် သတ်မှတ်ထားသည့်တူညီသော အရွယ်အစားနှင့် အဖြူရောင်အက္ခရာ (၆) လုံးပါသည့် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်အား (မျက်မှန်တပ်ဆင်သူဖြစ်ပါက မျက်မှန်ဖြင့်) (၂၅) မီတာ အကွာအဝေးမှ ဖတ်ရှုနိုင်ရပါမည်၊

(ဃ) အချက်ပြမီး အနီ၊ အဝါနှင့် အစိမ်းတို့ကို (၂၅) မီတာ အကွာအဝေးမှ ခွဲခြားနိုင်ရပါမည်။

၆။ လက်တွေ့ယာဉ်မောင်းနှင်မှုအား ဖြေဆိုရန် ရက်ချိန်းကြိုတင်ရယူသူများသည် ရက်ချိန်းကြိုတင်ရယူသည့်နေ့ (သို့မဟုတ်) လက်တွေ့ယာဉ်မောင်းဖြေဆိုမည့်နေ့တွင် အောက်ပါအရည်အချင်းသတ်မှတ်ချက်များ ပြည့်စုံရပါမည်-

(က) Demerit Points (၁၂ မှတ်) အောက်၌သာရှိခြင်း၊

(ခ) ယာဉ်မောင်းလိုင်စင်အား ရပ်ဆိုင်းထားခြင်း (သို့မဟုတ်) တရားရုံးက အပြစ်ပေးအရေးယူခြင်း (သို့မဟုတ်) (၁) နှစ်အတွင်း ယာဉ်မောင်းလိုင်စင်အား ရပ်ဆိုင်းထားခြင်းမရှိရပါ၊

(ဂ) ယာဉ်ထိန်းရဲမှ အမှုစစ်ဆေးခံယူနေသောသူ မဖြစ်ရပါ၊

(ဃ) အခြားသော ယာဉ်မောင်းလိုင်စင်အသစ်အတွက် စစ်ဆေးမှုပြုလုပ်နေချိန်အတွင်း (၂) ကြိမ်ထက်ပို၍ ပြစ်မှုကျူးလွန်ခြင်း (ခံဝန်ဖြင့် ပြန်လည်လွှတ်မြောက်ခြင်း) မရှိရပါ။

## ယာဉ်မောင်းလိုင်ဖြေဆိုရန် ရက်ချိန်းကြိုတင်ရယူခြင်း

၇။ ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် ရက်ချိန်းကြိုတင်ရယူရပါမည်။ ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် သတ်မှတ်အခကြေးငွေ ပေးသွင်းပြီးပါက ဖြေဆိုရမည့်နေ့ရက်နှင့် နေရာတို့ကို ဖော်ပြပေးထားသည့် လက်ခံဖြတ်ပိုင်းရရှိမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့တွင် အောက်ပါအချက်အလက်များ ပါရှိရမည် ဖြစ်ပါသည်-

(က) သက်တမ်းရှိ ယာယီယာဉ်မောင်းလိုင်စင်၊

( ခ ) ဖြေဆိုရာတွင်အသုံးပြုမည့်ယာဉ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံ ပေးဆောင်ထားမှု၊

( ဂ ) Final Driving Theory အောင်မြင်မှု အထောက်အထား၊

(ဃ) ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် အခကြေးငွေ ပေးသွင်းပြီးသည့်အထောက်အထား။

၈။ နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်သွားရမည်ဖြစ်ပြီး နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူး လက်မှတ်ယူဆောင်သွားရမည်ဖြစ်ပါသည်။ အကယ်၍ Demerit Points (၁၃)မှတ် ထက်ပို၍ ရှိနေပါက ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် ရက်ချိန်းရယူနိုင်ခြင်းမရှိပါ။ ရက်ချိန်းကြိုတင်ရယူနိုင် ခဲ့သော်လည်း Demerit Points (၁၃) မှတ် ထက်ပို၍ ရှိနေပါက ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် ထိုင်ခွင့်ပင်မပြုပါ။

## လက်တွေ့ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်း

၉။ လက်တွေ့ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်းတွင် အပိုင်း(၂)ပိုင်းပါဝင်ပါသည်။ ပထမအပိုင်း သည် Driving Circuit ပေါ်တွင် ယာဉ်မောင်းနှင်ကျွမ်းကျင်မှုစစ်ဆေးခြင်းဖြစ်ပါသည်။ ဒုတိယ အပိုင်းသည် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအသုံးပြုသူများအချင်းချင်း အပြန် အလှန် နားလည်မှုစွမ်းရည်နှင့် ယာဉ်/လမ်းစည်းကမ်းများကို လေးစားလိုက်နာတတ်မှုအား လမ်း ပေါ်တွင် စစ်ဆေးခြင်းဖြစ်ပါသည်။ ထိုသို့ စစ်ဆေးမှုဖြေဆိုနေချိန်တွင် စစ်ဆေးသူက Tablet PC (သို့မဟုတ်) Checklists များဖြင့် ယာဉ်မောင်းနှင်မှုအပေါ်မူတည်၍ အကဲဖြတ်အမှတ်ပေးနေ မည်ဖြစ်ပါသည်။ စစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း မှားနိုင်သည့်အမှားများအပေါ်တွင်လည်း စစ်ဆေး မှုကို ခံယူရမည်ဖြစ်ပြီး Tablet PC (သို့မဟုတ်) Checklists တွင် ဖော်ပြပေးနေမည်ဖြစ်ပါသည်။

အကယ်၍ ပြင်းထန်သောအမှားမျိုးကို ကျူးလွန်မိပါက ဖြေဆိုနေမှု ချက်ချင်းကျရှုံးမည်ဖြစ်ပါသည်။ ထိုသို့ ပြင်းထန်သော အမှားများအား ထပ်ခါ ထပ်ခါ ကျူးလွန်နေပါက ပြစ်ဒဏ်အနေဖြင့် အမှားတစ်ခုစီအတွက် (၂) မှ (၁၀) အထိ ပေးထားပါသည်။ (၂) မှ (၁၀) အထိ ပေးထားသော အမှတ်များထက် ကျော်လွန်ဖောက်ဖျက်ပါက စစ်ဆေးမှုကျရှုံးပါသည်။ ထိုသို့လက်တွေ့ယာဉ်မောင်းနှင်စစ်ဆေးမှု အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ စစ်ဆေးမှုရလဒ်အား ဖြေဆိုမှုအပြီးတွင် ထုတ်ပေးမည်ဖြစ်ပြီး အမှားများမှတစ်ဆင့် အမှန်ကို လေ့လာသင်ယူ၍ ပြန်လည်ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။

# ဖိလစ်ပိုင်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ ဖိလစ်ပိုင်နိုင်ငံတွင် အသုံးပြုလျက်ရှိသည့် ယာဉ်မောင်းလိုင်စင် (၃) မျိုးမှာ Student Permit၊ Non-Professional Driver's License နှင့် Professional Driver's License တို့ဖြစ်ပါသည်။ Non-Professional Driver's License နှင့် Professional Driver's License လျှောက်ထားလိုသူတိုင်း Student Permit ကို ရယူထားရမည်။ Student Permit ကို အသက် (၁၆) နှစ်ပြည့်ပြီးသူတိုင်း ကိုင်ဆောင်နိုင်ပြီး သက်တမ်းမှာ (၁) နှစ်ဖြစ်ပါသည်။ Student Permit သည် ရေးဖြေစာမေးပွဲနှင့် လက်တွေ့ယာဉ်မောင်းစာမေးပွဲများမဖြေဆိုမီ တစ်နှစ်အတွင်း ယာဉ်မောင်းနှင်ပုံကို လေ့လာနိုင်မည်ဖြစ်ပါသည်။ Student Permit သက်တမ်း (၁) လပြည့်ပါက Non-Professional Driver's License ကို လျှောက်ထားနိုင်ပြီး Non-Professional Driver's License သက်တမ်း (၆) လပြည့်ပါက Professional Driver's License ကို Land Transportation Office(LTO)တွင်လျှောက်ထားနိုင်သည်။ Non-Professional Driver's License ကို အသက်(၁၇)နှစ်ပြည့်လျှင်လျှောက်ထားနိုင်ပြီး ရေးဖြေနှင့်လက်တွေ့ ယာဉ်မောင်းစာမေးပွဲများ ဖြေဆိုရမည်ဖြစ်ပြီး သက်တမ်း မှာ (၅) နှစ်ဖြစ်ပါသည်။

၂။ Non-Professional Driver's License ရရှိရန်အတွက် Land Transportation Office (LTO) နှင့် TESDA-Certified Driving School မှ သင်ကြားသော လက်တွေ့ယာဉ်မောင်းသင်ခန်းစာ (၈) နာရီကို တက်ရောက်ပြီးစီးရမည်။ အဆိုပါလက်တွေ့ယာဉ်မောင်းသင်ခန်းစာတွင် အောက်ပါကိစ္စရပ်များအား သင်ကြားပေးပါသည်-

(က) Start and Stop (စတင်မောင်းနှင်ခြင်းနှင့်ရပ်နားခြင်း)၊

(ခ) Parking (ပါကင်ထိုးခြင်း)၊

(ဂ) Road Crossing and Light Traffic (လမ်းမပေါ်နှင့်မီးပွိုင့်တွင်မောင်းနှင်ခြင်း)၊

(ဃ) Backing and Turning (နောက်ဆုတ်ခြင်းနှင့်ကွေ့ခြင်း)၊

(င) Maneuvering (ကိုင်တွယ်ထိန်းကျောင်းခြင်း)၊

(စ) Highway Driving (အမြန်လမ်းတွင်မောင်းနှင်ခြင်း)၊

(ဆ) Garage Driving (ဂိုထောင်အတွင်းပါကင်ထိုးခြင်း)၊

(ဇ) Night Driving (ညဘက်မောင်းနှင်ခြင်း)၊

(ဈ) Heavy Traffic (ယာဉ်ကြောပိတ်ဆို့စဉ်မောင်းနှင်ခြင်း)။

၃။ ရေးဖြေစာမေးပွဲအား ကွန်ပျူတာစနစ်ဖြင့် ကျင်းပပြီး အမှတ် (၆၀) မှတ်ဖိုး ဖြေဆိုရမည် ဖြစ်ကာ အောင်မှတ်မှာ (၄၈) မှတ်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါခေါင်းစဉ်များ ပါဝင် ပါသည်-

(က) Emergency Situations (အရေးပေါ်အခြေအနေများ)၊

(ခ) Handling and Driving (ကိုင်တွယ်ခြင်းနှင့် မောင်းနှင်ခြင်း)၊

(ဂ) General Information (အထွေထွေသတင်းအချက်အလက်များ)၊

(ဃ) Parking Rules and Restrictions (ပါကင်စည်းမျဉ်းစည်းကမ်းများနှင့် တားမြစ်ချက်များ)၊

(င) Penalties and Violations (ပြစ်ဒဏ်များနှင့် စည်းကမ်းဖောက်ဖျက်မှုများ)၊

(စ) Road Positioning (လမ်းအနေအထားများ)၊

(ဆ) Signs and Markings (လမ်းညွှန်းလမ်းအမှတ်အသားများ)။

၄။ လက်တွေ့ယာဉ်မောင်းစစ်ဆေးခြင်းအား Land Transportation Office(LTO)မှ (၈)နာရီခန့် သင်ကြားသောလက်တွေ့ယာဉ်မောင်းသင်ခန်းစာတွင်ပါဝင်သည့်လက်တွေ့မောင်းနှင်ခြင်းနည်းလမ်း အားလုံးကို စစ်ဆေးပြီး အမှတ် (၁၀၀) တွင် အနည်းဆုံးအမှတ် (၇၀) ရရှိမှ စာမေးပွဲအောင်မည် ဖြစ်ပါသည်။ ယာဉ်မောင်းစစ်ဆေးခြင်း၏ စည်းမျဉ်းစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ် ပါသည်-

(က) ရေးဖြေနှင့်လက်တွေ့စာမေးပွဲ (၁) ခါကျရှုံးပါက (၁) လအတွင်း ပြန်လည်ဖြေဆို၍ မရခြင်း၊

(ခ) ရေးဖြေနှင့်လက်တွေ့စာမေးပွဲ (၂) ခါကျရှုံးပါက (၁) နှစ်အတွင်း ပြန်လည်ဖြေဆို၍ မရခြင်း၊

(ဂ) ရေးဖြေနှင့်လက်တွေ့စာမေးပွဲ (၃) ခါကျရှုံးပါက (၂) နှစ်အတွင်းပြန်လည်ဖြေဆို၍ မရခြင်း။

# ထိုင်းနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ ထိုင်းနိုင်ငံတွင် မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်မောင်းနှင်ရန်အတွက် အနည်းဆုံး အသက်(၁၈)နှစ်ပြည့်မီသူဖြစ်ရပါမည်။ သို့သော်အခြေအနေတစ်ခုခုကြောင့် (တစ်နည်းအားဖြင့် နယ်မြို့များတွင် အများပြည်သူသုံးသယ်ယူပို့ဆောင်မှုစနစ်ခက်ခဲပါက) မော်တော်ဆိုင်ကယ် မောင်းနှင်နိုင်ရန်အတွက် အသက်(၁၅)နှစ် ပြည့်ပြီးသူများအားလိုင်စင်ထုတ်ပေးလျက်ရှိပါသည်။ ယာဉ်မောင်းလိုင်စင်များကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်းလမ်းသယ်ယူပို့ဆောင် ရေးဌာနက ထုတ်ပေးဆောင်ရွက်လျက်ရှိပါသည်။

**<u>ယာဉ်မောင်းလိုင်စင်အမျိုးအစားများ</u>**

၂။ ထိုင်းနိုင်ငံ၏ ၁၉၇၉ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဥပဒေအရ အသုံးပြုလျက်ရှိသော ယာဉ်မောင်းလိုင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လိုင်စင်အမျိုးအစား | အသက်သတ်မှတ်ချက် | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|
| ၁။ | Class 1<br>(A1 or P1) | A1 အတွက် အသက် (၂၂)နှစ်ပြည့်ပြီးသူ။<br>P1အတွက် အသက် (၁၈)နှစ် ပြည့်ပြီးသူ။ | ကုန်စည်နှင့်ယာဉ် စုစုပေါင်းအလေးချိန် (၃၅၀၀) kg အထိတင်ဆောင်နိုင်သောယာဉ် (သို့မဟုတ်) ခရီးသည် (၂၀) ဦးအထိတင်ဆောင်နိုင်သည့် ယာဉ်များ (ဥပမာ-Mini Bus နှင့် Van) ၊ နောက်ချိတ်ဆွဲယာဉ်များမပါရှိရပါ။ |
| ၂။ | Class 2 (A2 or P2) | A2 အတွက် အသက် (၂၂)နှစ် ပြည့်ပြီးသူ။<br>P2အတွက် အသက် (၂၀) နှစ် ပြည့်ပြီးသူ။ | Class 1 ပါ ယာဥ်အမျိုးအစားများ။ သို့သော် အလေးချိန်နှင့် တင်အားကန့်သတ်ထားခြင်းမရှိပါ။ (ဥပမာ။ ဘတ်ကားကြီးများနှင့် အဝေးပြေး ခရီးသည်တင်ယာဥ်ကြီးများ စသည်)။ |
| ၃။ | Class 3 (A3 or P3) | A3 အတွက် အသက် (၂၂)နှစ်ပြည့်ပြီးသူ။<br>P3 အတွက် အသက် (၂၀)နှစ် ပြည့်ပြီးသူ။ | နောက်ချိတ်ဆွဲယာဉ်များနှင့် Class 2 ပါ ယာဉ်အမျိုးအစားအားလုံး။ |

| စဉ် | လိုင်စင်အမျိုးအစား | အသက်သတ်မှတ်ချက် | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|
| ၄။ | Class 4 (A4 or P4) | A4 အတွက် အသက် (၂၅)နှစ်ပြည့်ပြီးသူ။ P4 အတွက် အသက် (၂၅)နှစ် ပြည့်ပြီးသူ။ | ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများတင်ဆောင်သည့် ယာဉ်များနှင့် Class 3 ယာဉ်များအားလုံး။ |
| **မှတ်ချက်** | | - မော်တော်ယာဉ်မောင်းနှင်ရန်အတွက် ပထမဦးစွာ "သင်"မောင်းလိုင်စင်ရယူရမည် ဖြစ်ပါသည်။<br>- "သင်" မောင်းသက်တမ်း(၂)နှစ်ရှိပါက ကိုင်ဆောင်လိုသည့် ယာဉ်မောင်းလိုင်စင်အား လျှောက်ထားနိုင်သည်။<br>- ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင် သက်တမ်း(၅)နှစ် (ရဲပြစ်မှုမှတ်တမ်း မလို)။<br>- အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး ယာဉ်မောင်းလိုင်စင် သက်တမ်း (၃)နှစ်(ရဲပြစ်မှုမှတ်တမ်းလို)။ | |

**<u>ယာဉ်မောင်းလိုင်စင်ရယူရန် စစ်ဆေးခြင်း</u>**

၄။ ထိုင်းနိုင်ငံတွင်ယာဉ်မောင်းလိုင်စင် ရယူရန်အတွက် Physical Test ၊ Theory Test နှင့် Driving Test စစ်ဆေးမှုများကို ဖြေဆိုရပါသည်-

(က) Physical Test တွင် တုန့်ပြန်မှုစစ်ဆေးခြင်း (Reaction Test)၊ ဘယ်/ညာမြင်နိုင်သည့်မြင်ကွင်းများအပေါ် ယာဉ်မောင်းနှင်သူ၏ အယူအဆ (Wide Angle Perception)၊ ဦးတည်ချက်တူ သွားလာနေသည့် လမ်းကြောင်းပေါ်ရှိမြင်ကွင်းအပေါ် ယာဉ်မောင်းနှင်သူ၏အယူအဆ (Depth Perception)နှင့် အရောင်ခွဲခြားစစ်ဆေးမှု(Colour Blindness Test) တို့ပါဝင်ပါသည်။

(ခ) Theory Testတွင် Physical Test အောင်မြင်ပါက ယာဉ်မောင်းကျင့်ဝတ်၊ ဘေးအန္တရာယ် ကင်းရှင်းစွာမောင်းနှင်မှုတို့ကိုဥပဒေ၊ နည်းဥပဒေများနှင့်အညီ (၅) နာရီကြာမြင့်သည့် စာတွေ့သင်တန်း(၁)ရက်ကိုလည်းကောင်း၊ ယာဉ်ကြီးမောင်းလိုသူများအတွက် အဆိုပါစာတွေ့သင်တန်းအား (၂)ရက်ကိုလည်းကောင်း တက်ရောက်

ရမည် ဖြစ်ပါသည်။ ထိုသို့သင်တန်းတက်ရောက်ပြီးပါက မေးခွန်း(၅၀) ပါ စာတွေ့စစ်ဆေးခြင်းကိုခံယူရမည်ဖြစ်ပြီး အနည်းဆုံး (၄၅) ခုကို ဖြေဆိုနိုင်မှသာ စာတွေ့စစ်ဆေးမှုအောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါ စာတွေ့စစ်ဆေးမှုအား ကျရှုံးပါက နောက်တစ်ကြိမ် ပြန်လည် ဖြေဆိုရမည်ဖြစ်ပါသည်။

(ဂ) Driving Test တွင် Theory Test အောင်မြင်ပြီးသူများသည် မော်တော်ယာဉ်အတွက် လက်တွေ့မောင်းနှင်မှုစစ်ဆေးသည့် နည်းလမ်း(၇) ခုမှ (၃)ခု အား လည်းကောင်း၊ မော်တော်ဆိုင်ကယ်အတွက် (၅) ခုမှ (၃) ခု အားလည်းကောင်း ရွေးချယ်စစ်ဆေးခံယူရမည် ဖြစ်ပါသည်။

(ဃ) မော်တော်ယာဉ်အတွက် လက်တွေ့မောင်းနှင်မှုစစ်ဆေးသည့် နည်းလမ်း(၇)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပလက်ဖောင်းနှင့်အပြိုင် ယာဉ်ရပ်နားခြင်း (ပလက်ဖောင်းနှင့် ယာဉ်၏ဘယ် ဘက်ဘီးသည် (၂၅) စင်တီမီတာအတွင်းရှိရမည်)၊

(၂) လမ်းကျဉ်းတွင် ရှေ့တိုး/နောက်ဆုတ် ပြုလုပ်ခြင်း၊

(၃) စည်းအတွင်းသို့ နောက်ပြန် ယာဉ်ရပ်နားခြင်း၊

(၄) ကုန်းတက်/ဆင်းတွင် ယာဉ်ရပ်နားခြင်းနှင့် စတင်ထွက်ခွာခြင်း(Auto ယာဉ်များမပါ)၊

(၅) သတ်မှတ်ထားသည့်နေရာတွင် “ဂ”ကွေ့ ကွေ့ခြင်း၊

(၆) သတ်မှတ်ထားသည့်နေရာများတွင် ဘယ်/ညာကွေ့ခြင်း၊

(၇) ညွှန်ကြားထားသည့် လမ်းညွှန်းများနှင့်အညီမောင်းနှင်ခြင်း၊

(င) မော်တော်ဆိုင်ကယ်အတွက် လက်တွေ့မောင်းနှင်မှုစစ်ဆေးသည့် နည်းလမ်း (၅)ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ညွှန်ကြားထားသည့် လမ်းညွှန်းများနှင့်အညီမောင်းနှင်ခြင်း၊

(၂) လမ်းကျဉ်းအတွင်း မောင်းနှင်ခြင်း၊

(၃) “Z” ပုံစံလမ်းကြောင်းတွင် မောင်းနှင်ခြင်း၊

(၄) “S” ပုံစံလမ်းကြောင်းတွင် မောင်းနှင်ခြင်း၊

(၅) သတ်မှတ်ထားသည့် ယာဉ်မောင်းစစ်ကွင်းအတွင်းမောင်းနှင်ခြင်း။

## ဗီယက်နမ်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

**<u>ယာဉ်မောင်းလိုင်စင်အမျိုးအစားများ</u>**


၁။ ဗီယက်နမ်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်အမျိုးအစားများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လိုင်စင်အမျိုးအစား | အသက် သတ်မှတ်ချက် | လိုင်စင် သက်တမ်း | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|---|
| ၁။ | Class A1 | အသက်(၁၈) နှစ် ပြည့်ပြီးသူများ။ | - | - စက်စွမ်းအင် (၅၀)CC နှင့် (၁၇၅) CC အတွင်းရှိသည့် နှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များ။<br>- မသန်စွမ်းသူများ အသုံးပြုသည့် ယာဉ်များ။ |
| ၂။ | Class A2 | အသက်(၁၈)နှစ် ပြည့်ပြီးသူများ။ | - | စက်စွမ်းအင် (၁၇၅)CCနှင့် အထက် နှစ်ဘီးတပ်မော်တော်ဆိုင်ကယ်များ နှင့် A1 အမျိုးအစားပါ မော်တော် ယာဉ်များ။ |
| ၃။ | Class A3 | အသက်(၁၈)နှစ် ပြည့်ပြီးသူများ။ | - | သုံးဘီးတပ်မော်တော်ဆိုင်ကယ်များ နှင့် A1 အမျိုးအစားပါ မော်တော် ယာဉ်များ။ |
| ၄။ | Class A4 | အသက်(၁၈)နှစ် ပြည့်ပြီးသူများ။ | (၁၀)နှစ် | အလေးချိန် (၁၀၀၀) kg အထိရှိ သော ထရက်တာအသေးများ။ |
| ၅။ | Class B1 | အသက်(၁၈) နှစ် ပြည့်ပြီးသူများ | အငြိမ်းစား ယူသည့် အသက် အရွယ် အထိ | အလေးချိန် (၃၅၀၀) kg အောက် ရှိသည့် ကုန်တင်ယာဉ်များ၊ ထရက် တာများ၊ ခရီးသည် (၉) ဦးအထိ မော်တော်ယာဉ်ငယ်များ (လုပ်ငန်း သုံးမဟုတ်သောယာဉ်များ)။ |

| စဉ် | လိုင်စင်အမျိုးအစား | အသက် သတ်မှတ်ချက် | လိုင်စင် သက်တမ်း | မောင်းနှင်ခွင့်ရှိသည့် ယာဉ်အမျိုးအစား |
|---|---|---|---|---|
| ၆။ | Class B2 | အသက်(၁၈)နှစ် ပြည့်ပြီးသူများ။ | (၁၀)နှစ် | B1 မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်များအားလုံး (လုပ်ငန်းသုံး)။ |
| ၇။ | Class C | အသက်(၂၁) နှစ် ပြည့်ပြီးသူ | (၅)နှစ် | (၃၅၀၀)kg နှင့်အထက်ရှိသော ကုန်တင်ယာဉ်နှင့် B2 ပါ ယာဉ်အမျိုးအစားများ။ |
| ၈။ | Class D | အသက်(၂၄) နှစ်ပြည့်ပြီးသူ | | Class C ပါယာဉ်အမျိုးအစားများနှင့် ခရီးသည် (၁၀) ဦးမှ (၃၂) ဦးအထိ တင်ဆောင်နိုင်သည့် ခရီးသည်တင်ယာဉ်များ။ |
| ၉။ | Class E | အသက်(၂၇) နှစ်ပြည့်ပြီးသူ | (၅)နှစ် | class B1၊ B2 ၊ C နှင့် D ပါ ယာဉ်အမျိုးအစားများနှင့် ခရီးသည်(၃၀) ဦးအထက် တင်ဆောင်နိုင်သည့် ခရီးသည်တင်ယာဉ်များ။ |
| ၁၀။ | Class F | အသက်(၂၇) နှစ်ပြည့်ပြီးသူ။ | (၅)နှစ် | Class B2၊ C၊ D နှင့် Eပါ ယာဉ်များ ၊ အဆိုပါ ယာဉ်အမျိုးအစားများ၊ အဆိုပါ ယာဉ်များအား (၇၅၀) kg နှင့် အထက်ရှိသော နောက်တွဲယာဉ်ချိတ်ဆက်၍ မောင်းနှင်နိုင်သည့်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ။ |

## ယာဉ်မောင်းလိုင်စင်စာတွေ့နှင့် လက်တွေ့ဖြေဆိုခြင်း

၂။ A1 ယာဉ်မောင်းလိုင်စင်အတွက် မေးခွန်း(၂၀) အား မိနစ်(၂၀)အတွင်း ဖြေဆိုရမည်ဖြစ်ပြီး (၁၆) ခုအားဖြေဆိုနိုင်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါ မေးခွန်း(၂၀) ဖြေဆိုနိုင်ရန် အတွက် မေးခွန်း(၁၅၀) အား လေ့ကျင့်ထားရမည်ဖြစ်ပါသည်။ လက်တွေ့မောင်းနှင်မှုအနေဖြင့် အင်္ဂလိပ်ဂဏန်း "8" ပုံသဏ္ဌာန်ရှိသောလမ်း၊ လမ်းဖြောင့်၊ လမ်းကွေးနှင့် လမ်းကြမ်းတို့အား အောက်ဖော်ပြပါပုံအတိုင်း လက်တွေ့မောင်းနှင် ဖြေဆိုရမည်ဖြစ်ပါသည်။




**A1-A3ယာဉ်မောင်းလိုင်စင်အတွက် လက်တွေ့မောင်းနှင်ရမည့် လမ်းကြောင်းပုံစံ**

၃။ B2 ယာဉ်မောင်းလိုင်စင်အတွက် မေးခွန်း(၆၀၀) အား လေ့လာထားရမည်ဖြစ်၍ (၂၀)မိနစ် အတွင်း မေးခွန်း(၃၆)ခုဖြေဆိုရမည်ဖြစ်ပြီး (၃၂) ခုဖြေဆိုနိုင်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ လက်တွေ့မောင်းနှင်မှုအနေဖြင့် လူကူးမျဉ်းကျား၊ လျှောစောက်၊ အင်္ဂလိပ်အက္ခရာ "Z"ပုံသဏ္ဌာန်၊ လမ်းဆုံ၊ အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန်၊ ယာဉ်ရပ်နားခြင်း (Parking)၊ ရထားလမ်းကူး၊ အရှိန်

နှုန်းသတ်မှတ်ချက်ဖြင့်မောင်းနှင်ခြင်း၊ အပြိုင်ယာဉ်ရပ်နားခြင်း (Parallel Parking) စသည့်နေရာများတွင် မောင်းနှင်ခြင်းများအား အောက်ဖော်ပြပါအတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။




**B2 – F ယာဉ်မောင်းလိုင်စင်အတွက် လက်တွေ့မောင်းနှင်ရမည့် လမ်းကြောင်းပုံစံ**

## ဩစတေးလျနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ ဩစတေးလျနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရှိရန် စစ်ဆေးမှု (၃) ခုအား ကျော်ဖြတ်ရပါမည်။ ၎င်းတို့မှာ-

(က) Driver Knowledge Test (DKT) (ယာဉ်မောင်းသူများ သိရှိရမည့်ဗဟုသုတများ (သီအိုရီ)ကို စစ်ဆေးခြင်း

(၁) DKT စစ်ဆေးမှုသည် ယာဉ်မောင်းလိုင်စင်ရရှိရန် ပထမဦးဆုံးဖြေဆိုရမည့် စစ်ဆေးမှုဖြစ်ပြီး သီအိုရီကိုအခြေခံထားပါသည်။ ထိုစစ်ဆေးမှုတွင် Multiple Type Question များပါဝင်ပါသည်။ အဆိုပါ DKT စစ်ဆေးမှုအောင်မြင်ပါက သင်မောင်းလိုင်စင် (Learner’s Permit) ကို ရရှိမည်ဖြစ်သည်။

( ခ ) Hazard Perception Test (အန္တရာယ်အခြေအနေများကြုံလာပါက မည်သို့တုံ့ပြန်ကြောင်း စစ်ဆေးခြင်း)

(၁) ထိုစစ်ဆေးချက်သည် Touch Screen စစ်ဆေးချက်ဖြစ်ပြီး မောင်းနှင်နေစဉ်အတွင်း အန္တရာယ်ရှိသောအခြေအနေများနှင့် ဖြစ်နိုင်ခြေများကို ကြုံတွေ့လာစဉ် ဖြေရှင်းနိုင်မှုစွမ်းရည်ကို စစ်ဆေးရုံသာမက မည်သို့တုံ့ပြန်မည်ကိုပါ စစ်ဆေးသောစစ်ဆေးချက်ဖြစ်သည်။

( ဂ ) Practical Driving Assessment (လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း)

(၁) ထိုစစ်ဆေးချက်သည် ဖြေဆိုသူများအတွက် အရေးကြီးသည့်စစ်ဆေးချက်အသေးစိတ်များပါဝင်ပြီး ယေဘုယျမောင်းနှင်နိုင်စွမ်း၊ စူးစမ်းနိုင်မှုစွမ်းရည်၊ စိတ်သဘောထား၊ အန္တရာယ်အခက်အခဲများအား ဖြေရှင်းနိုင်စွမ်း၊ Parking Skill နှင့် အခြားသောစွမ်းရည်များကို စစ်ဆေးခြင်းပင်ဖြစ်ပါသည်။ မောင်းနှင်ရာ၌ အသုံးပြုမည့် မော်တော်ယာဉ်သည် လမ်းပေါ်တွင် မောင်းနှင်ရန် သင့်လျော်ရမည်။ ကြီးကြပ်စစ်ဆေးသူကလည်း လာရောက်ဖြေဆိုသူများ၏ ကားမောင်းစွမ်းရည်၊ ဆုံးဖြတ်နိုင်စွမ်း၊ အခြားသောလမ်းအသုံးပြုသူများ

အပေါ် ဂရုပြုနိုင်စွမ်းနှင့် လမ်းကိုမည်ကဲ့သို့ မျှဝေအသုံးပြုနိုင်သည်ကို ဘေးမှ လိုက်ပါအကဲဖြတ်မည်ဖြစ်ပါသည်။

၂။ Driving Test သည် ဇုန် (၂၅) ခုကျော် သတ်မှတ်ထားသော စစ်ဆေးချက်တစ်ခုဖြစ်ပြီး စမ်းသပ်စစ်ဆေးရေးအရာရှိတစ်ဦးသည် မောင်းနှင်မှုကို ညွှန်ကြားရန်နှင့် စစ်ဆေးမှုရမှတ်စာရွက်ပေါ်တွင် စွမ်းဆောင်ရည်ကို မှတ်တမ်းတင်ရန် ဖြေဆိုသူနှင့်အတူ ကားထဲတွင်ရှိနေမည်ဖြစ်သည်။ အခြေအနေအမျိုးမျိုးတွင် အန္တရာယ်နည်းပါးစွာ မောင်းနှင်ပြသနိုင်ခြင်းအတွက် အမှတ်ပေးထားခြင်းဖြစ်သည်။ ထိုစစ်ဆေးချက်တွင် အဓိကစွမ်းဆောင်ရည်ဖော်ပြချက် (၅) ခုကို အမှတ်ပေးထားပါသည်။

(က) Speed Management (အမြန်နှုန်းထိန်းသိမ်းတတ်ခြင်း)၊

( ခ ) Road Positioning (လမ်းပေါ်၌နေရာချထားခြင်း)၊

( ဂ ) Decision Making (ဆုံးဖြတ်ချက်ချနိုင်ခြင်း)၊

(ဃ) Responding to Hazard (အန္တရာယ်အခြေအနေများကို တုံ့ပြန်နိုင်ခြင်း)၊

( င ) Vehicle Control (ယာဉ်ကိုထိန်းချုပ်နိုင်ခြင်း)။

၃။ စစ်ဆေးခြင်းမစတင်မီ စမ်းသပ်စစ်ဆေးရေးအရာရှိမှ မောင်းနှင်မည့်ယာဉ်သည် အသုံးပြုရန်သင့်လျော်ပြီး ဘေးကင်းကြောင်းစစ်ဆေးမည်။ စောင့်ကြည့်ရေးအရာရှိတစ်ဦးသည် စစ်ဆေးမှုတွင် ပါဝင်ပြီး ၎င်း၏အလုပ်မှာ စမ်းသပ်စစ်ဆေးရေးအရာရှိကို စောင့်ကြည့်ရန်နှင့် စစ်ဆေးမှုများအား မှန်ကန်စွာလုပ်ဆောင်ကြောင်း သေချာစေရန်ဖြစ်သည်။ စမ်းသပ်စစ်ဆေးရေးအရာရှိနှင့် စောင့်ကြည့်စစ်ဆေးရေးအရာရှိတို့မှလွဲ၍ အခြားမည်သူမျှ စစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း ဖြေဆိုသူနှင့်အတူ လိုက်ပါခွင့်မရှိပါ။

၄။ လာရောက်ဖြေဆိုသူသည် အရက် (သို့မဟုတ်) မူးယစ်ဆေးဝါးသုံးစွဲသည်ဟု သံသယရှိပါက စမ်းသပ်စစ်ဆေးမှုကို ဖျက်သိမ်းမည့်အပြင် ပေးဆောင်ထားသည့် ငွေကြေးများကိုလဲ ပြန်အမ်းမည်မဟုတ်ပါ။ လာဘ်ပေးလာဘ်ယူကမ်းလှမ်းမှု (သို့မဟုတ်) စစ်ဆေးရေးအရာရှိအပေါ် သြဇာလွှမ်းမိုးရန်ကြိုးစားပါက စစ်ဆေးမှုကို ရပ်တန့်မည့်အပြင် လာဘ်ထိုးမှုဖြင့် တရားစွဲခံရမည်ဖြစ်ပါသည်။

## တရုတ်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ တရုတ်နိုင်ငံ၌ (ဟောင်ကောင်နှင့်မကာအိုမပါ) ယာဉ်မောင်းလိုင်စင်ရရှိရန် “ယာဉ်သွားလာမှုဆိုင်ရာ ကြီးကြပ်စစ်ဆေးရေးဌာန” ၏ စစ်ဆေးမှု (၃) ခုကို ဖြေဆိုရမည်ဖြစ်ပါသည်။ စစ်ဆေးချက်တွင် ဖြေဆိုမည့်အကြောင်းအရာများ၊ အရည်အချင်းသတ်မှတ်ချက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(က) Theory Test (ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်ဆက်နွယ်သောဗဟုသုတများကိုစစ်ဆေးခြင်း)၊

( ခ ) Stake Test (Field Driving Skill Test) (လေ့ကျင့်ကွင်းတွင် မောင်းနှင်စစ်ဆေးခြင်း)၊

( ဂ ) Road Test (လမ်းမပေါ်တွင် မောင်းနှင်မှုကိုစစ်ဆေးခြင်းနှင့် ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်ရေးအတွက် ယာဉ်မောင်းတစ်ဦး၏မူလစိတ်အခြေခံကိုစစ်ဆေးခြင်း) တို့ဖြစ်ပါသည်။

၂။ Theory Test တွင် Multiple Choice နှင့် True/ False မေးခွန်း (၁၀၀) ပါဝင်ပြီး ဝင်ရောက်ဖြေဆိုသူများသည် မေးခွန်း (၉၀) ကို မှန်အောင်ဖြေဆိုနိုင်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ သတ်မှတ်ချိန် (၄၅) မိနစ်သတ်မှတ်ထားပြီး မေးခွန်းလွှာအားလုံးမှာ ဝန်ကြီးဌာနက ထုတ်ပြန်ကြေငြာထားသောယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုနားလည်စေရန် ရည်ရွယ်၍ စစ်ဆေးခြင်းဖြစ်ပါသည်။ ပထမအကြိမ်ကျရှုံးပြီး အချိန်ရရှိလျှင် ဒုတိယအကြိမ်ကို ချက်ချင်းပင် ထပ်မံဖြေဆိုနိုင်ပါသည်။ နှစ်ကြိမ်ကျရှုံးခဲ့လျှင် ထပ်မံဖြေဆိုရန် ရက် (၃၀) စောင့်ရမည်ဖြစ်ပါသည်။ Theory Test ဖြေဆိုအောင်မြင်ပြီးနောက် စမ်းသပ်ချက်ဖြေဆိုခြင်းအတွက် သင်မောင်းသင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဖြစ်သည်။

၃။ Field Driving Skill Test တွင် ကွင်းပြင်ပေါ်၌ လုပ်ဆောင်ချက်အမျိုးမျိုးကို မောင်းနှင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ခရီးသည်တင်ဆောင်ထားသော မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များမောင်းနှင်ခြင်းသည် အိမ်စီးယာဉ်များမောင်းနှင်ခြင်းထက် ယာဉ်မောင်းနှင်သူများအတွက်

ပိုမိုအန္တရာယ်များပြီး ထိုအမျိုးအစားများအတွက် စစ်ဆေးခြင်းတွင် လုပ်ဆောင်ချက် ပိုမိုပါဝင်နိုင်သည်။ လုပ်ဆောင်ချက်အမျိုးမျိုးတွင် -

(က) Ramp Stop and Start (Slow down ပေါ်တွင်မောင်းနှင်ခြင်း)၊

( ခ ) Parallel Parking (မျဉ်းပြိုင်ရပ်နားခြင်း)၊

( ဂ ) Curve Driving (ကွေ့ကောက်မောင်းနှင်ခြင်း)၊

(ဃ) Right Angle Turn (ထောင့်မှန်ပုံစံကွေ့ခြင်း)စသည့်စစ်ဆေးချက်များပါဝင်သည်။

၄။ Road Driving Test တွင် လျှောက်ထားသူများသည် လမ်းမကြီးများပေါ်ရှိ သတ်မှတ်ထားသောလမ်းကြောင်းတစ်လျှောက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးမှုပြီးဆုံးအောင် မောင်းနှင်ရမည်ဖြစ်သည်။ စစ်ဆေးနေစဉ်အတောအတွင်း မောင်းနှင်သူ၏ပြုမူမောင်းနှင်ပုံကို အကဲဖြတ်ရန် ယာဉ်မောင်းစစ်ဆေးသူတစ်ဦးပါရှိမည်ဖြစ်ပါသည်။ ထိုစစ်ဆေးခြင်းတွင် ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်ရန် လိုအပ်ချက်များ၊ ရှုပ်ထွေးသောလမ်းအခြေအနေနှင့် ဆိုးဝါးသောရာသီဥတုတွင် လုံခြုံစွာမောင်းနှင်နိုင်ရန်ဗဟုသုတများ၊ အရေးပေါ်ဖြေရှင်းသောနည်းလမ်းများနှင့် ယာဉ်မတော်တဆမှုများမှ လွတ်မြောက်ရန် ဗဟုသုတများစသည့်အကြောင်းအရာများပါဝင်သည်။ လာရောက်လျှောက်ထားသူသည် စစ်ဆေးချက်အားလုံးကိုပြီးမြောက်အောင် ဖြေဆိုအောင်မြင်မှသာ လိုင်စင်ရရှိမည်ဖြစ်ပါသည်။

၅။ ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်ရေးအတွက် စိတ်အခြေအနေစစ်ဆေးခြင်းသည် Road Driving Test ၏ စာတွေ့စစ်ဆေးခြင်းစစ်ဆေးချက်တစ်ခုဖြစ်သည်။ ထို့နောက်ဘေးကင်း လုံခြုံစွာမောင်းနှင်နိုင်ရေးအတွက် စာတွေ့စစ်ဆေးခြင်းအပိုင်းတွင် Multiple Choice နှင့် True/False Question (၅၀) ခုပါဝင်ပြီးတစ်ခုလျှင် (၂) မှတ်ပေးထားပြီး အမှတ် (၉၀) ရလျှင် အောင်မြင်နိုင်မည်ဖြစ်သည်။

# အိန္ဒိယနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ အိန္ဒိယနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရှိရန် သီအိုရီစစ်ဆေးခြင်းနှင့် လက်တွေ့မောင်းနှင်ခြင်းဆန်းစစ်ချက်တို့ကို ဖြေဆိုရမည်။ ပထမဦးစွာ စစ်ဆေးမှုမလုပ်ခင် လိုအပ်သည့် စာရွက်စာတမ်းများနှင့်တကွ Online Booking တင်ရပါမည်။ Booking ကတ်ပြားရရှိသည်နှင့် သက်ဆိုင်ရာဌာနသို့ သတ်မှတ်ချိန်အတွင်း စစ်ဆေးချက်သွားရောက်ဖြေဆိုရမည်။ လက်တွေ့မောင်းနှင်ခြင်းဆန်းစစ်ချက်တွင် RTO (Regional Transport Office) မှ ကြီးကြပ်စစ်ဆေးသူတစ်ဦးထားရှိပြီး ဖြေဆိုသူသည် သတ်မှတ်ထားသော မောင်းနှင်ရေးလမ်းကြောင်းတစ်လျှောက်မောင်းနှင်ပြရပါမည်။ ယေဘုယျမောင်းနှင်နိုင်စွမ်း၊ စည်းမျဉ်းစည်းကမ်းများကို ကောင်းစွာလိုက်နာနိုင်စွမ်းစသည့် သက်ဆိုင်ရာအသိပညာဗဟုသုတများကို စစ်ဆေးခြင်းပင်ဖြစ်ပါသည်။

**<u>ဝန်ပေါ့မော်တော်ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်း</u>**

၂။ မော်တော်ကားမောင်းနှင်သူများအနေဖြင့် အောက်ဖော်ပြပါယာဉ်မောင်းအရည်အချင်းများအတွက် စစ်ဆေးခံရမည်ဖြစ်သည်-

(က) မျဉ်းပြိုင် Parking ထိုးနိုင်ခြင်း ၊

( ခ ) “8” ပုံစံလမ်းကြောင်းအတိုင်း ရှေ့သို့ မောင်းနှင်ခြင်း ၊

( ဂ ) “ကုန်းတက်” ရှိသော လမ်းကြောင်းပေါ်တွင် နောက်ပြန်မလိမ့်စေဘဲရှေ့သို့ မောင်းနိုင်ခြင်း၊

(ဃ) “S” ပုံစံလမ်းကြောင်းတွင် နောက်ပြန်မောင်းနိုင်ခြင်း။

**<u>နှစ်ဘီးတပ်ယာဉ်မောင်းလိုင်စင် စစ်ဆေးခြင်းအဆင့်များ</u>**

၃။ လာရောက်ဖြေဆိုသူအနေဖြင့် သက်တမ်းရှိနေသောသင်မောင်းလိုင်စင်နှင့်အတူ ဌာနမှ သတ်မှတ်ထားသည့်အချိန်အတွင်း လာရောက်ပြီး စစ်ဆေးချက်အတွက် ပေးသွင်းထားသည့်ချလန် ယူဆောင်လာရမည်။ သတ်မှတ်ချိန်မတိုင်မီ ဖြေဆိုသူ၏ (ID)သင်မောင်းလိုင်စင်နှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းများကို မှတ်ပုံတင်ဌာနတွင် သတင်းပို့အတည်ပြုပြီးမှသာ ဖြေဆိုသူအား စစ်ဆေးမည့်နေရာသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။ ဖြေဆိုသူသည်မိမိအလှည့်ရောက်ရန် စစ်ဆေး

မောင်းနှင်မည့်ယာဉ်နှင့်အတူ စောင့်ဆိုင်းရမည်။ ထိုစစ်ဆေးချက်များတွင် “8” ပုံစံလမ်းကြောင်း အတိုင်း ရှေ့သို့မောင်းနှင်ရာတွင် ခြေထောက်ထောက်ခြင်းမပြုလုပ်ရပါ။ သတ်မှတ်အချိန်အတွင်း၌ ပြီးမြောက်ရပါမည်။

၄။ လမ်းကြောင်းပေါ်တွင် လမ်းညွှန်ပြသသည့် အချက်ပြမီးများရှိနေပြီး စစ်ဆေးမှုစတင် သည်နှင့် သက်ဆိုင်ရာအချက်ပြမီးများ အဆင့်ဆင့်လင်းလာမည်ဖြစ်သည်။ စစ်ဆေးမှုအား ဗီဒီယို မှတ်တမ်းတင်ထားပြီး ကွန်ပျူတာစနစ်ဖြင့် အလိုအလျောက်အမှတ်ပေးနေမည်ဖြစ်ပါသည်။

## ဂျပန်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ ဂျပန်နိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရန်အတွက် စာတွေ့စစ်ဆေးခြင်း(၂)ခုနှင့် လက်တွေ့စစ်ဆေးခြင်း(၂)ခုဖြေဆိုရပါသည်။ ပထမစစ်ဆေးချက် (၂)ခုမှာ အမောင်းသင်ရန်နှင့် လမ်းမများပေါ်တွင် အမှန်တကယ်မောင်းနှင်လေ့ကျင့်နိုင်ရန်ဖြစ်ပြီး နောက်ဆုံးစစ်ဆေးချက် (၂) ခုမှာ အမှန်တကယ် ယာဉ်မောင်းလိုင်စင်ရရန်အတွက်ဖြစ်သည်။ အမြင်နှင့်အကြားစစ်ဆေးမှုကို စစ်ဆေးမှုအစပိုင်းတွင် ပြုလုပ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအဆင့်များအတိုင်း စစ်ဆေးပါသည် -

အဆင့်(၁) - အရည်အချင်းစစ်ဆေးခြင်း၊

အဆင့်(၂) - အမောင်းသင်အတွက် ရေးဖြေစစ်ဆေးခြင်း (မေးခွန်း **၅၀** တွင် **၄၅** ပုဒ်မှန်ကန်ရမည်)၊

အဆင့်(၃) - အမောင်းသင်ပါမစ်အတွက်ယာဉ်မောင်းစစ်ဆေးခြင်း (အမှတ် **၁၀၀** တွင် **၇၀**မှတ်ရရမည်)၊

အဆင့်(၄)- မဖြစ်မနေသင်တန်းတက်ရမည် (အဆင့် **၈** မတိုင်မီနှင့် အဆင့် **၃** ပြီးနောက်တွင် ဘယ်အချိန်မဆို သင်တန်းတက်ရောက်ရမည်)၊

အဆင့်(၅) - ငါးရက်ကြာ လမ်းမပေါ်တွင် မောင်းနှင်ခြင်း (လိုင်စင်ရရှိရန်အတွက် မရှိမဖြစ်လိုအပ်သည်)၊

အဆင့်(၆) - ယာဉ်မောင်းလိုင်စင်အတွက်ရေးဖြေစစ်ဆေးခြင်း (အမှတ် **၁၀၀** တွင် **၉၀** မှတ်ရရမည်)၊

အဆင့်(၇) - ယာဉ်မောင်းလိုင်စင်အတွက်ယာဉ်မောင်းစမ်းသပ်ခြင်း (အမှတ်**၁၀၀** တွင် **၇၀** မှတ် ရရမည်)၊

အဆင့်(၈) - ယာဉ်မောင်းလိုင်စင်ရရှိခြင်း (ယာဉ်မောင်းစာမေးပွဲဖြေဆိုအောင်မြင်ပြီးသည့်နေ့တွင်)။

၂။ ဂျပန်နိုင်ငံတွင် Automated Driving System များအတွက် စစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်အား ဂျပန်နိုင်ငံမြေယာ၊ အဆောက်အဦ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလာ

ရေးဝန်ကြီးဌာန (MLIT) လက်အောက်ရှိ မော်တော်ယာဉ်ဘေးကင်းရေးနှင့် ယာဉ်ကြောင့်ဒုက္ခရောက်သူများကို အကူအညီပေးရေးအေဂျင်စီ (NASVA) က ဆောင်ရွက်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ကနဦးစစ်ဆေးခြင်း**

Automated Driving System ၏ ကနဦးစစ်ဆေးခြင်းတွင် ယာဉ်မောင်းသူ၏ အရေးပေါ် ဘရိတ်နှင့် စတီယာရင်ထိန်းချုပ်မှုအတွက် အခြေခံဘေးကင်းရေးလုပ်ဆောင်ချက်များကို စစ်ဆေးသည်။

( ခ ) **အနီးကပ်သင်တန်းပေးစစ်ဆေးခြင်း**

ယာဉ်မောင်းသူ၏ ADS သုံးပြီး လမ်းသွားလမ်းလာများ၊ အခြားယာဉ်များနှင့် အတားအဆီးများအပါအဝင် အမျိုးမျိုးသော ယာဉ်ကြောအခြေအနေများအပေါ် တုံ့ပြန်နိုင်စွမ်းကို အကဲဖြတ်သည်။

( ဂ ) **အများပြည်သူပိုင်လမ်းတွင်စစ်ဆေးခြင်း**

လက်တွေ့မောင်းနှင်သရုပ်ပြမှုကို အကဲဖြတ်ရန်အတွက် အမောင်းသင်ဆရာ၏ ကြီးကြပ်မှုဖြင့် အများပြည်သူပိုင်လမ်းပေါ်တွင် ယာဉ်မောင်း၏ ADS အသုံးပြုနိုင်မှုကို စစ်ဆေးသည်။

(ဃ) **နောက်ဆုံးအဆင့်စစ်ဆေးခြင်း**

MILT မှ ချမှတ်ထားသော လုံခြုံမှုအဆင့်အတန်းနှင့် လုပ်ဆောင်မှုစံချိန်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ အတည်ပြုရန်အတွက် Automated Driving System ဖြင့် နောက်ဆုံးအဆင့်စစ်ဆေးပါသည်။ အဆင့်ဆင့်စစ်ဆေးပြီးနောက်တွင် အများပြည်သူပိုင်လမ်းမများပေါ်တွင် မောင်းနှင်ရန် MLIT မှ အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးပါသည်။

## တရားဝင် (သို့) တရားဝင်မဟုတ်သောသင်တန်းကျောင်းများ

၃။ ယာဉ်အမောင်းသင် သင်တန်းကျောင်းအမျိုးအစား (၂) မျိုးရှိပါသည်။ ပြည်သူ့ဘေးအန္တရာယ်ကင်းရှင်းရေးကော်မရှင်မှ အသိအမှတ်ပြုထားသော တရားဝင်သင်တန်းကျောင်းများနှင့် ထိုကော်မရှင်မှ အသိအမှတ်မပြုထားသောသင်တန်းကျောင်းများဖြစ်ပါသည်။ သင်တန်းကျောင်းတစ်ခုချင်းစီတွင် ကောင်းကျိုးများနှင့်ဆိုးကျိုးများရှိပါသည်။ ထို့ကြောင့် မိမိ၏လိုအပ်ချက်များနှင့် ကိုက်ညီသောသင်တန်းကျောင်းကို ရွေးချယ်နိုင်ရန် အရေးကြီးပါသည်။

## တရားဝင်သင်တန်းကျောင်းများ

၄။ ပြည်သူ့ဘေးအန္တရာယ်ကင်းရှင်းရေးကော်မရှင်မှ အသိအမှတ်ပြုထားသော ထိုသင်တန်းကျောင်းများတွင် အောက်ပါအချက်များ ရှိရမည်ဖြစ်ပါသည် -

(က) အရည်အချင်းပြည့်ဝသော သင်တန်းပို့ချသူများ၊

(ခ) သင်ကြားရန်နေရာအလုံအလောက်ရှိခြင်း (သီအိုရီသင်ခန်းစာများအတွက် စာသင်ခန်းများအပြင် လက်တွေ့သင်တန်းများအတွက်လည်းပါဝင်သည်)၊

(ဂ) လမ်းစည်းကမ်းဥပဒေများနှင့်အညီ ပြင်ဆင်ထားသော စံချိန်စံနှုန်းများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ။

၅။ သင်တန်းကျောင်းသည် အစဉ်မပြတ်တိုးတက်နေသော ပညာရပ်ပိုင်းဆိုင်ရာနှင့် ယာဉ်မောင်းသင်ခန်းစာများပါဝင်သည့်အချိန်ဇယားဖြင့် လည်ပတ်နေပါသည်။ အမောင်းသင်လက်မှတ်နှင့် သင်တန်းကျောင်းမှ ဘွဲ့လက်မှတ်ရရန်အတွက် အရည်အချင်းပြည့်မီစေရန် အမောင်းသင်သူတို့ တက်ရောက်ရန်လိုသော အတန်းများနှင့်စာမေးပွဲများအတွက် သင်တန်းသားများသည် ကြိုတင်စာရင်းပေးရမည်။

၆။ တရားဝင်သင်တန်းကျောင်းများ၏ အဓိကကောင်းကျိုးမှာ လိုင်စင်ကိုအလွယ်တကူရရှိရန် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ပေးပါသည် -

(က) နောက်ဆုံးရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ဒေသဆိုင်ရာ ယာဉ်မောင်းလိုင်စင်စင်တာ၌ ကျင်းပပါမည်။ သို့သော်လည်း ယာဉ်မောင်းလိုင်စင်ရရှိရန်ကိစ္စနှင့်ပတ်သက်

သော အခြားအရာအားလုံးကို ယာဉ်မောင်းသင်တန်းကျောင်း၌ ဆောင်ရွက်ပါသည်။ လိုအပ်သောစာရွက်စာတမ်းများကို သင်တန်းကျောင်းမှ ဆောင်ရွက်ပေးသောကြောင့် ယာဉ်မောင်းလိုင်စင်စင်တာသို့ ထပ်ခါထပ်ခါသွားရန် မလိုအပ်ပါသောကြောင့် အချိန်ကုန်သက်သာစေပါသည်။ သင်တန်းကျောင်း၌ ကိုယ်ပိုင်ယာဉ်မောင်းသင်ရိုးများလည်းရှိပါသည်။ ထို့ကြောင့် လမ်းမများပေါ်၌ မမောင်းနှင်မီ ကျောင်းရိုက္ကွင်းများ၌ လေ့ကျင့်နိုင်ပါသည်။

( ခ ) ယာဉ်မောင်းလိုင်စင်စင်တာမှ ရဲအရာရှိအစား သင်တန်းကျောင်းမှ အမောင်းသင်ဆရာမှ ယာဉ်မောင်းစစ်ဆေးခြင်း(၂)ခုကို စစ်ဆေးဆောင်ရွက်ပါသည်။ အမောင်းသင်ဆရာများသည် သာမန်အမှားများကို အပြစ်မယူသောကြောင့် စစ်ဆေးခြင်းများအောင်မြင်ရန် လွယ်ကူပါသည်။ (အမောင်းသင်ဆရာများသည် ၎င်းတို့၏သင်တန်းသားများကို ပထမတစ်ကြိမ်တည်းဖြင့် အောင်စေချင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းသားအသစ်များခေါ်ယူ၍ သင်တန်းဖွင့်ရန် ဖန်တီးပေးပြီး ပုံရိပ်ကောင်းစေသောကြောင့်ဖြစ်ပါသည်။

( ဂ ) သင်တန်းကျောင်းမှ သိရှိရန်လိုအပ်သမျှသော အကြောင်းအရာများကို သင်ကြားပေးပြီး စာမေးပွဲစစ်ဆေးခြင်းများ အောင်မြင်ရန်လည်း သေချာစွာပြင်ဆင်ပေးပါသည်။ အတန်းအားလုံးကို ဂရုစိုက်နားထောင်ပြီး သတ်မှတ်ထားသော အိမ်စာအားလုံးကို ပြီးမြောက်အောင်လုပ်နိုင်လျှင် ပထမဆုံးစစ်ဆေးမှုဖြတ်ကျော်ရန် အဆင်သင့်ဖြစ်နေမည်ဖြစ်ပါသည်။

၇။ တရားဝင်ဖွင့်လှစ်ထားသော သင်တန်းကျောင်းတက်ရခြင်း၏ ဆိုးကျိုးမှာ အများအားဖြင့် ကုန်ကျစရိတ်သည် ယန်း ၃၀၀,၀၀၀ မှစတင်ပြီး Manual ကားများဖြင့် အမောင်းသင်ခြင်း (သို့မဟုတ်) အင်္ဂလိပ်စာဖြင့်သင်သည့် သင်တန်းများတက်ရောက်လျှင် ကုန်ကျစရိတ်ပိုများနိုင်ပါသည်။ နောက်ထပ်ဆိုးကျိုးတစ်ခုမှာ လိုအပ်သောသင်ခန်းစာများအားလုံး (ပညာရပ်ပိုင်းဆိုင်ရာသင်ခန်းစာများအတွက် နာရီပေါင်း (၂၆) နာရီနှင့် ယာဉ်မောင်းနှင်ခြင်းဆိုင်ရာ သင်ခန်းစာများအတွက် နာရီပေါင်း (၃၀) နာရီကျော်) ပြီးမြောက်ခြင်းမရှိဘဲ ဘွဲ့ရလိမ့်မည်မဟုတ်သည့်အတွက် အချိန်များစွာ ရင်းနှီးမြှုပ်နှံရပါသည်။

**<u>တရားမဝင်သင်တန်းကျောင်းများ</u>**

၈။ ဂျပန်နိုင်ငံရှိ တရားမဝင်သင်တန်းကျောင်းများသည် အဓိကအားဖြင့် လက်တွေ့အမောင်း သင်လိုသောသူများအတွက် ဖြစ်သည်။ ရေးဖြေစာမေးပွဲများအတွက် သင်ကြားမပေးသောကြောင့် ရေးဖြေစာမေးပွဲများအတွက် ကိုယ်တိုင်လေ့လာရန်လိုအပ်ပါသည်။ သင်တန်းကျောင်းများမှ ဗီဒီယို သင်ခန်းစာများနှင့် စာရွက်စာတမ်းများကို သင်တန်းသားများအားပေးသော်လည်း ၎င်းတို့သည် ကိုယ်တိုင်လေ့လာရမည်ဖြစ်ပါသည်။ နောက်ဆုံး၌ ဖြေဆိုရမည့်စာမေးပွဲစစ်ဆေးခြင်းအားလုံးကို ဒေသဆိုင်ရာ ယာဉ်မောင်းလိုင်စင်စင်တာတွင် ဆောင်ရွက်မည်ဖြစ်သည်။

၉။ တရားမဝင်သင်တန်းကျောင်းများသည် အမောင်းလေ့ကျင့်နေစဉ်အတွင်း လမ်းပြပေးရန် အတွက်သာ ဆောင်ရွက်ပေးသောကြောင့် သိသိသာသာဈေးသက်သာပါသည်။ သင်တန်းပြီးမြောက် ရန်လိုအပ်သောသင်ခန်းစာများပေါ် မူတည်ပြီး ပမာဏသည်လည်းကွဲပြားပါသည်။ သို့သော် ပုံမှန် အားဖြင့် ခန့်မှန်းပမာဏသည် ယန်း ၁၅၀,၀၀၀ ဖြစ်သည်။

၁၀။ အမောင်းသင်လိုင်စင်မရှိသေးလျှင် စတင်သူများအတွက် ရည်ရွယ်ထားသော ယာဉ်မောင်း သင်တန်းများ၌သာ လေ့ကျင့်ရမည်ဖြစ်သည်။ ဤသင်တန်းများသည် ယာဉ်မောင်းသင်တန်းကျောင်း များနှင့်သက်ဆိုင်ခြင်းမရှိဘဲ မြို့ပြစင်တာနှင့်လည်း ဝေးပါသည်။ ထို့ကြောင့် သွားလာရန် အချိန် အများကြီး ကြိုတွက်ရမည်ဖြစ်ပါသည်။ သို့သော်လည်း အမောင်းသင်လက်မှတ်ရရှိသည်နှင့် အမောင်းသင်ဆရာနှင့်အတူ လမ်းမပေါ်တွင်မောင်းနှင်နိုင်ပြီဖြစ်သည်။ ယာဉ်မောင်းလိုင်စင်မရရှိမီ အမှန်တကယ်လမ်းမများပေါ်တွင် လက်တွေ့အမောင်းလေ့ကျင့်ရန် အနည်းဆုံး(၅)ရက် လိုအပ် မည်။ (၅)ရက်ကြာပြီးနောက် အဆင်သင့်ဖြစ်လျှင် နောက်ဆုံးစစ်ဆေးခြင်းကို ဖြတ်ကျော်နိုင်မည်။

## တောင်ကိုရီးယားနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်

၁။ တောင်ကိုရီးယားနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရရှိရန် စစ်ဆေးခြင်း အမျိုးအစား (၃) မျိုးကို အောင်မြင်ရပါမည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ရေးဖြေစစ်ဆေးခြင်း၊ Simulator ဖြင့် စစ်ဆေးခြင်းနှင့်လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းတို့ဖြစ်ပါသည် -

(က) **ရေးဖြေစစ်ဆေးခြင်း**

ရေးဖြေစစ်ဆေးခြင်းအဆင့်တွင် လမ်းစည်းကမ်းများ၊လမ်းညွှန်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ယာဉ်မောင်းနှင်မှုနှင့်ပတ်သက်သည့် Multiple Choice မေးခွန်းများ ပါဝင်ပါသည်။ လျှောက်ထားသူသည် ကွန်ပျူတာကိုအသုံးပြု၍ မေးခွန်းများကို ဖြေဆိုရမည်။

( ခ ) **Simulator ဖြင့်စစ်ဆေးခြင်း**

ရေးဖြေစစ်ဆေးပြီးအောင်မြင်ပါက ဤစစ်ဆေးခြင်းအဆင့်တွင် အမျိုးမျိုးသော ယာဉ်မောင်းနှင်မှုအခြေအနေများကို ဖန်တီးထားသောမြင်ကွင်းများဖြင့် ယာဉ်မောင်းသူတို့၏ တုံ့ပြန်နိုင်စွမ်းရည်ကိုစစ်ဆေးပါသည်။

( ဂ ) **လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်း**

အထက်ပါစစ်ဆေးခြင်းနှစ်ခုကို အောင်မြင်ပြီးနောက် ယာဉ်မောင်းသူ၏ ဘေးကင်းစွာမောင်းနှင်နိုင်မှုနှင့် လမ်းစည်းကမ်းလိုက်နာမှုစွမ်းရည်များကို စစ်ဆေးရန် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းကို ဆောင်ရွက်ရပါသည်။

၂။ လက်တွေ့မောင်းနှင်မှုစစ်ဆေးနေချိန်တွင် ယာဉ်မောင်းဖြေဆိုသူအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်၍ စစ်ဆေးခံရသည်-

(က) မော်တော်ယာဉ်စက်နှိုး၍ အခြေခံလုပ်ဆောင်ချက်များဖြစ်သည့် ကားကွေ့ခြင်း၊ ရပ်ခြင်းနှင့်နောက်ပြန်ဆုတ်ခြင်းစသည်တို့ကို ဆောင်ရွက်ရခြင်း၊

( ခ ) လမ်းကြောင်းပြောင်းလဲခြင်းနှင့်အခြားယာဉ်ကြောအတွင်းဝင်ရောက်ခြင်း၊

( ဂ ) ယာဉ်အချက်ပြမျာနှင့်သင်္ကေတများကို လိုအပ်သလိုအသုံးပြုခြင်း၊

(ဃ) လမ်းဆုံများနှင့်နှင့်အဝိုင်းများတွင် လိုအပ်သလိုအချက်ပြခြင်း၊

(င) မျဉ်းပြိုင်အနေအထားကားရပ်နားခြင်းနှင့်နောက်ပြန်ဆုတ်ခြင်း။

(ဃ) **လမ်းမပေါ်တွင်စစ်ဆေးခြင်း**

လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းအပြင် အချို့ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများသည်လမ်းမပေါ်၌ မောင်းနှင်မှုစစ်ဆေးခြင်းအတွက် စစ်ဆေးခံရသည်။ ဤစစ်ဆေးခြင်းတွင် အမျိုးမျိုးသောယာဉ်မောင်းနှင်မှုအခြေအနေများ အပါအဝင် အများပြည်သူပိုင်လမ်းမကြီးများနှင့် အဝေးပြေးလမ်းမများတွင် မောင်းနှင်နိုင်မှုစွမ်းရည်ကို စစ်ဆေးသည့်ပုံစံတူအခြေအနေများပါဝင်ပါသည်။

## Brunei နိုင်ငံ၌ ကျင့်သုံးနေသော Driver Safety Practice System (SiKAP)/ Demerit Point System

၁။ စနစ်၏စမ်းသပ်ကာလအား ၂၀၁၂ ခုနှစ်၊ မေလတွင် စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် အဆုံးသတ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ “Sistem Mata Demerit (SMD)” မှ **SiKAP** အဖြစ်အမည်ပြောင်းခဲ့ကြောင်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ ဤစနစ်မှာ အဝေးပြေးလမ်းမကြီးဥပဒေနှင့် မြို့တွင်းအတွက်သတ်မှတ်ထားသော ယာဉ်စည်းကမ်းလမ်းစည်းကမ်းများအား ချိုးဖောက်ခဲ့သော ယာဉ်မောင်းများကို Demerit Point များပေး၍ ယာဉ်မောင်းလိုင်စင်များကို ဆိုင်းငံ့ခြင်း(သို့မဟုတ်)ဖျက်သိမ်းခြင်းစသည်တို့ကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။ အစိုးရအနေဖြင့် ယာဉ်မောင်းများအား အပြစ်ပေးဒဏ်ခတ်မည့်အစား မှန်ကန်သောအစီအမံများဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤစနစ်မှာ ယာဉ်မောင်းများအား လမ်းမများပေါ်တွင် သတိရှိရှိမောင်းနှင်ကြစေရေး တိုက်တွန်းအားပေးရန် ရည်ရွယ်ပါသည်။ SiKAP သည် ဘရူနိုင်းနိုင်ငံရှိယာဉ်မောင်းများအား ချမှတ်ထားသောယာဉ်စည်းကမ်းအားလုံးကို ပိုမိုစည်းကမ်းရှိစွာ ဂရုတစိုက်လိုက်နာမောင်းနှင်နိုင်စေရန်အတွက် အာမခံချက်ပေးထားပါသည်။ SiKAP မှတဆင့် အရေးယူဆောင်ရွက်ပေးမည့် အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား မကြာခဏချိုးဖောက်ပြီး ယာဉ်မတော်တဆမှုဖြစ်ပွားနိုင်စေသော ယာဉ်မောင်းများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ SiKAP သည် လမ်းအသုံးပြုသူအားလုံးအတွက် ပိုမိုလုံခြုံသောပတ်ဝန်းကျင်ကောင်းတစ်ရပ်ကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

### SiKAP အမျိုးအစားများ

၃။ ပြစ်မှုပြင်းထန်မှုအပေါ်မူတည်၍ Demerit Point များကို (၃) မှတ်၊ (၄) မှတ်၊ (၆) မှတ်၊ (၈) မှတ်၊ (၉) မှတ်၊ (၁၂) မှတ်၊ (၁၈) မှတ်၊ (၂၁) မှတ် နှင့် (၂၄)မှတ်အထိပေး၍ ပြစ်မှုအမျိုးအစား (၉) မျိုးခွဲခြားထားပါသည်။ အဓိကအားဖြင့် ယာဉ်မောင်း၏စိတ်နေသဘောထားနှင့် ဆက်စပ်နေသည့်ပြစ်မှုများ ပါဝင်ပါသည်-

(က) **Demerit Points (၃) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) ယာဉ်ပေါ်တွင်အန္တရာယ်ရှိသောပုံစံဖြင့် ကုန်စည်တင်ဆောင်ခြင်း သို့မဟုတ် ယာဉ်ပေါ်မှ ကုန်စည်များပြုတ်ကျခြင်းဖြင့် အခြားလမ်းအသုံးပြုသူများကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(၂) မော်တော်ယာဉ်ရွေ့လျားစေ၍ အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အခြေအနေ ဖြစ်စေနိုင်သည့် ယာဉ်ရပ်နားစဉ်တွင် ယာဉ်မောင်းသူမရှိဘဲ အင်ဂျင်လည် ပတ်နေခြင်း(သို့မဟုတ်) ယာဉ်ကိုမထင်မှတ်ဘဲရွေ့လျားစေနိုင်သည့်ဘရိတ် ထိုးထားခြင်း၊

(၃) နေဝင်ချိန်နှင့်နေထွက်ချိန်ကြားတွင်ယာဉ်ရှိရှေ့မီးများဖွင့်ရန် ပျက်ကွက်ခြင်း၊

(၄) အခြားယာဉ်ကိုကျော်တက်သည့်အခါ (သို့မဟုတ်) ညာဘက်သို့ကွေ့သည့် အခါမှ လွဲ၍ ဘယ်ဘက်မှမောင်းနှင်ရန် ပျက်ကွက်ခြင်း၊

(၅) လူနာတင်ယာဉ်၊ မီးသတ်ကား (သို့မဟုတ်) ရဲကား စသည်တို့အား လမ်း ပေးရန် ပျက်ကွက်ခြင်း၊

(၆) မော်တော်ယာဉ်အား တရားမဝင်၊ စည်းကမ်းမရှိ၊ အန္တရာယ်ရှိစွာရပ်နားခြင်း၊

(၇) သင့်လျော်သော အချက်ပြများမှုများမရှိဘဲ ယာဉ်ကွေ့ခြင်း (သို့မဟုတ်) ရပ်ထားခြင်း။

( ခ ) **Demerit Points (၄) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) အဝါရောင်ဘောင်အတွင်း ယာဉ်ရပ်နားခြင်း (သို့မဟုတ်) ယာဉ်ကြောရှုပ် ထွေးစေခြင်း၊

(၂) ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ ယာဉ်မောင်းနှင်ခြင်း။

( ဂ ) **Demerit Points (၆) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) ဆူးပန်းမရှိသော တာယာဖြင့်ယာဉ်မောင်းနှင်ခြင်း၊

(၂) မော်တော်ယာဉ်၏ အရှေ့ဘက်တွင် အနီရောင်မီးတပ်ဆင်ခြင်း၊

(၃) မော်တော်ယာဉ်၏ အနောက်ဘက်တွင် နောက်မီးများမှလွဲ၍ အဖြူရောင်မီးများတပ်ဆင်ခြင်း၊

(၄) မော်တော်ယာဉ်၏ အရှေ့ဘက်တွင် အဖြူရောင်ရှေ့မီးမှလွဲ၍ အခြားမီးများတပ်ဆင်ခြင်း၊

(၅) ယာဉ်ထိန်းရဲ၏ လမ်းညွှန်ချက်အား မနာခံခြင်း၊

(၆) သက်တမ်းရှိယာဉ်မှတ်ပုံတင်လက်မှတ်မပါဘဲ မောင်းနှင်ခြင်း၊

(၇) သက်တမ်းရှိယာဉ်မောင်းလိုင်စင်မပါဘဲမောင်းနှင်ခြင်း၊

(၈) ယာဉ်ကြောအချက်ပြများနှင့် မီးပွိုင့်အချက်ပြများကို မလိုက်နာခြင်း။

(ဃ) **Demerit Points (၈) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) သတ်မှတ်အမြန်နှုန်းထက် (၃၀) ကီလိုမီတာအထိ ပိုမောင်းခြင်း။

( င ) **Demerit Points(၉) မှတ်ဖြတ်သည့်ပြစ်မှုများ**

(၁) သတ်မှတ်အမြန်နှုန်းထက် (၃၀) ကီလိုမီတာအထက်မှ (၄၀) ကီလိုမီတာအထိ ပိုမောင်းခြင်း၊

(၂) အကာကွယ်ဦးထုပ်မဝတ်ဆင်ခြင်း(သို့မဟုတ်)မှန်ကန်စွာဝတ်ဆင်မှုမရှိခြင်း၊

(၃) ထိုင်ခုံခါးပတ်မပတ်ခြင်း၊

(၄) ကားရှေ့ခန်း၌ လိုက်ပါစီးနှင်းသူက ထိုင်ခုံခါးပတ်ပတ်ရန် ပျက်ကွက်ခြင်း၊

(၅) တရားမဝင်ပြိုင်မောင်းခြင်း (သို့မဟုတ်) အများပြည်သူသုံးလမ်းပေါ်တွင် အရှိန်လွန်မောင်းနှင်ခြင်း၊

(၆) သတ်မှတ်ထားသောသက်တမ်းရှိတရားဝင်လိုင်စင်မရှိဘဲကိုယ်ပိုင်မော်တော်ယာဉ်အား လုပ်ငန်းအတွက်အသုံးပြုခြင်း၊

(၇) သတ်မှတ်ထားသောအများဆုံးတင်ဆောင်နိုင်သည့် ခရီးသည်အရေအတွက်အားကျော်လွန်၍ တင်ဆောင်ထားသောခရီးသည်တင်ယာဉ်အား မောင်းနှင်ခြင်း။

**(စ) Demerit Points (၁၂) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) လူကူးမျဉ်းကျား၌ ခြေကျင်လမ်းအသုံးပြုသူများအား လမ်းပေးခြင်းနှင့် ရပ်ဆိုင်းခြင်းပြုလုပ်ရန် ပျက်ကွက်ခြင်း၊

(၂) သတ်မှတ်အမြန်နှုန်းထက် (၄၀) ကီလိုမီတာအထက်မှ (၅၀) ကီလိုမီတာအထိ ပိုမောင်းခြင်း၊

(၃) မဆင်မခြင်မောင်းနှင်ခြင်း၊

(၄) ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း။

**(ဆ) Demerit Points (၁၈) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) သတ်မှတ်အမြန်နှုန်းထက် (၅၀) ကီလိုမီတာအထက်မှ (၆၀) ကီလိုမီတာအထိ ပိုမောင်းခြင်း၊

(၂) အရက်သေစာ (သို့မဟုတ်) မူးယစ်စေသောဆေးဝါးများ သုံးစွဲ၍ မောင်းနှင်ခြင်း၊

(၃) မဆင်မခြင်ရမ်းကားစွာ မောင်းနှင်ခြင်း။

**(ဇ) Demerit Points (၂၁) မှတ်ဖြတ်သည့်ပြစ်မှုများ**

(၁) သတ်မှတ်အမြန်နှုန်းထက် (၆၀) ကီလိုမီတာအထိ ပိုမောင်းခြင်း။

(ဈ) **Demerit Points (၂၄) မှတ် ဖြတ်သည့်ပြစ်မှုများ**

(၁) ယာဉ်မောင်းမဆင်မခြင်မောင်းမှုကြောင့် သေဆုံးမှုဖြစ်ပွားခြင်း။

**SiKAP ၏ ဦးတည်ချက်များ**

၄။ အောက်ပါယာဉ်မောင်းနှင်သူများအားလုံးအတွက် ရည်ရွယ်ပါသည်-

(က) ယာယီယာဉ်မောင်းများ၊

(ခ) ကျွမ်းကျင်ယာဉ်မောင်းများ၊

(ဂ) Brunei Darussalam နိုင်ငံတွင်း၌ မော်တော်ယာဉ်ကိုမောင်းနှင်အသုံးပြုနေသည့် နိုင်ငံခြားသားယာဉ်မောင်းများ။

၅။ ယာယီယာဉ်မောင်းများအတွက် အကယ်၍ ၎င်း၏လိုင်စင်ကာလ (၁၂) လအတွင်း Demerit Points (၁၃) မှတ် (သို့မဟုတ်) (၁၃) မှတ်ထက် ကျော်လွန်ခဲ့လျှင် ၎င်း၏လိုင်စင်အား (၁) နှစ်တာကာလ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည်။ ရုပ်သိမ်းကာလအတွင်း ၎င်းသည် ယာဉ်မောင်းစစ်ဆေးမှုဖြေဆိုခြင်း (သို့မဟုတ်) ဖြေဆိုရန်လျှောက်ထားခြင်း ပြုလုပ်နိုင်မည်မဟုတ်ပါ။ ရုပ်သိမ်းကာလပြည့်ပြီးနောက်တွင် ယာဉ်မောင်းလိုင်စင်အသစ်ရရှိလိုပါက သီအိုရီဆန်းစစ်ချက်နှင့် လက်တွေ့မောင်းနှင်စစ်ဆေးခြင်းတို့ကို ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

၆။ ကျွမ်းကျင်ယာဉ်မောင်းများအတွက် (၁၂) လအတွင်း Demerit Point (၂၄) မှတ် (သို့မဟုတ်) (၂၄) မှတ်ထက်ကျော်လွန်၍ရရှိခဲ့ပါက ၎င်း၏ယာဉ်မောင်းလိုင်းစင်သည် ခေတ္တရုပ်ဆိုင်းခံရပါမည်။ ရုပ်ဆိုင်းကာလပြီးနောက် (၁၂) လအကြာတွင် (၁၂) မှတ် (သို့မဟုတ်) (၁၂) မှတ်ထက်ကျော်လွန်၍ Demerit Point များထပ်မံရရှိခဲ့လျှင် ယာဉ်မောင်း၏ယာဉ်မောင်းလိုင်စင်အား ထပ်မံရုပ်ဆိုင်းမည်ဖြစ်ပြီး ယာဉ်မောင်းသည် ရုပ်ဆိုင်းကာလအတွင်း ၎င်း၏ယာဉ်မောင်းလိုင်စင်အတွက် အသနားခံစာလျှောက်ထားနိုင်ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရုပ်ဆိုင်းခြင်းမှာ (၃) လ နှင့် (၆) လ အသီးသီးကြာမြင့်နိုင်ပြီး တတိယအကြိမ်တွင်မူ ၎င်း၏ယာဉ်မောင်းလိုင်စင်ကို (၁) နှစ် ပြန်လည်ရုပ်သိမ်းခံရမည်ဖြစ်ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Point System

၁။ ကမ္ဘောဒီးယား ပြည်သူ့ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနသည် ယာဉ်မောင်းလိုင်စင်အမှတ်နုတ်ယူမှုစနစ်ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်ကိစ္စရပ်များဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယာဉ်မောင်းလိုင်စင်တစ်ခုစီတွင် စုစုပေါင်းအမှတ်(၁၂) မှတ်ရှိပြီး သက်ဆိုင်ရာအခြေအနေများ၏ပြစ်မှုအရ စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများထံမှ(၁) မှတ်မှ (၆) မှတ်ကို ကမ္ဘောဒီးယားဥပဒေအရာရှိများက နုတ်ယူသွားမည်ဖြစ်ပါသည်။

၂။ အမှတ် (၁၂) မှတ်ကို နုတ်ယူပြီးနောက်တွင် ယာဉ်မောင်းလိုင်စင်ကို ရုပ်သိမ်းမည်ဖြစ်သည်။ ယာဉ်မောင်းလိုင်စင်ထပ်မံရယူလိုပါက အနည်းဆုံးတစ်နှစ်ခွဲကြာပြီးနောက် စာမေးပွဲကို ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ ယာဉ်မောင်းတစ်ဦးအနေဖြင့် ယာဉ်မောင်းနှင်စဉ်၌ ယာဉ်စစ်ဆေးရေးစာရွက်စာတမ်းများ၊ ကားလိုင်စင်နှင့်ယာဉ်မောင်းလိုင်စင်များစသည့် အရေးကြီးစာရွက်စာတမ်းသုံးခု၏ မူရင်းကိုတစ်ပါတည်း ပါရှိရမည်ဖြစ်ပါသည်။

၃။ ယာဉ်မောင်းလိုင်စင်မှအမှတ်များနုတ်ယူခြင်းလုပ်ငန်းစဉ်အား စမတ်ဖုန်းပေါ်ရှိ Application တစ်ခုမှတစ်ဆင့် ယာဉ်ထိန်းရဲများသည် ယာဉ်မောင်းလိုင်စင်မှအမှတ်များကို အလိုအလျောက်နုတ်ယူနိုင်မည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့် အေဂျင်စီနှင့်လမ်းစည်းကမ်းဖောက်ဖျက်သည့်ယာဉ်မောင်းများကိုလည်းအလိုအလျောက်အကြောင်းကြားနိုင်ကြောင်း သိရှိရပါသည်။

၄။ ထိုင်ခုံခါးပတ်မပတ်ခြင်း၊ အရှိန်လွန်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း (သို့မဟုတ်) မီးပွိုင့်စည်းမျဉ်းများအား ချိုးဖောက်ခြင်းစသည့်တို့အတွက် ရမှတ်များကို နုတ်ယူပါသည်။ ကမ္ဘောဒီးယားရှိ အချို့သောယာဉ်မောင်းများမှာ ယာဉ်ကြောကြပ်တည်းမှုကြောင့် မကြာခဏ ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိကြပါသည်။ နုတ်ယူမှုစနစ်ကို အကောင်အထည်ဖော်ပြီးသည်နှင့် ယာဉ်ကြောပိတ်ဆို့မှုမှာအခြေအနေအတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

၅။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)မှ ယာဉ်ကြောပိတ်ဆို့မှုများအတွက် ယာဉ်မောင်းလိုင်စင်အမှတ်နုတ်ယူခြင်းစနစ်အား စက်တင်ဘာလမှစတင်၍ စမ်းသပ်ခဲ့ပြီး လေးလအစမ်းကာလအတွင်း ယာဉ်မောင်းလိုင်စင်များမှ ပြစ်ဒဏ်အမှတ်ပေါင်း

(၂၃,၁၁၅) ကို နုတ်ယူနိုင်ခဲ့ကြောင်း NRSC မှပြောကြားခဲ့ပါသည်။ ယာဉ်မောင်းများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တစိုက်မတ်မတ်လိုက်နာရမည်ဖြစ်ပြီး ခရီးသွားသည့်အခါ ဘေးကင်းစေရန်အတွက် လမ်းပေါ်တွင်စည်းကမ်းလိုက်နာမှုရှိစေရန် NRSC မှ ဆောင်ရွက်လျက်ရှိပါသည်။ အမှတ်ဖြတ်တောက်မှုများနှင့် ရဲတပ်ဖွဲ့၏ဒေတာစနစ်တွင် အချက်အလက်များကို သိမ်းဆည်းရန် နည်းပညာပစ္စည်းများကို အသုံးပြုမည်ဖြစ်ကြောင်း NRSC မှ ပြောကြားခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင်တွင် စုစုပေါင်းရမှတ် (၁၂) မှတ်ရှိမည်ဖြစ်ပြီး ကျူးလွန်သည့်ပြစ်မှုအပေါ် အခြေခံ၍ အမှတ်များနုတ်ယူသွားကာ ယာဉ်မောင်းများသည် အမှတ်အားလုံးကုန်သွားသည့်အခါ ၎င်းတို့၏ ယာဉ်မောင်းလိုင်စင်မှာ ပယ်ဖျက်ခံရမည်ဖြစ်ပါသည်။

## အင်ဒိုနီးရှားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System

၁။ အင်ဒိုနီးရှားနိုင်ငံတွင် အမျိုးသားရဲတပ်ဖွဲ့အနေဖြင့် ယာဉ်မောင်းလိုင်စင် (SIM) ဆိုင်ရာ စည်းမျဉ်းစည်းကမ်းသစ်များထုတ်ပြန်ပြီးနောက် Demerit Points System အား ကျင့်သုံးမည် ဖြစ်ကြောင်း သိရှိရပါသည်။

၂။ ယာဉ်ချိုးဖောက်မှု (သို့မဟုတ်) ယာဉ်မတော်တဆမှုတစ်ခုစီအတွက် အမှတ်ပေးမည်ဖြစ်ပြီး SIM ပိုင်ရှင်၏အပြုအမူတိုင်းကို SIM ပိုင်ရှင်၏ Traffic Offender and Accident Information System(SIPKLL)တွင် အီလက်ထရောနစ်ဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။ ယာဉ်စည်းကမ်း ဖောက်ဖျက်မှုအတွက် ပြစ်ဒဏ်များသည် Point System ကိုအသုံးပြု၍ SIM ကို ပြန်လည်ရုပ်သိမ်း သည်အထိ သိမ်းဆည်းထားနိုင်ပါသည်။

၃။ ယာဉ်စည်းကမ်းချိုးဖောက်မှု (သို့မဟုတ်) ယာဉ်မတော်တဆမှုကျူးလွန်သူများအား ချမှတ် သွားမည့်အမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **လမ်းစည်းကမ်းချိုးဖောက်မှုများ**

(၁) ယာဉ်မောင်းများသည် အောက်ဖော်ပြပါ ချိုးဖောက်မှုများကျူးလွန်ပါက **<u>ပြစ်ဒဏ် (၅) မှတ်</u>** သတ်မှတ်ခံရမည်ဖြစ်ပါသည်-

(ကက) ယာဉ်မောင်းလိုင်စင်မရှိဘဲ လမ်းပေါ်တွင် မော်တော်ယာဉ်မောင်း နှင်ခြင်း၊

(ခခ) မော်တော်ယာဉ်ကိုဆင်ခြင်တုံတရားမဲ့စွာ မောင်းနှင်ခြင်းနှင့် မောင်း နှင်သည့်အခါ အာရုံစူးစိုက်မှုချို့ယွင်းစေသည့် အခြေအနေများ ကြောင့် အခြားအကျိုးဆက်များဖြစ်ပေါ်စေခြင်း၊

(ဂဂ) မှန်များ၊ ဟွန်း၊ ရှေ့မီး၊ နောက်မီးများ၊ ဘရိတ်မီးများ၊ လေကာမှန်၊ ဘမ်ဘာ၊ ရေသုတ်တံ၊ ဘီးခွင်အနေအထား၊ အမြန်နှုန်းညွှန်ပြသည့် ကိရိယာများ၏တိကျမှု၊ ယာဉ်အလေးချိန်နှင့် အင်ဂျင်စွမ်းအား ကိုက်ညီမှုစသည့် နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီ မှုမရှိခြင်း၊

(ဃဃ) လမ်းညွှန်ဆိုင်းဘုတ်များတွင်ဖော်ပြထားသည့် စည်းမျဉ်းစည်းကမ်းများ(သို့မဟုတ်) တားမြစ်ချက်များကို ဖောက်ဖျက်၍ မော်တော်ယာဉ်အား လမ်းပေါ်တွင်မောင်းနှင်ခြင်း၊

(ငင) ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်း (သို့မဟုတ်) Traffic Signaling Devices မှ ဖော်ပြထားသော စည်းကမ်းချက်များကို ချိုးဖောက်ခြင်း၊

(စစ) အမြင့်ဆုံး (သို့မဟုတ်) အနိမ့်ဆုံးစသည့် အမြန်နှုန်းကန့်သတ်ချက်အား ချိုးဖောက်ခြင်း၊

(ဆဆ) မီးရထားနှင့် လမ်းကြားရှိလမ်းဆုံလမ်းခွများတွင် အချက်ပြသံမြည်နေချိန်၊ ရထားတံခါးပိတ်သွားချိန် နှင့်/သို့မဟုတ် အခြားအချက်ပြမှုများ ရှိနေသည့်အချိန်တွင် မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း၊

(ဇဇ) လမ်းပေါ်တွင် မော်တော်ယာဉ်ကို ပြိုင်၍မောင်းနှင်ခြင်း။

(၂) အောက်ပါတို့ကို ချိုးဖောက်မှုများကျူးလွန်ပါက **<u>ပြစ်ဒဏ်(၃)မှတ်</u>** သတ်မှတ်ခံရမည်ဖြစ်ပါသည်။

(ကက) ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သော စက်ကိရိယာများ တပ်ဆင်ထားသည့်မော်တော်ယာဉ်ကို လမ်းပေါ်တွင် မောင်းနှင်ခြင်း၊

(ခခ) လိုင်စင်နံပါတ်ပြားအတုများ အသုံးပြုခြင်း၊

(ဂဂ) ခြေကျင်လမ်းအသုံးပြုသူများ (သို့မဟုတ်) စက်ဘီးစီးနင်းသူများ၏ လုံခြုံရေးကို ဦးစားပေးခြင်းမရှိဘဲ မောင်းနှင်ခြင်း၊

(ဃဃ) မှန်များ၊ ဟွန်း၊ ရှေ့မီး၊ နောက်မီး၊ ဘရိတ်မီး၊ လေကာမှန်၊ ဘမ်ပါ၊ ရေသုတ်တံကဲ့သို့သော နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့်

မကိုက်ညီသော မော်တော်ယာဉ်များကို မောင်းနှင်သော ယာဉ်မောင်းများ၊

(ငင) မီးပွိုင့်အချက်ပြမှုကို ဖောက်ဖျက်သူများ၊

(စစ) အမြင့်ဆုံး (သို့မဟုတ်) အနိမ့်ဆုံး အမြန်နှုန်းကန့်သတ်ချက် စည်းမျဉ်းများကို ချိုးဖောက်သောယာဉ်မောင်းများ၊

(ဆဆ) မော်တော်ယာဉ်မှတ်ပုံတင်လက်မှတ် (သို့မဟုတ်) မော်တော်ယာဉ်စစ်ဆေးပြီးစီးကြောင်းလက်မှတ်မပါရှိသောယာဉ်မောင်းများ။

(၃) ယာဉ်မောင်းများသည် အောက်ပါတို့ကို ကျူးလွန်ပါက **<u>ပြစ်ဒဏ် (၁) မှတ်</u>** သတ်မှတ်ခံရမည်ဖြစ်ပါသည် -

(ကက) မီးပွိုင့်များ၊ လမ်းအမှတ်အသားများ၊ ယာဉ်ကြောအချက်ပြကိရိယာများ၊ ခြေကျင်လမ်းအသုံးပြုသူများ အဆင်ပြေချောမွေ့စေရန်နှင့် ဘေးကင်းစေရန် အသုံးပြုသောကိရိယာများအား ပျက်စီးစေသူများ၊

(ခခ) တပ်ဆင်ရမည့်အပိုတာယာ၊ ဘေးကင်းရေးတြိဂံပုံစံ၊ ဂျိုက်၊ ဘီးဖွင့်ကိရိယာနှင့် ရှေးဦးသူနာပြုပစ္စည်းများ မော်တော်ယာဉ်တွင် ထည့်သွင်းတပ်ဆင်ထားခြင်းမရှိသော မော်တော်ယာဉ်မောင်းသူများ၊

(ဂဂ) လမ်းနှင့်သက်ဆိုင်သော နည်းပညာဆိုင်ရာလိုအပ်ချက်များဖြစ်သည့် နောက်ကြည့်မှန်၊ ရှေ့မီး၊ ဘရိတ်မီး၊ ဟွန်း၊ အမြန်နှုန်းမီတာနှင့် Exhaust မပါရှိသည့် ဆိုင်ကယ်စီးနင်းသူများ၊

(ဃဃ) ယာဉ်သွားလာမှုဆိုင်ရာရပ်တန့်ခြင်းနှင့်ရပ်နားခြင်းစသည့် စည်းမျဉ်းစည်းကမ်းများအား ဖောက်ဖျက်ခြင်း၊

(ငင) ယာဉ်မောင်း (သို့မဟုတ်) ဘေးတွင်လိုက်ပါစီးနင်းသည့် ခရီးသည်များ ထိုင်ခုံခါးပတ်မပတ်ထားခြင်း၊

(စစ) ဆိုင်ကယ်မောင်းနှင်သူ/လိုက်ပါစီးနင်းသူများသည် သတ်မှတ်ထားသည့် အဆင့်မီဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊

(ဆဆ) မီးအချက်ပြခြင်းမရှိဘဲ လမ်းကြောင်းပြောင်းခြင်း (သို့မဟုတ်) ကွေ့ခြင်းပြုလုပ်သည့် ဆိုင်ကယ်မောင်းနှင်သူများ၊

(ဇဇ) အခြားယာဉ်များအားဂရုမစိုက်ဘဲလမ်း၏ဘယ်ဘက်ခြမ်းမှကျော်တက်ခြင်း၊

(ဈဈ) အသက်အိုးအိမ်စည်းစိမ်ဥစ္စာများအား အန္တရာယ်ဖြစ်စေသောနည်းလမ်း (သို့မဟုတ်) အခြေအနေဖြင့် ရည်ရွယ်ချက်ရှိရှိ မောင်းနှင်သူများ၊

(ညည) ပုဒ်မ ၁၃၇၊ အပိုဒ် (၄) ပါ အကြောင်းပြချက်များမှလွဲ၍ ခရီးသည်ပို့ဆောင်ရန်ယာဉ်ကိုကုန်တင်၍မောင်းနှင်သူများ၊

(ဋဋ) သယ်ယူပို့ဆောင်ရေးအတွက်မဟုတ်သောယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်း၊ လမ်းတစ်လျှောက်ခရီးသည်အတင်အချပြုလုပ်ခြင်းနှင့် သီးခြားရည်ရွယ်ချက်ဖြင့် လူများသယ်ယူပို့ဆောင်ခြင်းတို့အတွက် မော်တော်ယာဉ်ပါမစ်ကို တလွဲအသုံးပြုခြင်း။

## (ခ) ယာဉ်မတော်တဆမှု

(၁) ဖြစ်ပေါ်လာသည့် ယာဉ်မတော်တဆမှုများအတွက် ပေးဆောင်ရမည့်အမှတ် အမျိုးအစား (၃) မျိုး ပါဝင်ပါသည်၊

(၂) ယာဉ်မတော်တဆမှုများကြောင့် ပြစ်ဒဏ်မှတ် (၁၂) မှတ်ရရှိစေနိုင်သည်များမှာ ယာဉ်မောင်း၏ပေါ့ဆမှုကြောင့် အပြင်းအထန်ဒဏ်ရာရရှိစေခြင်း၊ သေဆုံးမှုဖြစ်ပေါ်စေခြင်း၊ ယာဉ်မောင်းသူအနေဖြင့် အသက်အန္တရာယ် ထိခိုက်စေနိုင်သောအခြေအနေ၊ အပြင်းအထန်ဒဏ်ရာရရှိစေနိုင်သော (သို့မဟုတ်) အသက် ဆုံးရှုံးမှုဖြစ်စေသော ယာဉ်မတော်တဆမှုများကိုဖြစ်ပွားစေရန် ရည်ရွယ်ချက်ရှိရှိ မောင်းနှင်ခြင်းတို့ ပါဝင်ပါသည်၊

(၃) ယာဉ်မောင်းသည် ယာဉ်ကို အန္တရာယ်ရှိသောလမ်း (သို့မဟုတ်) အခြေအနေ တစ်ခုတွင် ရည်ရွယ်ချက်ရှိရှိ မောင်းနှင်ပြီး ယာဉ်နှင့်/သို့မဟုတ် ကုန်ပစ္စည်း များ ထိခိုက်ပျက်စီးစေခြင်း၊ ယာဉ်မတော်တဆမှုတွင် ပါဝင်ပတ်သက်နေ သော ယာဉ်မောင်းများသည် တမင်တကာ အကူအညီမပေးခြင်း၊ ၎င်းတို့၏ ယာဉ်အားရပ်တန့်မပေးခြင်း (သို့မဟုတ်) မတော်တဆမှုဖြစ်ပွားခြင်းအား နီးစပ်ရာရဲစခန်းသို့ သတင်းမပို့ခြင်းစသည့်ကိစ္စရပ်တို့ဖြစ်ပွားခဲ့ပါက ပြစ်ဒဏ် (၁၀) မှတ် ချမှတ်သွားမည်ဖြစ်ပါသည်၊

(၄) ယာဉ်မောင်းသည် ၎င်း၏ပေါ့ဆမှုကြောင့် ယာဉ်နှင့်ကုန်စည်ပစ္စည်းများ ထိခိုက် ပျက်စီးစေခြင်း၊ ယာဉ်တိုက်မှုဖြစ်ပြီး ဒဏ်ရာအနည်းငယ်ရရှိကာ ယာဉ်ပျက်စီး မှုဖြစ်ပွားခြင်း၊ မော်တော်ယာဉ်ကို အသက်အန္တရာယ်ဖြစ်စေ သည့် အခြေအနေမျိုးတွင် တမင်မောင်းနှင်ခြင်း စသည့်ယာဉ်မတော်တဆမှု များအတွက် ပြစ်ဒဏ်မှတ် (၅) မှတ် ချမှတ်မည်ဖြစ်ပါသည်၊

(၅) ထပ်ခါတလဲလဲ စည်းမျဉ်းစည်းကမ်းချိုးဖောက်သော ယာဉ်မောင်းများနှင့် ယာဉ်မတော်တဆမှုကျူးလွန်သော ယာဉ်မောင်းများအတွက် ပြစ်ဒဏ် အမှတ်များ စုဆောင်းထားရှိသွားပါမည်။ ပြစ်ဒဏ်အမှတ်များ စုဆောင်းခြင်း အမျိုးအစား (၂) မျိုး ရှိပါသည်-

(ကက) (၁၂) မှတ်အထိ အဖြတ်ခံရခြင်းအတွက် ပြစ်ဒဏ်အမျိုးအစား (၁)၊

(ခခ ) (၁၈) မှတ်အထိ အဖြတ်ခံရခြင်းအတွက် ပြစ်ဒဏ်အမျိုးအစား(၂)။

(၆) ပြစ်ဒဏ် (၁) နှင့် (၂) ရသူများကို သတိပေးအကြောင်းကြားသွားမည်ဖြစ်ပါ သည်။ ပြစ်ဒဏ်အမှတ်အရေအတွက် စုဆောင်းရရှိသူများသည် SIM အား သက်တမ်းတိုးခြင်း (သို့မဟုတ်) လဲလှယ်ခြင်းမပြုနိုင်ပါ။ ရမှတ် (၁၂) မှတ် ရရှိထားသူများသည် တရားရုံးမှဆုံးဖြတ်ချက်မချမီတွင် ယာဉ်မောင်းလိုင်စင် အား ယာယီရပ်ဆိုင်းခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပါသည်။ SIM ပြန်လည်ရရှိလိုပါက ပညာပေးသင်တန်းတက်ခြင်းနှင့်လေ့ကျင့်ခြင်းများ ပြုလုပ်ရမည်လည်းဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ပြစ်ဒဏ်အမှတ် (၁၈)

မှတ်သို့ ရောက်ရှိသူများသည် အာဏာရှိသော တရားရုံး၏ဆုံးဖြတ်ချက် အပေါ်တွင် အခြေခံ၍ SIM အား တစ်သက်တာရုပ်သိမ်းခံရမည်ဖြစ်ပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်တွင် SIM ရုပ်သိမ်းခြင်းအတွက် ပြစ်ဒဏ်ကာလ တစ်ခုရှိနေပါက ယင်းကာလကုန်ဆုံးသွားသောအခါ SIM ပိုင်ရှင်သည် SIM တစ်ဖန်ပြန်လည်ရရှိရန်ထပ်မံလျှောက်ထားနိုင်ပြီး အသစ်ပြုလုပ်ရန် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်ဖြစ်ပါသည်။

## မလေးရှားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System

၁။ မလေးရှားနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဌာနသည် ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်အတွက် Demerit Points System ကို ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စတင်၍ အသုံးပြုခဲ့ပါသည်။ မလေးရှားနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဌာန၏ Demerit Points System အသုံးပြုခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးအစီအစဉ်များ တိုးမြှင့်လာစေရန်၊

( ခ ) စည်းကမ်းလိုက်နာပြီး တာဝန်ယူမှုရှိသော ယာဉ်မောင်းများတိုးပွားလာစေရန်၊

( ဂ ) ယာဉ်မတော်တဆဖြစ်ပွားမှုလျှော့ချခြင်းအား အထောက်အကူဖြစ်စေရန်။

၂။ ယာဉ်မောင်းများသည် ပြစ်မှုကျူးလွန်သော အမျိုးအစားပေါ်မူတည်၍ Demerit Points အမှတ်များရရှိမည်ဖြစ်ပြီး ရရှိသည့်အမှတ်များအပေါ်မူတည်၍ အောက်ပါအတိုင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| **ရရှိသည့်အမှတ်များ** | **Competent Driver's License (CDL)**<br><br>**(ကျွမ်းကျင်အဆင့်ယာဉ်မောင်းလိုင်စင်)** | **Provisional Driving License (PDL)**<br><br>**(ယာယီယာဉ်မောင်းလိုင်စင်)** |
|---|---|---|
| ပထမအမှတ်(၂၀) | သတိပေးခြင်း | လိုင်စင်ရုပ်သိမ်းခြင်း |
| ဒုတိယအမှတ်(၂၀) | (၆) လမှ (၈) လအထိလိုင်စင်ပိတ်သိမ်းခြင်း | |
| တတိယအမှတ်(၂၀) | (၈) လမှ (၁၀) လအထိလိုင်စင်ပိတ်သိမ်းခြင်း | |
| စတုတ္ထအမှတ်(၂၀) | (၁၀) လမှ (၁) နှစ်အထိလိုင်စင်ပိတ်သိမ်းခြင်း | |

၃။ CCTV ဖြင့်မှတ်တမ်းယူ၍ယာဉ်မောင်းလိုင်စင် ပိတ်သိမ်း/ရုပ်သိမ်းခြင်းအား သတိပေးစာထုတ်ပြန်ပြီး(၂၁)ရက်အတွင်း လိုင်စင်ကိုင်ဆောင်ထားသူက ၎င်း၏ယာဉ်မောင်းလိုင်စင်ကို မလေးရှားနိုင်ငံ၏ကုန်းလမ်းပို့ဆောင်ရေးဌာနရုံးသို့ တင်ပြသည့်နေ့မှစတင်၍ဆောင်ရွက်မည်ဖြစ်ပါ သည်။ ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းခံရသူသည် ယာဉ်မောင်းလိုင်စင်အား

မလေးရှားနိုင်ငံ၏ ကုန်းလမ်းပို့ဆောင်ရေးဌာနရုံးတိုင်းတွင် လိုင်စင်အားပြန်လည်အပ်နှံနိုင်သည်။ ယာဉ်မောင်းလိုင်စင် ပိတ်သိမ်း/ရုပ်သိမ်းခြင်းခံနေရစဉ် ယာဉ်မောင်းနှင်သည်ကိုတွေ့ရှိပါက ရင်းဂစ် ၃၀၀၀ နှင့် ၁၀,၀၀၀ ထက်မပိုသောငွေဒဏ် (သို့မဟုတ်) သုံးနှစ်ထက်မပိုသော ထောင်ဒဏ်တို့ကို ချမှတ်မည်ဖြစ်ပါသည်။

၄။ နောက်ဆုံးပြစ်မှုကျူးလွန်ခဲ့သည့်အချိန်မှစ၍ (၁၂) လအတွင်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိသော ယာဉ်မောင်းများ၏ Demerit Points များအား ၅၀% လျှော့ချပေးခြင်း၊ Demerit Points အမှတ် (၂၀) အောက်ရရှိသောယာဉ်မောင်းများအတွက် ကုန်းလမ်းပို့ဆောင်ရေးဌာနသည် သင်တန်းများပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ Demerit Points လျှော့ချခြင်း အခွင့်အရေးအား လိုင်စင်ပိတ်သိမ်းခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းမခံရမီ (၁) ကြိမ်သာခံစားခွင့်ရှိပါသည်။

၅။ ယာဉ်မောင်းလိုင်စင်ပိတ်သိမ်း (သို့မဟုတ်) ရုပ်သိမ်းခြင်းခံရစဉ်ကာလအတွင်း ယာဉ်မောင်းများသည် အောက်ပါကန့်သတ်ချက်များတွေ့ကြုံရမည်ဖြစ်ပါသည်-

(က) ယာဉ်မောင်းနှင်၍မရခြင်း၊

(ခ) ယာဉ်မောင်းလိုင်စင်အသစ်လျှောက်ထား၍ မရခြင်း၊

(ဂ) ယာဉ်မောင်းလိုင်စင်နှင့်မော်တော်ယာဉ်အား Blacklist စာရင်းသွင်းခံရခြင်း။

၆။ ယာဉ်မောင်းလိုင်စင်သည် Road Transport Rules (Demerit Points) 2017 အရ ရုပ်သိမ်းခြင်းခံရပါက ရုပ်သိမ်းခြင်းခံရသည့်နေ့မှ (၁) နှစ်အတွင်း ယာဉ်မောင်းလိုင်စင်အသစ် (သင်မောင်းလိုင်စင်မှစတင်၍) ပြန်လည်လျှောက်ထားနိုင်သည်။ Demerit Points များအား စစ်ဆေးလိုပါက kejara@jpj.gov.my သို့ E-mail ပို့၍ စစ်ဆေးနိုင်ပါသည်။

## စင်္ကာပူနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System (သို့မဟုတ်) Driver Improvement Points System

၁။ စင်္ကာပူနိုင်ငံတွင် ၁၉၈၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှစတင်၍ Demerit Points System ကို စတင်ကျင့်သုံးခဲ့ပြီး ၎င်းတို့နိုင်ငံ၌ Driver Improvement Points System (DIPS)ဟု ခေါ်တွင်ပါသည်။

၂။ ယာဉ်/လမ်းစည်းကမ်းကျူးလွန်ဖောက်ဖျက်သော ယာဉ်မောင်းများကို ဖော်ထုတ်၍ အပြစ်ပေးအရေးယူသော စနစ်ဖြစ်ပါသည်။ အပြစ်ပေးခံထားရသည့် ယာဉ်မောင်းများ၏ ပြောင်းလဲလာသည့် ယာဉ်မောင်းနှင်မှုအပြုအမူအပေါ်မူတည်ပြီး ရရှိသည့် ပြစ်ဒဏ်အား လျှော့ချခြင်းနှင့် ယာယီရပ်ဆိုင်းကာလမှတ်တမ်းပါ ရပ်ဆိုင်းကာလများကိုပါ လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

### Demerit Points စနစ်ဖြင့် အပြစ်ပေးအရေးယူသည့် ပြစ်မှုများ

၃။ Driver Improvement Points System (DIPS) တွင် ယာဉ်သွားလာမှုစည်းကမ်းအရ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | ပြစ်မှု | လျှော့ချသည့် အမှတ် |
|---|---|---|
| ၁။ | မော်တော်ဆိုင်ကယ်၏ နောက်ထိုင်ခုံပေါ်တွင် လူပိုတင်ဆောင်ခြင်း (သို့မဟုတ်) နောက်ထိုင်ခုံတွင် လိုက်ပါသူသည် ခြေခွ၍စီးနင်းမှုမရှိခြင်း၊ | ၃ |
| ၂။ | မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် မော်တော်ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်း (သို့မဟုတ်) ပြည့်စုံစွာ ဝတ်ဆင်မှုမရှိခြင်း(မေးသိုင်းကြိုးမတပ်ခြင်း)၊ | ၃ |
| ၃။ | ယာဉ်ထိန်းရဲ၏ ယာဉ်ကြောသွားလာမှုညွှန်ကြားချက်ကို မလိုက်နာခြင်း၊ အာဏာပိုင် (သို့မဟုတ်) လုံခြုံရေးအရာရှိတို့၏ ယာဉ်ကြောထိန်းသိမ်းမှုကို မလိုက် နာခြင်း၊ | ၃ |
| ၄။ | ကုန်စည်သယ်ယူပို့ဆောင်ရာတွင် လုံခြုံစွာသယ်ယူပို့ဆောင်မှုမရှိခြင်း၊ | ၃ |
| ၅။ | လမ်း၏ အခြေအနေနှင့်ကိုက်ညီသင့်လျော်မှုမရှိသည့် တာယာများကို အသုံးပြုခြင်း၊ | ၃ |

| စဉ် | ဖြစ်မှု | လျှော့ချသည့်အမှတ် |
|---|---|---|
| ၆။ | မော်တော်ယာဉ်မောင်းနှင်သူသည်အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်မောင်းနှင်မှုမရှိခြင်း၊ | ၃ |
| ၇။ | အခြားပါကင်ရပ်နားထားသည့်ယာဉ်ကို ပိတ်၍ မျဉ်းပြိုင်ပါကင်ရပ်နားခြင်း၊ | ၃ |
| ၈။ | လမ်းအသုံးပြုသူများ (ခြေကျင်လျှောက်သူများ) အသုံးပြုသည့်နေရာတွင် ယာဉ်ရပ်နားခြင်း၊ | ၃ |
| ၉။ | လူကူးမျဉ်းကျားပေါ်တွင် ပါကင်ရပ်နားခြင်း၊ | ၃ |
| ၁၀။ | မော်တော်ယာဉ်မောင်းနှင်သူက ခရီးသည်များအား အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရန် နှိုးဆော်မှုမရှိခြင်း၊ | ၃ |
| ၁၁။ | အရပ် (၁.၃၅) မီတာအောက်ရှိသော ကလေးငယ်များအား ယာဉ်ပေါ်သို့ တင်ဆောင်ရာတွင် ကလေးအသက်ကယ်ထိုင်ခုံ အသုံးပြုမှုမရှိခြင်း၊ | ၃ |
| ၁၂။ | ပါကင်မရပ်နားရနေရာတွင် ပါကင်ရပ်နားခြင်း၊ | ၃ |
| ၁၃။ | ယာဉ်မရပ်ရနေရာတွင် ယာဉ်ရပ်ခြင်း၊ | ၃ |
| ၁၄။ | ယာဉ်မောင်းနှင်သူအခန်း (ထိုင်ခုံဘေး) (သို့မဟုတ်) အပိုနေရာများ (သို့မဟုတ်) ခရီးသည်များတင်ဆောင်ရန် ပြုလုပ်ထားသော နေရာများတွင် ခရီးသည်တင်ဆောင်မှုမရှိခြင်းနှင့် ကပ်လျက် (သို့မဟုတ်) ယာဉ်မောင်းနှင်သူ၏ ဘေးနေရာအလွတ်တွင် ကုန်စည်များ တင်ဆောင်ခြင်း၊ | ၃ |
| | **ဒဏ်ကြေး။ ကုန်တင်ယာဉ်ဝန်ပေါ့ - $ ၁၅၀**<br><br>**ကုန်တင်ယာဉ်ဝန်လေး - $ ၂၀၀** | |
| ၁၅။ | တစ်နာရီလျှင် ယာဉ်၏အရှိန်နှုန်း ၁ ကီလိုမီတာမှ ၂၀ ကီလိုမီတာ အထိ ကျော်လွန်မောင်းနှင်ခြင်း၊ | ၄ |
| ၁၆။ | တစ်နာရီလျှင် ၁ ကီလိုမီတာမှ ၂၀ ကီလိုမီတာ အထိ မောင်းနှင်ခွင့်ပြုထားသည့်လမ်းပေါ်တွင် ကျော်လွန်မောင်းနှင်ခြင်း၊ | ၄ |
| ၁၇။ | ထိန်းချုပ်မှုရှိသည့် လမ်းဆုံတွင် ဦးစားပေးရမည့် ယာဉ်ကြောအား ဦးစားပေးရန်ပျက်ကွက်ခြင်း၊ | ၄ |
| ၁၈။ | ထိန်းချုပ်မှုမရှိသည့်လမ်းဆုံတွင် ဦးစားပေးရမည့် ယာဉ်ကြောအား ဦးစားပေးရန်ပျက်ကွက်ခြင်း၊ | ၄ |

| စဉ် | ပြစ်မှု | လျှော့ချသည့်အမှတ် |
|---|---|---|
| ၁၉။ | လမ်းဆုံ လမ်းခွများတွင် ဦးစားပေးမှု မရှိခြင်း၊ | ၄ |
| ၂၀။ | အဝိုင်းပတ်တွင် ဦးစားပေးမှု မရှိခြင်း၊ | ၄ |
| ၂၁။ | လမ်းလယ်တစ်စပ်တည်း အဖြူရောင် မျဉ်းပြိုင်နှစ်ကြောင်းအား ဖြတ်မောင်းခြင်း၊ | ၄ |
| ၂၂။ | လမ်းကြောခွဲခြားမှုများကို ဖြတ်၍ မောင်းနှင်ခြင်း၊ | ၄ |
| ၂၃။ | ယာဉ်သွားလာမှုလမ်းကြောင်းအား ပိတ်ဆို့ နှောင့်ယှက်မောင်းနှင်ခြင်း၊ | ၄ |
| ၂၄။ | ဘယ် (သို့မဟုတ်) ညာဘက်သို့ ကွေ့ရာတွင် ယာဉ်ကြောမှန်ကန်မှုမရှိခြင်း၊ | ၄ |
| ၂၅။ | သူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့် ယာဉ်ထိန်းရဲတို့၏ ယာဉ်များအား ဦးစားပေး ရန် ပျက်ကွက်ခြင်း၊ | ၄ |
| ၂၆။ | ကုန်ပစ္စည်းများအား တင်ဆောင်၍ မောင်းနှင်ရာတွင် ယာဉ်ပေါ်တွင် စနစ်တကျ တင်ဆောင်မှုမရှိဘဲ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေဖြင့် တင်ဆောင်လာခြင်း၊ | ၄ |
| ၂၇။ | လမ်းပခုံးစွန်းများ (သို့မဟုတ်) အမြန်လမ်းမကြီး၏ လမ်းပခုံးစွန်းများတွင် ယာဉ်ရပ်ခြင်း၊ | ၄ |
| ၂၈။ | အမြန်လမ်းမကြီးပေါ်၌ အခြားယာဉ်မောင်းများ အနှောင့်အယှက်ဖြစ်စေရန် ယာဉ်ရပ်နားခြင်း၊ ရပ်ဆိုင်းခြင်း၊ | ၄ |
| | **ဒဏ်ကြေး။ ကုန်တင်ယာဉ်ဝန်ပေါ့ - $ ၁၅၀**<br><br>**ကုန်တင်ယာဉ်ဝန်လေး - $ ၂၀၀** | |
| ၂၉။ | တစ်နာရီလျှင် ယာဉ်၏အရှိန်နှုန်း ၂၁ ကီလိုမီတာမှ ၃၀ ကီလိုမီတာအထိ ကျော်လွန် မောင်းနှင်ခြင်း၊ | ၆ |
| ၃၀။ | တစ်နာရီလျှင် ၂၁ ကီလိုမီတာမှ ၃၀ ကီလိုမီတာအထိ မောင်းနှင်ခွင့်ပြုထားသည့် လမ်းပေါ်တွင် ကျော်လွန်မောင်းနှင်ခြင်း၊ | ၆ |
| ၃၁။ | အမြန်လမ်းမကြီး၏ လမ်းပခုံးစွန်းပေါ်တွင် မောင်းနှင်ခြင်း၊ | ၆ |
| ၃၂။ | ကုန်စည်တင်ယာဉ်ပေါ်တွင် ယာဉ်ပေါ်မှ ကုန်ပစ္စည်းများပြုတ်ကျမှုမရှိစေရေး အတွက် ကုန်ပစ္စည်းများအား စနစ်တကျ ချည်နှောင်ထားမှုမရှိခြင်း၊ | ၆ |
| ၃၃။ | လူကူးမျဉ်းကျားတွင် ယာဉ်မောင်းများ ပြစ်မှုကျူးလွန်ခြင်း၊ | ၆ |
| ၃၄။ | ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် ညွှန်ပြထားသည့် လမ်းညွှန်း | ၆ |

| စဉ် | ပြစ်မှု | လျော့ချသည့် အမှတ် |
|---|---|---|
| | များကို လိုက်နာမှုမရှိဘဲ ဆန့်ကျင်မောင်းနှင်ခြင်း၊ | |
| ၃၅။ | မဆင်မခြင်မောင်းနှင်ခြင်း၊ | ၆ |
| ၃၆။ | မော်တော်ယာဉ် (သို့မဟုတ်) နောက်တွဲယာဉ်များပေါ်တွင် ခရီးသည်များကို ဘေးကင်းလုံခြုံမှုမရှိဘဲ အန္တရာယ်ဖြစ်စေနိုင်သည့်အခြေအနေဖြင့် တင်ဆောင်လာခြင်း၊ | ၆ |
| ၃၇။ | အမြန်လမ်းမကြီးတစ်လျှောက်မလိုအပ်ဘဲလမ်းပြောင်းပြန်မောင်းနှင်ခြင်း (နောက်ဆုတ်ခြင်း)၊ | ၆ |
| ၃၈။ | အမိုးဖွင့်ထားသည့် ကုန်စည်တင်ယာဉ်ပေါ်တွင် အမြင့်သတ်မှတ်ချက် ၁.၁ မီတာ ထက်ကျော်လွန်၍ တင်ဆောင်ခြင်း၊ | ၆ |
| ၃၉။ | အမိုးဖွင့်ထားသည့် ကုန်စည်တင်ယာဉ်ပေါ်တွင် ခရီးသည်အများအပြားတင် ဆောင်လာခြင်း၊ | ၆ |
| | **ဒဏ်ကြေး။ ကုန်တင်ယာဉ်ဝန်ပေါ့ - $ ၂၀၀**<br><br>**ကုန်တင်ယာဉ်ဝန်လေး - $ ၂၅၀** | |
| ၄၀။ | တစ်နာရီလျှင် ယာဉ်၏အရှိန်နှုန်း ၃၁ ကီလိုမီတာမှ ၄၀ ကီလိုမီတာအထိ ကျော်လွန် မောင်းနှင်ခြင်း၊ | ၈ |
| ၄၁။ | တစ်နာရီလျှင် ၃၁ ကီလိုမီတာမှ ၄၀ ကီလိုမီတာအထိ မောင်းနှင်ခွင့်ပြုထားသည့် လမ်းပေါ်တွင် ကျော်လွန်မောင်းနှင်ခြင်း၊ | ၈ |
| | **ဒဏ်ကြေး။ ကုန်တင်ယာဉ်ဝန်ပေါ့ - $ ၃၀၀**<br><br>**ကုန်တင်ယာဉ်ဝန်လေး - $ ၄၀၀** | |
| ၄၂။ | မဆင်မခြင်မောင်းနှင်ခြင်း သို့မဟုတ်အခြားလမ်းအသုံးပြုသူများအားဂရုမပြုဘဲ မောင်းနှင်ခြင်း၊ | ၉ |
| ၄၃။ | ကုန်စည်တင်ယာဉ်ပေါ်တွင် ခရီးသည်များအား အန္တရာယ်ရှိစွာ တင်ဆောင်လာ ခြင်း၊ | ၉ |
| | **ဒဏ်ကြေး။ ကုန်တင်ယာဉ်ဝန်ပေါ့ - $ ၃၀၀**<br><br>**ကုန်တင်ယာဉ်ဝန်လေး - $ ၄၀၀** | |

| စဉ် | ပြစ်မှု | လျော့ချသည့် အမှတ် |
|---|---|---|
| ၄၄။ | တစ်နာရီလျှင် ယာဉ်၏အရှိန်နှုန်း ၄၁ ကီလိုမီတာမှ ၅၀ ကီလိုမီတာအထိ ကျော်လွန် မောင်းနှင်ခြင်း၊ | ၁၂ |
| ၄၅။ | တစ်နာရီလျှင် ၄၁ ကီလိုမီတာမှ ၅၀ ကီလိုမီတာအထိ မောင်းနှင်ခွင့်ပြုထားသည့် လမ်းပေါ်တွင် ကျော်လွန်မောင်းနှင်ခြင်း၊ | ၁၂ |
| | **ပြစ်မှုကျူးလွန်သူသည် တရားရုံးတွင် တရားစွဲဆိုခံရမည်။** | |
| ၄၆။ | မီးပွိုင့်တွင် အချက်ပြမီးစနစ်အား လိုက်နာရန် ပျက်ကွက်ခြင်း၊ | ၁၂ |
| | **ဒဏ်ကြေး။ ကုန်တင်ယာဉ်ဝန်ပေါ့ - $ ၄၀၀**<br><br>**ကုန်တင်ယာဉ်ဝန်လေး - $ ၅၀၀** | |
| ၄၇။ | မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ | ၁၂ |
| | **ဒဏ်ကြေး။ ပထမအကြိမ်၌ - $ ၁၀၀၀ ထက်မပိုသောငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ၆ လ သို့မဟုတ် ဒဏ် ၂ ရပ်လုံး**<br><br>**ဒုတိယအကြိမ်နှင့်ထပ်မံကျူးလွန်မှုများ - $ ၂၀၀၀ ထက်မပိုသော ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ၁၂ လ သို့မဟုတ် ဒဏ် ၂ ရပ်လုံး။** | |
| ၄၈။ | တစ်နာရီလျှင် ယာဉ်၏အရှိန်နှုန်း ၅၁ ကီလိုမီတာမှ ၆၀ ကီလိုမီတာအထိ ကျော်လွန် မောင်းနှင်ခြင်း၊ | ၁၈ |
| ၄၉။ | တစ်နာရီလျှင် ၅၁ ကီလိုမီတာမှ ၆၀ ကီလိုမီတာအထိ မောင်းနှင်ခွင့်ပြုထားသည့် လမ်းပေါ်တွင် ကျော်လွန်မောင်းနှင်ခြင်း၊ | ၁၈ |
| | **ပြစ်မှုကျူးလွန်သူသည် တရားရုံးတွင် တရားစွဲဆိုခံရမည်။** | |
| ၅၀။ | တစ်နာရီလျှင် ယာဉ်၏အရှိန်နှုန်း၆၀ကီလိုမီတာနှင့် အထက်ကျော်လွန်မောင်းနှင်ခြင်း၊ | ၂၄ |
| ၅၁။ | တစ်နာရီလျှင် ၆၀ ကီလိုမီတာနှင့်အထက် မောင်းနှင်ခွင့်ပြုထားသည့် လမ်းပေါ်တွင် ကျော်လွန်မောင်းနှင်ခြင်း၊ | ၂၄ |
| ၅၂။ | မဆင်မခြင် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မောင်းနှင်ခြင်း။ | ၂၄ |
| | **ပြစ်မှုကျူးလွန်သူသည် တရားရုံးတွင် တရားစွဲဆိုခံရမည်။** | |

## Demerit Points System ဖြင့် အပြစ်ပေး အမှတ်လျှော့ချခြင်း

၄။ Demerit Points System ဖြင့် အရေးယူသည့်ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဆိုင်းငံ့သည့် အကြိမ်ရေ | အရေးယူ (ဆိုင်းငံ့ရ) သည့် အကြောင်း အရာ | အချိန် ကာလ | လျှော့ပေါ့ပေးသည့် ကြိမ်ရေ | သင်တန်းပြန်လည်တက် ရောက် ပြီးနောက် ဆိုင်းငံ့ကာလ ဖြေလျှော့ပေးခြင်း |
|---|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၂၄ မှတ် (သို့မဟုတ်) ၂၄ လ အတွင်း | ၁၂ ပတ် | ၈ ပတ်<br>(သင်တန်းပြန်လည် တက်ရောက်အောင် မြင်ပြီး) | ၄ ပတ် (သို့မဟုတ်)<br>၁ ပတ် (ယာဉ်တိုက် ခိုက်မှု (သို့မဟုတ်) အပြစ်ပေး အရေးမှု တစ်ကြိမ်မျှ မရှိသောသူ) |
| ၂။ | ဒုတိယအကြိမ် | ၁၂ မှတ် (သို့မဟုတ်) ၁၂ လ အတွင်း | ၂၄ ပတ် | ၁၂ ပတ်<br>(သင်တန်းပြန်လည် တက်ရောက်အောင် မြင်ပြီး) | ၁၂ ပတ် |
| ၃။ | တတိယအကြိမ် | ၁၂ မှတ် (သို့မဟုတ်)<br>၁၂ လ အတွင်း | ၁၂ လ | - | ၁၂ လ<br>(ယာဉ်မောင်းလိုင်စင် ရုပ်သိမ်း) |
| ၄။ | စတုတ္ထအကြိမ် | ၁၂ မှတ် (သို့မဟုတ်)<br>၁၂ လ အတွင်း | ၂၄ လ | - | ၂၄ လ<br>(ယာဉ်မောင်းလိုင်စင် ရုပ်သိမ်း) |
| ၅။ | ပဉ္စမအကြိမ်နှင့် အထက် | ၁၂ မှတ် (သို့မဟုတ်)<br>၁၂ လ အတွင်း | ၃၆ လ | - | ၃၆ လ<br>(ယာဉ်မောင်းလိုင်စင် ရုပ်သိမ်း) |

၅။ ယာဉ်မောင်းလိုင်စင်အသစ် (သို့မဟုတ်) အမောင်းသင်လိုင်စင်ဖြင့် လေ့ကျင့်မောင်းနှင်နေသူသည် အမောင်းသင်ကာလ (၁)နှစ်အတွင်း Demerit Points(၁၃)မှတ်နှင့်အထက်ရရှိနေပါက ၎င်း၏ယာဉ်မောင်းလိုင်စင်အား ရုပ်ဆိုင်းခံရမည်ဖြစ်ပါသည်။ ထိုသို့ ရုပ်ဆိုင်းခံရသည့် ယာဉ်

မောင်းလိုင်စင်အား ပြန်လည်ရယူလိုပါက ရပ်ဆိုင်းခံရသည့်နေ့မှစတင်၍ (၁)နှစ် ကျော်လွန်မှသာ စာတွေ့(သီအိုရီ)နှင့် လက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းများ ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။

၆။ ယာဉ်ထိန်းရဲ၏ ပြစ်မှုမှတ်တမ်းမရှိသော ယာဉ်မောင်းများသည် တစ်ဆက်တည်း (၂၄) လ အတွင်း Demerit Points (၂၄)မှတ်နှင့်အထက်ရရှိပါက ပထမအကြိမ်အဖြစ် ယာဉ်မောင်းလိုင်စင် အား (၁၂) ပတ်ကြာ ရပ်ဆိုင်းခံရမည် ဖြစ်ပါသည်။

၇။ ယာဉ်ထိန်းရဲ၏ ပြစ်မှုမှတ်တမ်းရှိသော ယာဉ်မောင်းများသည် တစ်ဆက်တည်း (၁၂) လ အတွင်း Demerit Points(၁၂)မှတ်နှင့် အထက်ရရှိပါကထပ်တိုးပြစ်ဒဏ်များခံစားရမည်ဖြစ်သည်။ ပထမအကြိမ်ပြစ်ဒဏ်ခံရဖူးသူဖြစ်ပါကထပ်တိုးပြစ်ဒဏ်အဖြစ်ဒုတိယအကြိမ်၌(၂၄)ပတ်၊ တတိယ အကြိမ်၌ (၁)နှစ်၊ စတုတ္ထအကြိမ်၌ (၂)နှစ်နှင့် ပဥ္စမအကြိမ်နှင့်အထက်အတွက်(၃)နှစ် ရပ်ဆိုင်းခံရ မည်ဖြစ်ပါသည်။

၈။ ရပ်ဆိုင်းကာလ (၁) နှစ် သို့မဟုတ် (၁)နှစ်ထက် ပိုမိုပါက (တတိယအကြိမ်အဖြစ် ရပ်ဆိုင်း ခံရခြင်း) ၎င်းကိုင်ဆောင်သော ယာဉ်မောင်းလိုင်စင်သည် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ပါ သည်။ ထိုသို့ အလိုအလျောက် ပျက်ပြယ်သွားပါက ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူသည် ယာဉ် မောင်းလိုင်စင်အတွက် ကနဦးအခြေအနေမှစတင်၍ လိုအပ်သောစစ်ဆေးမှုများ (စာတွေ့နှင့် လက်တွေ့) ကို ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ပထမနှင့် ဒုတိယအကြိမ် ယာဉ်မောင်းလိုင်စင် ရပ်ဆိုင်းခံရခြင်းများအတွက် ယာဉ်မောင်း များအား ၎င်းတို့၏ ယာဉ်မောင်းနှင်မှုအပြုအမူကိုပြုပြင်ရန် ပြန်လည်လေ့ကျင့်သင်ကြားရမည် ဖြစ်ပါသည်။ထိုသို့ ပြန်လည်လေ့ကျင့်သင်ကြားပြီး ဖြေဆိုအောင်မြင်ပါက ၎င်းတို့၏ ယာဉ်မောင်း လိုင်စင် ရပ်ဆိုင်း ကာလအား လျှော့ပေါ့ခွင့်များ ခံစားရမည်ဖြစ်ပါသည်။

၁၀။ တတိယအကြိမ်အဖြစ် ယာဉ်မောင်းလိုင်စင် (၁)နှစ် ရပ်ဆိုင်းခံရမှုများအတွက် ပြန်လည် လေ့ကျင့်သင်ကြားမှုများနှင့် လျှော့ပေါ့ခံစားခွင့်များ မရှိပါ။

၁၁။ ယာဉ်မောင်းလိုင်စင် ရပ်ဆိုင်းခံရစဉ်ကာလအတွင်း လိုင်စင်ကိုင်ဆောင်သူသည် ၎င်း၏ ယာဉ်မောင်းလိုင်စင်အား ယာဉ်ထိန်းရဲထံသို့အပ်နှံထားရမည်ဖြစ်ပါသည်။ ပထမနှင့်ဒုတိယလိုင်စင် ရပ်ဆိုင်းခံရမှုများအတွက် ရပ်ဆိုင်းကာလပြည့်မီပါက ယာဉ်မောင်းလိုင်စင်အား ကိုင်ဆောင်သူ ထံသို့ ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။

<u>**ကျန်းမာရေးအခြေအနေ စစ်ဆေးချက် (ဆေးထောက်ခံစာ)**</u>

၁၂။ သတ်မှတ်ထားသည့် အသက်အရွယ်ရောက်သည့်အချိန်တွင် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများသည် ယာဉ်ဆက်လက်မောင်းနှင်ရန် ကျန်းမာရေးကောင်းမွန်မှုရှိ/မရှိ ကျန်းမာရေးအခြေအနေစစ်ဆေးချက်အား ဥပဒေအရ မဖြစ်မနေလိုအပ်မည်ဖြစ်ပါသည်-

(က) Class 2B ၊ 2A ၊ 2 ၊ 3 ၊ 3A ၊ 3C နှင့် 3CA ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများသည် အသက် ၆၅ နှစ်ရောက်သည့်အချိန်တွင် ယာဉ်မောင်းလိုင်စင်သက်တမ်းကုန် ဆုံး ရုပ်ဆဲသွားမည် ဖြစ်ပါသည်။ အသက် ၆၅ နှစ်မှစတင်၍ နောက်ပိုင်းတွင် (၃)နှစ် လျှင် တစ်ကြိမ် စင်္ကာပူနိုင်ငံ၏ တရားဝင် အသိအမှတ်ပြု ဆရာဝန်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများအရ ယာဉ်မောင်းနှင်ရန် သင့်လျော်မှုရှိကြောင်း ဆေးလက်မှတ် အထောက်အထားအား ကိုင်ဆောင်ထားရမည်ဖြစ်ပါသည်။

(ခ) Class 4A ၊ 4 နှင့် 5 ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများသည် အသက် ၆၅ နှစ် ရောက်သည့်အချိန်တွင် ယာဉ်မောင်းလိုင်စင်သက်တမ်း ကုန်ဆုံးရုပ်ဆဲသွားမည်ဖြစ်ပါသည်။ သို့ရာတွင် အသက် (၆၅) နှစ်မှစတင်၍ (၇၄) နှစ် အထိ (၁)နှစ်လျှင် တစ်ကြိမ် စင်္ကာပူနိုင်ငံ၏ တရားဝင်အသိအမှတ်ပြု ဆရာဝန်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများအရ ယာဉ်မောင်းနှင်ရန် သင့်လျော်မှုရှိကြောင်း ဆေးလက်မှတ်အထောက်အထားအား ကိုင်ဆောင်ထားရမည်ဖြစ်ပြီး Provisional Driving Test အား ယာဉ်မောင်းစစ်ဆေးသည့် Center များတွင် ဖြေဆို အောင်မြင်ရပါမည်။

<u>**အထွေထွေ**</u>

၁၃။ **Demerit Points System** အား **"ယာဉ်ထိန်းရဲ"** က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ Demerit Points များကို Singapore Police Force website သို့မဟုတ် SingPass App တွင် စစ်ဆေးကြည့်ရှုနိုင်ပါသည်။ ထိုသို့စစ်ဆေးရာတွင် အောက်ပါအတိုင်း စစ်ဆေးရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်၊

( ခ ) ယာဉ်မောင်းလိုင်စင်အမှတ်နှင့် ကတ်အမှတ်။

၁၄။ ဒဏ်ကြေးငွေပေးဆောင်ရန်လိုအပ်ပါက SingPass App ၊ AXS machine (သို့မဟုတ်) AXS e-station (သို့မဟုတ်) LTA One Motoring တို့၌ ပေးဆောင်နိုင်ပါသည်။

## ဖိလစ်ပိုင်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System

၁။ ဖိလစ်ပိုင်ကုန်းလမ်းပို့ဆောင်ရေးရုံး Land Transport Office (LTO) သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် Point System အသုံးပြုလျက်ရှိပြီး ယာဉ်စည်းကမ်းချိုးဖောက်မှု အဆင့် (၃) ဆင့် အပေါ်မူတည်၍ Demerit Point များရရှိမည်ဖြစ်ပါသည်။ ယာဉ်စည်းကမ်းချိုးဖောက်မှု အဆင့် (၃) ဆင့်မှာ Grave Violation၊ Less Grave Violation နှင့် Light Violation တို့ဖြစ်ပါသည်။ Demerit Point အများဆုံးရရှိသည့် စည်းကမ်းချိုးဖောက်သူများအား သင်တန်းပြန်လည်တက်စေခြင်း (သို့မဟုတ်) လိုင်စင်အားဆိုင်းငံ့ထားခြင်း (သို့မဟုတ်) လိုင်စင်ပိတ်သိမ်းခြင်းများ အရေးယူဆောင်ရွက်ပါသည်။ ယာဉ်စည်းကမ်းချိုးဖောက်မှုအဆင့် (၃) ဆင့်အတွက် ရရှိမည့် Demerit Point အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Grave Violation | - | 5 Points |
| ( ခ ) | Less Grave Violations | - | 3 Points |
| ( ဂ ) | Light Violations | - | 1 Points |

၂။ ယာဉ်မောင်းတစ်ဦးတွင် Demerit Point (၅) မှတ်မှ (၉) မှတ်အတွင်း ရရှိပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း ပြန်လည်တက်ရောက်ရမည်ဖြစ်ပြီး Demerit Point (၁၀) မှတ်မှ (၃၉)မှတ်အတွင်းရရှိပါကသင်တန်းပြန်လည်တက်ရောက်ခြင်းနှင့် ရေးဖြေစာမေးပွဲအား ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ အကယ်၍ Demerit Point (၄၀) မှတ်ရရှိပါက လိုင်စင်အား ရုပ်သိမ်းမည်ဖြစ်ပါသည်။ Demerit Point ရရှိသည့်အမှတ်အပေါ်မူတည်၍ Non-Professional လိုင်စင်မှ Professional လိုင်စင်သို့ပြောင်းလဲရာတွင် အောက်ဖော်ပြပါနှစ်များအလိုက် ရပ်နားထားရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | (၁) မှတ်မှ (၂) မှတ်အထိ | - | (၃) လ |
| ( ခ ) | (၃) မှတ်မှ (၄) မှတ်အထိ | - | (၆) လ |
| ( ဂ ) | (၅) မှတ်နှင့်အထက် | - | (၁) နှစ် |

၃။ Demerit Points အမှတ်များအား LTO LTMS Portal တွင် အကောင့်ဖွင့်လှစ်၍ ကြည့်ရှုနိုင်ပါသည်။

*Data > ASEAN > Driving License and Demerit Points Systems*

## ထိုင်းနိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System

၁။ ယာဉ်/လမ်းစည်းကမ်းချိုးဖောက်မှုကို အပြစ်ပေးအရေးယူနိုင်ရန် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူတိုင်းအတွက် အမှတ်(၁၂)မှတ်ပေးထားမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်မှုတိုင်း တွင် အမှတ်လျှော့ချသွားမည်ဖြစ်ပါသည်။ စည်းကမ်းဖောက်ဖျက်မှုနှင့် ပြင်းထန်မှုအပေါ် မူတည် ၍ အဆင့်(၄)ဆင့်ဖြင့် ခွဲခြားထားပါသည်။

၂။ ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်ဝတ်ဆင် မောင်းနှင်မှုမရှိခြင်း၊ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်မောင်းနှင်မှုမရှိခြင်း၊ သတ်မှတ်အရှိန် နှုန်းထက် ပို၍မောင်းနှင်ခြင်း၊ ပလက်ဖောင်းပေါ်တွင် ဆိုင်ကယ်မောင်းနှင်ခြင်း၊ လူကူးမျဉ်းကျား ပေါ်တွင် ယာဉ်ရပ်နားခြင်း၊ အရေးပေါ်ယာဉ်များအားဦးစားပေး လမ်းပေးမှုမရှိခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်း၊ မှတ်ပုံတင်ထားသည့် ယာဉ်အမှတ်မပါဘဲသို့မဟုတ် ယာဉ်အမှတ်အားဖုံးကွယ်၍ ယာဉ်မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်အတုဖြင့်မောင်းနှင်ခြင်း၊ လမ်းညွှန်းများကိုလိုက်နာ၍ မောင်းနှင်မှုမရှိခြင်း၊ ယာဉ်ထိန်းရဲကယာဉ်မောင်းလိုင်စင် စစ်ဆေးအချိန်တွင် စစ်ဆေးမှုခံယူရန် ပျက်ကွက်ခြင်း၊ ယာဉ်မရပ်ရနေရာများတွင် ယာဉ်ရပ်နားခြင်းနှင့် ယာဉ်ကြောစနစ်(ကပ်မောင်း စနစ်) အား လိုက်နာမှုမရှိခြင်းများအတွက် **<u>အမှတ်(၁) မှတ်ကို</u>** လျှော့ချပါသည်။

၃။ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ယာယီရပ်ဆိုင်းခံထားရစဉ် ယာဉ်မောင်းနှင်ခြင်းနှင့် မီးနီဖြတ်မောင်းခြင်းများအတွက် **<u>အမှတ်(၂) မှတ်</u>** လျှော့ချပါသည်။

၄။ လမ်းပေါ်တွင် ယာဉ်မောင်းနေစဉ် ယာဉ်မောင်းအရည်အချင်းပြည့်မီမှုမရှိကြောင်း တွေ့ရှိ ရခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားပါက တာဝန်မယူဘဲ ထွက်ပြေးတိမ်းရှောင်ခြင်းများအတွက် **<u>အမှတ်(၃)မှတ်</u>** လျှော့ချပါသည်။

၅။ အရက်သေစာသောက်စား၍ ယာဉ်မောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍ မောင်းနှင်ခြင်း နှင့် လမ်းအသုံးပြုသူများဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အပြုအမူဖြင့် မောင်းနှင်ခြင်းများအတွက် **<u>အမှတ် (၄) မှတ်</u>** ကို အများဆုံးအဖြစ် သတ်မှတ်လျှော့ချပါသည်။

၆။ ယာဉ်မောင်း (၁) ဦးသည် ရရှိထားသည့် Demerit Point (၁၂) မှတ် အားလုံး လျှော့ချခံရ ပါက ယာဉ်မောင်းလိုင်စင်အား ရက်ပေါင်း(၉၀) ယာယီရပ်ဆိုင်းခံရမည်ဖြစ်ပြီး ဆက်လက်မောင်း

နှင်နေပါက ထောင်ဒဏ် (၃) လဖြစ်စေ ၊ ဒဏ်ငွေ (ဘတ်-၁၀၀,၀၀၀) ဖြစ်စေ ၊ ဒဏ်(၂)ရပ်လုံး ဖြစ်စေ ကျခံရမည်ဖြစ်ပါသည်။

၇။ ယာဉ်မောင်းလိုင်စင်အား (၃)နှစ်အတွင်း (၃)ကြိမ် ယာယီရပ်ဆိုင်းခံရသူသည် (၄)ကြိမ်မြောက် အဖြစ်ယာယီရပ်ဆိုင်းခံယူရန်အပြစ်ရှိပါက ၎င်း၏ယာဉ်မောင်းလိုင်စင်အား လုံးဝ ဖျက်သိမ်းခံရမည်ဖြစ်ပါသည်။

၈။ Demerit Point(၁၂) မှတ်သည် သက်တမ်း (၁)နှစ်သာ သတ်မှတ်ထားပါသည်။ အမှတ် (၆)မှတ် လျှော့ချခံရသူသည် ကုန်းလမ်းပို့ဆောင်ရေးဌာနက စီစဉ်သည့်ယာဉ်မောင်းသင်တန်းအား တက်ရောက်ရမည်ဖြစ်သည်။ အမှတ်အားလုံးလျှော့ချခံရသူသည် ယာဉ်မောင်းလိုင်စင်အား ရက်ပေါင်း(၉၀) ယာယီရပ်ဆိုင်းခံယူပြီးမှသာ**အမှတ်(၁၂)မှတ်လုံး**ပြန်လည်ရရှိမည်ဖြစ်ပါသည်။

## ဗီယက်နမ်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Points System

၁။ ၂၀၂၀ ပြည့်နှစ်၌ Demerit Points System အား နည်းဥပဒေအသစ်တွင် ထည့်သွင်း ပြဋ္ဌာန်းရန် အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၁၂၃ အရအစိုးရအနေဖြင့် သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ သဘောတူညီမှုတွင် Demerit Points အား ယာဉ်မောင်းတစ်ဦးချင်းစီသို့ တစ်နှစ်လျှင် ၁၂ မှတ် ခွင့်ပြုပေးမည်ဖြစ်ပါသည်။ အမှတ်များကိုနှစ်စဉ် ပြန်လည်ပေးအပ်မည် ဖြစ်ပြီးယာဉ်မောင်းနှင်သူသည် ၁၂ မှတ် ပေးအပ်ထားသည့် (၁)နှစ်အတွင်း ပြစ်မှုကျူးလွန်မှု မရှိထားပါက အပိုဆောင်းအမှတ်များရရှိမည်ဖြစ်ပါသည်။

၂။ Demerit Points “0” မှတ်သို့ ရောက်ရှိသွားပါက ယာဉ်မောင်းလိုင်စင်အား ဖျက်သိမ်း မည်ဖြစ်ပြီးယာဉ်မောင်းလိုင်စင်ရယူလိုပါက အသစ်ပြုလုပ်သကဲ့သို့ ယာဉ်မောင်းစစ်ဆေးခြင်းများ ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အဆိုပါအမှတ်ပေးစနစ်များအား Ministry of Public Security ၏ Digital Database ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## သြစတေးလျနိုင်ငံ၌ ကျင့်သုံးနေသော Demerit Point System

၁။ သြစတေးလျနိုင်ငံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်ပါက ပြစ်ဒဏ်ရမှတ်များ ပေးမည်ဖြစ်ပြီး ထိုရမှတ်များကို စုဆောင်းထားကာ ယာဉ်မောင်းသူအားလုံးမှာ ရမှတ်သုညဖြင့် စတင်မည်ဖြစ်သည်။ သုံးနှစ်အတွင်းရမှတ် (၁၂) မှတ်အထက်ရရှိလျှင် အရည်အချင်းမပြည့်မီသည့်အတွက် တာဝန်ယူရပါမည်။ ပြစ်ဒဏ်များအတွက် ရမှတ်သည် ပြစ်ဒဏ်ကျူးလွန်ပြီး သုံးနှစ်အထိသာ အကျုံးဝင်ပါသည်။

၂။ ပြစ်မှုအမျိုးစားနှင့် မတော်တဆဖြစ်ပွားနိုင်ချေပေါ် မူတည်ကာ ပြစ်ဒဏ်ရမှတ်များ ကွာခြားသွားပါမည်။ ယာဉ်မောင်းသူများကျူးလွန်လေ့ရှိသော ပြစ်မှုများနှင့်ပြစ်ဒဏ်ရမှတ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

### (က) အရှိန်/အမြန်နှုန်းဆိုင်ရာပြစ်မှုနှင့်ရမှတ်များ

| စဉ် | ပြစ်မှုများ | ရမှတ် |
|---|---|---|
| ၁။ | သတ်မှတ်ထားသောအမြန်နှုန်းအောက် 10km/h လျှော့မောင်းခြင်း | ၂-မှတ် |
| ၂။ | သတ်မှတ်ထားသောအမြန်နှုန်း 10km/h အထက် 20km/h အောက် လျှော့မောင်းခြင်း | ၃-မှတ် |
| ၃။ | သတ်မှတ်ထားသောအမြန်နှုန်း 20km/h အထက် 30km/h အောက် လျှော့မောင်းခြင်း | ၅-မှတ် |
| ၄။ | သတ်မှတ်ထားသောအမြန်နှုန်း 30km/h အထက် 45km/h အောက် လျှော့မောင်းခြင်း | ၇-မှတ် |
| ၅။ | သတ်မှတ်ထားသောအမြန်နှုန်း 45km/h အထက် မောင်းနှင်ခြင်း | ၉-မှတ် |
| မှတ်ချက်။ ဖော်ပြပါဇယားမှ အမှတ်စဉ် (၅) အား ကျူးလွန်လျှင် ယာဉ်မောင်းလိုင်စင်အား (၆) လ အလိုအလျောက်ပိတ်သိမ်းမည့်အပြင် မော်တော်ယာဉ်ကိုပါ တာဝန်ရှိသူမှ တရားဝင်သိမ်းယူမည်ဖြစ်ပါသည်။ | | |

## ( ခ ) အထွေထွေယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုနှင့်ရမှတ်များ

| စဉ် | ပြစ်မှုများ | ရမှတ် |
|---|---|---|
| ၁။ | မီးနီဖြတ်မောင်းခြင်း | ၃-မှတ် |
| ၂။ | ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းသုံးခြင်း | ၃-မှတ် |
| ၃။ | ယာဉ်မောင်းအသက်ကယ်ခါးပတ် မပတ်ထားခြင်း | ၃-မှတ် |
| ၄။ | ရပ်ရန်သတ်မှတ်ထားသည့်လမ်းဆုံများနှင့် အခြားနေရာများတွင် မရပ်ခြင်း | ၃-မှတ် |
| ၅။ | P သို့မဟုတ် L နံပါတ်ပြားမပါဘဲမောင်းနှင်ခြင်း | ၂-မှတ် |
| ၆။ | မှတ်ပုံတင်မထားသည့်ယာဉ်အားမောင်းနှင်ခြင်း | ဒဏ်ကြေးငွေ |
| ၇။ | ညအချိန်နှင့် အန္တရာယ်များသည့် ရာသီဥတုအခြေအနေတွင် လိုအပ်သည့်မီးမပါဘဲမောင်းနှင်ခြင်း | ၁-မှတ် |

၄။ ပြစ်ဒဏ်ရမှတ်(၆)မှတ်နှင့်အထက်ရရှိလျှင် သတိပေးစာကိုဦးစွာရရှိမည်။ ထိုသတိပေးစာတွင် ပြစ်မှုအသေးစိတ်၊ ပြစ်မှုတစ်ခုချင်းစီ ကျူးလွန်ခဲ့သည့်ရက်စွဲ၊ ထိုပြစ်မှုများအတွက် ရရှိသည့်ပြစ်ဒဏ်ရမှတ်များပါဝင်သည်။ လိုင်စင်ပိတ်သိမ်းသည့်သတိပေးစာကို အမျိုးအစားနှင့် အချိန်ကာလဖော်ပြချက်ပါဝင်သည့် Mail ဖြင့်ပေးပို့မည်ဖြစ်သည်။ အကယ်၍ ရဲမှ ယာဉ်မောင်းလိုင်စင်ပျောက်ဆုံးကြောင်း ထုတ်ပြန်ထားပါက အကြောင်းကြားစာအား Mail ဖြင့် ပေးပို့မည်မဟုတ်ဘဲ စာပုံစံဖြင့်အကြောင်းကြားမည်ဖြစ်သည်။

၅။ သတိပေးစာလက်ခံရရှိပါက ပေးဆောင်ရမည့်ဒဏ်ကြေးကို ထုတ်ပြန်သည့်နေ့မှ (၂၈)ရက်အတွင်း သွားရောက်ပေးဆောင်ရပါမည်။ ပထမအကြိမ်သတိပေးစာအတွက် အကြောင်းပြန်ခြင်းမရှိပါက ဒုတိယအကြိမ်အဖြစ် သက်ဆိုင်ရာအရာရှိမှ လူကိုယ်တိုင်လာရောက် အကြောင်းကြားမည်ဖြစ်ပြီး ပိုမိုမြင့်မားသောဒဏ်ကြေးငွေပေးဆောင်ရမည်။ ဒုတိယအဆင့်သတိပေးချက်အားယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူမှ အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ပါက ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်လျှောက်ထားခြင်း လုပ်ငန်းစဉ်များအား ကန့်သတ်ထားမည်ဖြစ်သည်။

၆။ (၃)နှစ်ကာလအတွင်းပြစ်ဒဏ်ရမှတ်(၁၂)မှတ်နှင့်အထက်ရရှိလျှင် ယာဉ်မောင်းလိုင်စင်ရရှိကိုင်ဆောင်ထားခြင်းပိတ်သိမ်းမည်။ (၁၂)မှတ်မှ (၁၅)မှတ်ထိရရှိပါက ယာဉ်မောင်းနှင်ခွင့် (၃)လ၊ (၁၆)မှတ်မှ (၂၀)မှတ်ထိရရှိလျှင် (၄)လနှင့် (၂၀) မှတ်ထက်ကျော်လွန်လျှင် (၅)လအထိ ပိတ်သိမ်း

ခံရမည်။ ပိတ်သိမ်းကြောင်းတရားဝင်သတိပေးချက် လက်ခံရရှိသည့်အချိန်မှစ၍ (၂၈)ရက်အတွင်းတွင် ပြစ်ဒဏ်ကာလစတင်မည်ဖြစ်သည်။ ယင်းပြစ်ဒဏ်ကာလများကုန်ဆုံးပြီးပါက ပြစ်ဒဏ်အမှတ်ပေးခြင်းစနစ် ပြန်လည်စတင်မည်ဖြစ်ပါသည်။

## တရုတ်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Point System

၁။ တရုတ်နိုင်ငံသည် Demerit Point System အား ၂၀၁၃ ခုနှစ်ကပင် စတင်ခဲ့သည်။ ထိုစနစ်အရ ယာဉ်မောင်းနှင်သူတိုင်းတွင် (၁၂) လကာလအတွင်း (၁၂)မှတ်စီ ရှိရမည်ဖြစ်ပါသည်။ အမှတ်များကို ပြစ်မှုအလိုက် (၁) မှတ်၊ (၂) မှတ်၊ (၃) မှတ်၊ (၆) မှတ်နှင့် (၁၂) မှတ်ဟူ၍ အဆင့်ဆင့် ဖြတ်တောက်သွားမည်ဖြစ်ပါသည်။ (၁၂) မှတ်လုံး ဖြတ်တောက်ပြီးပါက ယာဉ်မောင်းလိုင်စင်ကို ယာဉ်ထိန်းရဲတပ်ဖွဲ့က ပိတ်သိမ်းပြီး မောင်းနှင်သူက (၇) ရက် သင်တန်းတက်ကာ ယာဉ်မောင်းလိုင်စင်ပြန်လည်ရရှိရန် ရေးဖြေစာမေးပွဲကို ပြန်လည်ဖြေဆိုရမည်ဖြစ်ပါသည်။ (၁၂) လတာကာလအတွင်း (၁၂) မှတ်အောက် အမှတ်ဖြတ်မှုများကို ဒဏ်ကြေးအဖြစ်သာ သတ်မှတ်ပြီး လျော့ပေါ့ပေးပါသည်။ သတ်မှတ်ထားသောဒဏ်ကြေးများကို မပေးချေဘဲ မှတ်တမ်းကျန်ရှိနေလျှင် ဖြတ်တောက်ထားသောအမှတ်များကို နောင်လာမည့် (၁၂) လတာကာလအထိ သယ်ဆောင်သွားမည်ဖြစ်ပါသည်။ ပေးထားသော (၁၂) မှတ်အား မည်သို့ဖြတ်တောက်မည်ကို အောက်တွင် ဖော်ပြထားပါသည်။

(က) အောက်ဖော်ပြပါ စည်းကမ်းချိုးဖောက်ခြင်းများအတွက် **<u>(၁၂) မှတ် ဖြတ်မည်</u>**ဖြစ်ပါသည် -

(၁) အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊

(၂) ရာဇဝတ်မှုဟု သတ်မှတ်မထားသော ယာဉ်စည်းကမ်းချိုးဖောက်မှုကို ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်ခြင်း၊

(၃) လိုင်စင်နံပါတ်ပြားမပါသောမော်တော်ယာဉ်၊ ရည်ရွယ်ချက်ဖြင့် ဖုံးကွယ်ဆေးဆိုး၍ ဖျက်ထားသော၊ လိုအပ်သောအဆင့်နှင့် ကိုက်ညီမှုမရှိသည့် နံပါတ်ပြားဖြင့်မောင်းနှင်ခြင်း၊

(၄) မော်တော်ယာဉ်လိုင်စင်၊ နံပါတ်ပြား၊ ယာဉ်မောင်းလိုင်စင်အတုများ အသုံးပြုခြင်းနှင့် အခြားမော်တော်ယာဉ်မှ လိုင်စင်နံပါတ်ပြားကို အသုံးပြုခြင်း၊

(၅) အမြန်လမ်းပေါ်တွင် ပြောင်းပြန်မောင်းနှင်ခြင်း (သို့မဟုတ်) မျဉ်းသေနေရာ၌ "ဂငယ်" ကွေ့ကွေ့ခြင်း၊

(၆) ခွင့်ပြုထားသော အမြန်နှုန်းကန့်သတ်ချက်ထက် (၅၀) ရာခိုင်နှုန်း ပိုမို မောင်းနှင်ခြင်း။

(ခ) အောက်ဖော်ပြပါ စည်းကမ်းချိုးဖောက်ခြင်းများအတွက် **(၆)မှတ် ဖြတ်မည်**ဖြစ်ပါသည် -

(၁) ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းကာလအတွင်း မော်တော်ယာဉ်မောင်းနှင်ခြင်း၊

(၂) မီးဝါစဉ်တွင် ဖြတ်မောင်းခြင်း၊

(၃) ခွင့်ပြုထားသော အမြန်နှုန်းသတ်မှတ်ချက်ထက် (၂၀) ရာခိုင်နှုန်း ပိုပြီး (၅၀) ရာခိုင်နှုန်းအောက် မောင်းနှင်ခြင်း။

(ဂ) အောက်ဖော်ပြပါစည်းကမ်းချိုးဖောက်မှုများအတွက် **(၃) မှတ်ဖြတ်မည်**ဖြစ်ပါသည် -

(၁) အမြန်လမ်းပေါ်တွင် သတ်မှတ်ထားသော အမြန်နှုန်းအောက်လျှော့မောင်းခြင်း၊

(၂) အမြန်လမ်းနှင့် မြို့တွင်းလမ်းမပေါ်တွင် လမ်းကြောင်းမှား၍ မောင်းနှင်ခြင်း၊

(၃) အရှိန်လျှော့ရမည့်နေရာတွင် အရှိန်လျှော့ရန်ပျက်ကွက်ခြင်း၊ ရပ်ရမည့်နေရာ၊ ခြေကျင်လမ်းအသုံးပြုသူများအတွက် လမ်းပေးရမည့်နေရာနှင့် လူကူးမျဉ်းကျားတွင် မရပ်ခြင်း၊

(၄) တားမြစ်သင်္ကေတများကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၅) လမ်းပြောင်းပြန်မောင်းနှင်ခြင်း (သို့မဟုတ်) လမ်းပေးရန် ပျက်ကွက်ခြင်းနှင့် မှားယွင်းစွာကျော်တက်ခြင်း၊

(၆) လမ်းပေါ်၌ ကားပျက်၍ ရပ်ထားစဉ်အတွင်း အခြားလမ်းအသုံးပြုသူများ သတိပြုမိစေရန် သင့်လျော်သည့် မီးအချက်ပြ (သို့မဟုတ်) သတိပေးဆိုင်းဘုတ်များရှိရန် ပျက်ကွက်ခြင်း၊

(၇) ဥပဒေအရ လိုအပ်သောယာဉ်စစ်ဆေးခံယူခြင်းမပြုလုပ်ရသေးမီ မော်တော်ယာဉ်မောင်းနှင်ခြင်း။

(ဃ) အောက်ဖော်ပြပါ စည်းကမ်းချိုးဖောက်မှုများအတွက် **(၂) မှတ် ဖြတ်မည်**ဖြစ်ပါသည် -

(၁) လိုအပ်သည့်လမ်းဆုံနေရာများတွင် မောင်းနှင်ရန် (သို့မဟုတ်) ရပ်ရန်ပျက်ကွက်ခြင်း၊

(၂) ယာဉ်မောင်းနှင်နေစဉ် ဖုန်းအသုံးပြုခြင်း၊

(၃) ဥပဒေအရ လိုအပ်သောမြို့တွင်းနှင့် အဝေးပြေးလမ်းမပေါ်မောင်းနှင်နေစဉ်ခါးပတ်မပတ်ခြင်း။

( င ) အောက်ဖော်ပြပါ စည်းကမ်းချိုးဖောက်မှုများအတွက် **(၁) မှတ် ဖြတ်မည်** ဖြစ်ပါသည် -

(၁) မောင်းနှင်နေစဉ် မီးအား သင့်လျော်စွာ အသုံးမပြုခြင်း၊

(၂) အခြားယာဉ်များနှင့် တွေ့ဆုံစဉ် လိုက်နာရမည့်စည်းကမ်းများ မလိုက်နာခြင်း၊

(၃) ကားစစ်ဆေးချက်၊ မော်တော်ယာဉ်အာမခံစာအုပ်များအား ကားလေကာမှန်ပေါ်တွင် ပြသထားရှိရန် ပျက်ကွက်ခြင်း၊

(၄) မော်တော်ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်း။

## အိန္ဒိယနိုင်ငံ၌ ကျင့်သုံးနေသော Demerit Point System

၁။ အိန္ဒိယနိုင်ငံတွင် Demerit Point System ကို (၁.၈.၂၀၁၇) ရက်၌ စတင်ကျင့်သုံးခဲ့သည်။ ယာဉ်မောင်းသူတိုင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုတိုင်းအတွက် ပြစ်ဒဏ်အမှတ်များရရှိမည်ဖြစ်သည်။ (၂၄) လအတွင်း ပြစ်ဒဏ်(၁၂)မှတ်ထိရရှိပါက ကျူးလွန်သူတို့သည် ၎င်းတို့၏ယာဉ်မောင်းလိုင်စင်ကို (၁)နှစ် ပိတ်သိမ်းခံရမည်ဖြစ်ပြီး ယင်း (၂၄) လကာလအတွင်း ပြစ်ဒဏ်မှတ် (၁၂) မှတ် ထပ်မံရရှိပါက လိုင်စင်ပိတ်သိမ်းကာလမှာ (၂) နှစ်ဖြစ်ပါသည်။ ပြစ်ဒဏ်ရမှတ်များအပေါ် မူတည်ကာ ယာဉ်မောင်းသူအနေဖြင့် လိုင်စင်ကို နှစ်တိုးပိတ်သိမ်းခံသွားရပါမည်။ သင်မောင်းလိုင်စင်ကိုင်ဆောင်သူများအတွက်မှာမူ ပြစ်ဒဏ်မှတ် (၅) မှတ် ရရှိရုံမျှဖြင့် ၎င်းတို့၏ လိုင်စင်ပိတ်သိမ်းခံရမည်ဖြစ်ပါသည်။

၂။ အိန္ဒိယနိုင်ငံတွင် Demerit Point System ကို ဟိုက်ဒရာဘတ်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင့်သုံးခဲ့သည့် ရည်ရွယ်ချက်မှာ ထိုမြို့အား ခရီးသွားလာရေးနှင့် သာယာလှပသော ဒေသတစ်ခုအဖြစ်ပြောင်းလဲရန်နှင့် ခရီးသွားများအနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာလာကြစေရန် လက်ရှိအချိန်ထိ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

## ဂျပန်နိုင်ငံ၌ ကျင့်သုံးနေသော Demerit Point System

၁။ ဂျပန်နိုင်ငံတွင် Demerit Point System ကိုကျင့်သုံးပါသည်။ အခြားနိုင်ငံများနှင့် မတူဘဲ ဂျပန်နိုင်ငံရှိ ယာဉ်စည်းကမ်းချိုးဖောက်မှုများသည် ပြစ်မှုကျူးလွန်မှုကြီးမားလေလေ Demerit Point ပိုများလေလေဖြစ်သည်။ အမှတ်သုညမှစတင်၍ လမ်းစည်းကမ်းချိုးဖောက်မှုအခြေအနေကို မူတည်ပြီး Demerit Point များ တိုးလာမည်ဖြစ်လာသည်။ Demerit Point အမှတ်များသည် လိုင်စင်တွင် သက်တမ်း (၃) နှစ်ရှိနေမည်ဖြစ်ပြီး ထိုအချိန်အတောအတွင်း အခြားလမ်းစည်းကမ်း ချိုးဖောက်မှုဖြစ်ခဲ့လျှင် ထိုကာလထက်ပိုကြာမြင့်မှုမျိုးလည်း ဖြစ်နိုင်ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက ထုတ်ပြန်ချက်အရ ဆဲလ်ဖုန်းကြောင့်ဖြစ်ပေါ်လာသော မတော်တဆမှုများကြောင့် ဒဏ်ကြေးငွေများနှင့် အမှတ်များနှစ်ဆဖြစ်လာပါသည်။ အောက်ဖော်ပြပါဇယားသည် ယာဉ်မောင်းနှင်သူ၏လိုင်စင်ဖျက်သိမ်းခြင်းဆိုင်ရာ Demerit Pointအရေအတွက်နှင့် အမှတ်တစ်ခုချင်းစီ၏သက်တမ်းကို ဖော်ပြထားပါသည် -

| **ယခင် ဆိုင်းငံ့မှုများ** | **လိုင်စင်ခေတ္တဆိုင်းငံ့ကာလ** | | | | | | **လိုင်စင်ပြန်လည်ရုပ်သိမ်းကာလ** | | |
|---|---|---|---|---|---|---|---|---|---|
| | **၃၀ ရက်** | **၆၀ ရက်** | **၉၀ ရက်** | **၁၂၀ ရက်** | **၁၅၀ ရက်** | **၁၈၀ ရက်** | **(၁)နှစ်** | **(၂)နှစ်** | **(၃)နှစ်** |
| ၀ | ၆-၈ မှတ် | ၉-၁၁ မှတ် | ၁၂-၁၄ မှတ် | ပြန်လည်ရုပ်သိမ်းခြင်း | | | ၁၅-၂၄ မှတ် | ၂၅-၃၄ မှတ် | ၃၅+ မှတ် |
| ၁ | | ၄-၅ မှတ် | ၆-၇ မှတ် | ၈-၉ မှတ် | ပြန်လည် ရုပ်သိမ်းခြင်း | | ၁၀-၁၉ မှတ် | ၂၀-၂၉ မှတ် | ၃၀+ မှတ် |
| ၂ | | | ၂ မှတ် | ၃ မှတ် | ၄ မှတ် | ပြန်လည် ရုပ်သိမ်း ခြင်း | ၅-၁၄ မှတ် | ၁၅-၂၄ မှတ် | ၂၅+ မှတ် |
| ၃ | | | | ၂ မှတ် | ၃ မှတ် | ပြန်လည် ရုပ်သိမ်း | ၄-၉ မှတ် | ၁၀-၁၉ မှတ် | ၂၀+ မှတ် |

*Data > ASEAN > Driving License and Demerit Points Systems*

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | ခြင်း | | | |
| ၄ | | | | | ၂ မှတ် | ၃ မှတ် | | | |

၃။ အဖြစ်များသော ယာဉ်စည်းကမ်းချိုးဖောက်မှုများအတွက် Demerit Point များကို အောက်ဖော်ပြပါဇယားတွင် ထည့်သွင်းပြသထားပါသည် -

| **စည်းကမ်းချိုးဖောက်မှုများ** | **ပြစ်မှုအမှတ်များ** |
|---|---|
| လိုင်စင်မဲ့မောင်းနှင်ခြင်း | ၂၅ |
| သွေးတွင်းအရက်ပါဝင်မှု (ဝ.၂၅) သို့မဟုတ် (ဝ.၂၅) ထက်ကျော်လွန်ခြင်း | ၂၅ |
| သွေးတွင်းအရက်ပါဝင်မှု (ဝ.၂၅) အောက် | ၁၃ |
| သတ်မှတ်အမြန်နှုန်းထက် (၅ဝ) kph ပိုမောင်းခြင်း | ၁၂ |
| သတ်မှတ်အမြန်နှုန်းထက် (၃ဝ) kph နှင့် (၅ဝ) kph ကြားပိုမောင်းခြင်း | ၆ |
| သတ်မှတ်အမြန်နှုန်းထက်(၂၅) kphနှင့်(၃ဝ) kphကြားပိုမောင်းခြင်း | ၃ |
| သတ်မှတ်အမြန်နှုန်းထက်(၂ဝ) kph နှင့်(၂၅) kphကြားပိုမောင်းခြင်း | ၂ |
| သတ်မှတ်အမြန်နှုန်းအောက် (၂ဝ) kphလျှော့မောင်းခြင်း | ၁ |
| ရပ်နားရန်(သို့မဟုတ်) ရပ်ဆိုင်းရန်မဟုတ်သောနေရာတွင်ရပ်ခြင်း | ၃ |
| ပါကင်မထိုးရမည့်နေရာတွင် ပါကင်ထိုးခြင်း | ၂ |
| မီးနီနေစဉ်ဖြတ်ကူးခြင်း | ၂ |
| အချက်ပြမီးဝါပြနေစဉ်မရပ်ခြင်း | ၂ |
| ဆဲလ်ဖုန်းအသုံးပြုမှု(မတော်တဆမှုဖြစ်စေသည့်အထိ(သို့)တခြားသူများကို အန္တရာယ်ပြုစေသည်အထိ) | ၂ |
| ဆဲလ်ဖုန်းအသုံးပြုမှု (ပုံမှန်) | ၁ |

၄။ ယာဉ်နှင့်ပတ်သက်သောပြစ်မှုမှတ်တမ်းမရှိသောသူသည် ပြစ်ဒဏ်ပေးခံရမည်မဟုတ်ပါ။ ဥပမာအားဖြင့် ယခင်ကယာဉ်စည်းကမ်းမချိုးဖောက်သောသူများအတွက် ယေဘုယျအားဖြင့် Demerit Point ကန့်သတ်ချက်မှာ (၁၅) မှတ် သတ်မှတ်ထားသောကြောင့် သွေးတွင်းအရက်ပါဝင်မှု BAC (ဝ.၂၅) အောက်ရှိသော ယာဉ်မောင်းသူသည် ယခင်ယာဉ်စည်းကမ်းချိုးဖောက်မှု မရှိပါက ၎င်းတို့၏ ယာဉ်မောင်းလိုင်စင်အား (၁) နှစ် ရုပ်သိမ်းခံရမည်မဟုတ်ပါ။ သို့သော်လည်း

ယာဉ်မောင်းနှင်သူသည် ၎င်း၏လိုင်စင်အား ဆက်လက်ထိန်းသိမ်းထားနိုင်မည့် ရက်ပေါင်း (၉၀) ခေတ္တရပ်ဆိုင်းခံရမည်ဖြစ်သည်။ ယခင်က ယာဉ်စည်းကမ်းချိုးဖောက်မှုမှတ်တမ်းရှိသော ယာဉ်မောင်းနှင်သူသည် လိုင်စင်ဖြတ်သိမ်းမခံရမီ Demerit Point (၅) မှတ် သို့မဟုတ် (၆) မှတ်သာရှိသော်လည်း အထက်ဖော်ပြပါအခြေအနေများနှင့်နည်းတူ လိုင်စင်ကိုချက်ချင်းအသိမ်းခံရမည်ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ မည်သို့သောပြစ်မှုဖြစ်စေကာမူ ယာဉ်မောင်းသူသည် အခင်းဖြစ်ပွားရာနေရာမှထွက်သွားလျှင် Demerit Point (၅) မှတ်ကိုလိုင်စင်တွင် ထည့်သွင်းခံရမည်ဖြစ်ပါသည်။ လိုင်စင် တစ်ခါရုပ်သိမ်းခံရလျှင် အနည်းဆုံးတစ်နှစ် (သို့မဟုတ်) တစ်နှစ်ထက်မက လိုင်စင်အသစ်ပြုလုပ်ရန် တားမြစ်ခံရမည်ဖြစ်ပါသည်။ ဆိုင်းငံ့ကာလ၊ ရုပ်သိမ်းသည့်ကာလ (သို့မဟုတ်) ယာဉ်စည်းကမ်း ချိုးဖောက်မှုတစ်ခုမှမရှိဘဲ တစ်နှစ်ပြည့်သွားလျှင် Demerit Point အမှတ်များသည် သုညသို့ ပြန်လည် သတ်မှတ်ခံရမည်။

၅။ Demerit Point အမှတ် အရေအတွက်များသည် ယာဉ်စည်းကမ်းချိုးဖောက်မှုပြစ်မှုအပေါ် မူတည်ပါသည်။ ယာဉ်စည်းကမ်းချိုးဖောက်မှုကို အပိုင်းနှစ်ပိုင်းခွဲခြားထားပါသည်။ ၎င်းတို့မှာ ထူးခြားသောယာဉ်စည်းကမ်းချိုးဖောက်မှုများနှင့် သာမာန်ယာဉ်စည်းကမ်းချိုးဖောက်မှုများတို့ဖြစ်သည်။ ထူးခြားသော ယာဉ်စည်းကမ်းချိုးဖောက်မှုများသည် ပိုမိုပြင်းထန်ပြီး Demerit Point အမှတ်အရေအတွက်လည်း ပိုများပြားသည်။ Demerit Point အမှတ်များသည် တစ်ဦးချင်းစီ၏လိုင်စင်တွင် (၃)နှစ်ရှိနေမည်ဖြစ်သည်။ လိုင်စင်များသည် အောက်ဖော်ပြပါအတိုင်း ရုပ်သိမ်းပြီး ဆိုင်းငံ့ခံထားရမည် -

(က) Demerit Point (၆)မှတ်ရလျှင် ယာဉ်မောင်းလိုင်စင်သည် ရက်ပေါင်း(၃၀)ကြာ ရုပ်သိမ်းခံရမည်ဖြစ်ပါသည်။ ပြစ်မှုကျူးလွန်သူသည် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးကော်မရှင်မှ ဖွင့်လှစ်သောဟောပြောပွဲကို တက်ရောက်ခြင်းအားဖြင့် လိုင်စင်ရုပ်သိမ်းသည့်ကာလကို ဖြေလျှော့နိုင်ပါသည်။

(ခ) Demerit Point အရေအတွက် (၁၅) မှတ်ရခဲ့လျှင် ယာဉ်မောင်းလိုင်စင်သည် တစ်နှစ်ကြာပိတ်သိမ်းခြင်းခံရမည်။ တားမြစ်ချက်ကို ပိတ်သိမ်းပြီးနောက် ယာဉ်မောင်းသူသည်ကနဦးမှစ၍ ယာဉ်မောင်းလိုင်စင်အသစ်ကို လျှောက်ထားနိုင်သည်။

## တောင်ကိုရီးယားနိုင်ငံ၌ ကျင့်သုံးနေသော Demerit Point System

၁။ တောင်ကိုးရီးယားနိုင်ငံတွင် Demerit Point System စနစ်ကိုကျင့်သုံးပါသည်။ ယာဉ်/လမ်းစည်းကမ်းချိုးဖောက်မှုများအတွက် တောင်ကိုရီးယားနိုင်ငံ၏ Demerit Point သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ပြစ်ဒဏ် အမှတ်များ | စည်းကမ်းချိုးဖောက်မှုများ |
|---|---|
| ၁၀၀ မှတ် | • သတ်မှတ်အမြန်နှုန်းထက် (၁၀၀km/h) ကျော်လွန်မောင်းနှင်ခြင်း၊<br>• သတ်မှတ်ထားသော အရက်သေစာသောက်စားမှု အဆင့်ထက်ကျော်လွန်၍ သောက်စားပြီးမော်တော်ယာဉ်ကို မောင်းနှင်ခြင်း - သွေးတွင်းအရက်ပါဝင်မှု အဆင့်သတ်မှတ်ချက် (၀.၃)% အထက်နှင့် (၀.၈) % အောက်၊<br>• ပြစ်မှုဆိုင်ရာဥပဒေအောက်၌ မော်တော်ယာဉ်ဖြင့် အထူးထိခိုက်နာကျင်စေမှုအတွက် ဒဏ်ကြေးငွေပေးဆောင်ရခြင်း။ |
| ၈၀ မှတ် | • သတ်မှတ်အမြန်နှုန်းထက် တစ်နာရီကီလိုမီတာ (၈၀) မောင်းနှင်ခြင်းနှင့် သတ်မှတ် အမြန်နှုန်း တစ်နာရီကီလိုမီတာ (၁၀၀) အောက်မောင်းနှင်ခြင်း။ |
| ၆၀ မှတ် | • သတ်မှတ်အမြန်နှုန်းထက် တစ်နာရီကီလိုမီတာ (၆၀) မောင်းနှင်ခြင်းနှင့် သတ်မှတ်အမြန်နှုန်းအောက်တစ်နာရီကီလိုမီတာ (၈၀) မောင်းနှင်ခြင်း။ |
| ၄၀ မှတ် | • ယာဉ်မောင်းသူသည် ယာဉ်ရပ်နားခြင်း/ပါကင်ထိုးခြင်းနှင့် သက်ဆိုင်သော လိုအပ်ချက်များကို မလိုက်နာခြင်း၊<br>• ယာဉ်မောင်းသည် အန္တရာယ်ရှိသော လုပ်ရပ်များကို ဆောင်ရွက်သည့်အတွက် တရားစွဲဆိုခံထားရခြင်း၊<br>• ယာဉ်မောင်းသည်မဆင်မခြင်မောင်းနှင်မှုအတွက်တရားစွဲဆိုခံထားရခြင်း၊<br>• ယာဉ်မောင်းသည် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန်ပျက်ကွက်ခြင်း၊<br>• ခရီးသည်ကအနှောင့်အယှက်ဖြစ်စေရန် ပြုမူဆောင်ရွက်နေသည်ကို ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ခြင်း၊ |

| ပြစ်ဒဏ် အမှတ်များ | စည်းကမ်းချိုးဖောက်မှုများ |
|---|---|
| | • တရားရုံးသို့ တက်ရောက်ပြီးကာလ (သို့မဟုတ်) ဒဏ်ကြေးပေးဆောင်မှု သက်တမ်း ကုန်ဆုံးရက်ပြီးဆုံးပြီးနောက် ရက်ပေါင်း(၆၀)အတွင်း ပြစ်ဒဏ် သတ်မှတ်ချက်အတွက် မဆုံးဖြတ်ရသေးခြင်း။ |
| ၃၀ မှတ် | • ယာဉ်မောင်းသူများသည် သတ်မှတ်ယာဉ်ကြောအတွင်း မောင်းနှင်မှုမရှိခြင်း၊<br>• သတ်မှတ်အမြန်နှုန်းထက် တစ်နာရီကီလိုမီတာ(၄၀) မောင်းနှင်ခြင်းနှင့် သတ်မှတ်အမြန်နှုန်းအောက် တစ်နာရီကီလိုမီတာ (၆၀) မောင်းနှင်ခြင်း၊<br>• ယာဉ်မောင်းသူသည် ရထားလမ်းဖြတ်သန်းမှု နည်းလမ်းများကို ချိုးဖောက်ခြင်း၊<br>• ယာဉ်မောင်းနှင်သူများသည် ကလေးကျောင်းကားများအတွက် သတ်မှတ်ထားသည့် အထူးကာကွယ်ရေး စည်းမျဉ်းများကို ချိုးဖောက်ခြင်း၊<br>• ကလေးကျောင်း ကားမောင်းနှင်သူများသည် ပေးအပ်ထားသောတာဝန်များကို မလိုက်နာခြင်း (ကလေးငယ်များ ထိုင်ခုံခါးပတ်ဝတ်ဆင်ထားရန် ယာဉ်မောင်းသူမှ မမှာကြားခြင်းမပါ)၊<br>• ယာဉ်မောင်းသူများသည် အမြန်လမ်း၏ လမ်းပခုံးသားများ (သို့မဟုတ်) ယာဉ်မမောင်းရသည့်နေရာများ၌ ယာဉ်ကိုမောင်းနှင်ခြင်း၊<br>• ယာဉ်မောင်းသူသည် ဘတ်စ်ကားများ (သို့) ဝန်လေးယာဉ်များအတွက် အမြန်လမ်းပေါ်၌ သတ်မှတ်ထားသည့်စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊<br>• ယာဉ်မောင်းသူများသည် ယာဉ်မောင်းလိုင်စင် ID ကိုအတည်ပြုရန် ရဲအရာရှိနှင့် အမေးအဖြေလုပ်ရန် ပူးပေါင်းပါဝင်မှုမရှိခြင်း (သို့မဟုတ်) ၎င်းတို့၏ ယာဉ်မောင်းလိုင်စင်ကို ပြသရန်ငြင်းဆိုခြင်း။ |
| ၁၅ မှတ် | • ယာဉ်မောင်းသူများသည်လမ်းညွှန်များ၊ အချက်ပြများကို မလိုက်နာခြင်း၊<br>• သတ်မှတ်အမြန်နှုန်းထက် တစ်နာရီကီလိုမီတာ (၂၀) မောင်းနှင်ခြင်းနှင့် သတ်မှတ်အမြန်နှုန်းအောက်တစ်နာရီကီလိုမီတာ(၄၀) မောင်းနှင်ခြင်း၊<br>• မနက်(၈)နာရီမှ ည(၈)နာရီအတွင်း ကလေးငယ်ကာကွယ်ရေးဇုန်အတွင်း အမြန်နှုန်းသတ်မှတ်ချက် တစ်နာရီကီလိုမီတာ (၂၀) ထက်ကျော်လွန်၍ မောင်း |

| ပြစ်ဒဏ် အမှတ်များ | စည်းကမ်းချိုးဖောက်မှုများ |
|---|---|
| | နှင်သော ယာဉ်မောင်းများနှင့်သာ သက်ဆိုင်သောအမြန်နှုန်းချိုးဖောက်မှုများ၊<br>• ယာဉ်မောင်းသူများသည် မဖြတ်သန်းရအချိန်များ (သို့မဟုတ်) ဇုန်များကို ချိုးဖောက်ခြင်း၊<br>• ယာဉ်မောင်းသူများသည် အလေးချိန်ကန့်သတ်ချက်များ (သို့မဟုတ်) ခရီးဆောင်အိတ်ပြုတ်ကျခြင်းမှ ကာကွယ်ခြင်းများကို ချိုးဖောက်ခြင်း၊<br>• ယာဉ်မောင်းသူများသည် ကားမောင်းနေစဉ်ဆဲလ်ဖုန်းများကို အသုံးပြုခြင်း၊<br>• ယာဉ်မောင်းနှင်မှုကို အနှောက်အယှက်ဖြစ်စေသည့် ဗွီဒီယိုပြသခြင်း၊<br>• ယာဉ်ရပ်နားကွင်းသို့ ဝင်ရောက်လာစဉ်အတွင်း ဗွီဒီယိုပြသခြင်း၊<br>• ယာဉ်မောင်းသူများသည် Tachograph မထည့်သွင်းထားသော ကားများကို မောင်းနှင်ခြင်း။ |
| ၁၀ မှတ် | • ယာဉ်မောင်းသူများသည် သတ်မှတ်ထားသောယာဉ်လိုင်းများ၊ ယာဉ်ကြောများကို ချိုးဖောက်ခြင်း၊<br>• ကားလမ်းသီးသန့် သတ်မှတ်ထားသည့် လမ်းများကိုချိုးဖောက်ခြင်း၊<br>• လမ်းပေါ်တွင် ယာဉ်မောင်းနှင်နေစဉ် ယာဉ်တစ်စီးနှင့်တစ်စီးကြား ထားရှိရမည့် အကွာအဝေးကို ထိန်းသိမ်းထားမှုမရှိခြင်း၊<br>• မဖြတ်သန်းရသည့် သတ်မှတ်နည်းလမ်းများကို ချိုးဖောက်ခြင်း၊<br>• ခရီးသည်များကို ဘေးအန္တရာယ်ကင်းရှင်းစေရေးကာကွယ်ပေးရမည့် စည်းမျဉ်းများကို မလိုက်နာခြင်း၊<br>• ခရီးသည်များ ယာဉ်ပေါ် အတက်၊ အဆင်းပြုလုပ်ရာတွင် လဲမကျစေရန် ဆောင်ရွက်ပေးရမည့်နည်းလမ်းများကို ချိုးဖောက်ခြင်း၊<br>• ဘေးအန္တရာယ်ကင်းရှင်းစေရေး တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်း၊<br>• လမ်းမပေါ်တွင် ငြင်းခုံတိုက်ခိုက်၍ ဖြတ်သန်းလာသောယာဉ်များ (သို့မဟုတ်) မြင်းများကို အဟန့်အတားပြုခြင်း၊<br>• လမ်းမပေါ်ရှိလူများ၊ ယာဉ်များ (သို့မဟုတ်) ကားများကို ပျက်စီးစေသော အန္တရာယ်ဖြစ်စေသော ကျောက်တုံးများ၊ ဖန်ပုလင်းများ၊ သတ္တုအပိုင်းအစများ |

| ပြစ်ဒဏ်အမှတ်များ | စည်းကမ်းချိုးဖောက်မှုများ |
|---|---|
| | (သို့မဟုတ်) အခြားသောအရာဝတ္ထုများကို လမ်းပေါ်သို့ပစ်ချခြင်း၊<br>• သွားနေသောယာဉ်ပေါ်မှနေ၍ အရာဝတ္ထုပစ္စည်းများ လမ်းပေါ်သို့ပစ်ချခြင်း။ |

၂။ **မတော်တဆမှုများအတွက် Demerit Point သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

| **အမျိုးအစားများ** | | **Demerit Points** | **အသေးစိတ်အချက်အလက်များ** |
|---|---|---|---|
| ထိခိုက်ဒဏ်ရာရမှု(သို့) သေဆုံးမှုကို ဖြစ်သော မတော်တဆမှုများ | လူတစ်ဦးသေဆုံးမှုအတွက် | ၉၀ | မတော်တဆမှုဖြစ်ပြီးနောက် (၇၂) နာရီအတွင်း သေဆုံးခြင်း။ |
| | လူတစ်ဦးဒဏ်ရာရမှုအတွက် | ၁၅ | ထိခိုက်နာကျင်သူသည်သုံးပတ် (သို့မဟုတ်) ထို့ထက်ပို၍ ကုသမှုခံယူရန်လိုအပ်ကြောင်း ရှာဖွေတွေ့ရှိခြင်း။ |
| | လူတစ်ဦးအသေးစားထိခိုက် ဒဏ်ရာရမှုအတွက် | ၅ | ထိခိုက်နာကျင်သူသည်ငါးရက်ထက်ပိုပြီး သုံးပတ်မကျော်သောကုသမှုခံယူရန်အတွက်လိုအပ်ကြောင်းရှာဖွေတွေ့ရှိခြင်း။ |
| | လူတစ်ဦးထိခိုက်ဒဏ်ရာရကြောင်း အစီရင်ခံစာတင်ပြထားခြင်းအတွက် | ၂ | ထိခိုက်နာကျင်သူသည်ငါးရက်အောက် ကုသမှုခံယူရန်လိုအပ်ကြောင်းရှာဖွေတွေ့ရှိခြင်း။ |

၃။ ကိုးရီးယားနိုင်ငံရှိ Demerit Point System လုပ်ငန်းစဉ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ယာဉ်စည်းကမ်းချိုးဖောက်ခြင်း**

ယာဉ်မောင်းနေသူတစ်ဦးသည် အမြန်မောင်းခြင်း(သို့မဟုတ်) မီးနီနေစဉ်ဖြတ်မောင်းခြင်းကဲ့သို့သော ယာဉ်စည်းကမ်းများကိုချိုးဖောက်ပါက ဒဏ်ကြေးငွေပေးဆောင်ရမည်ဖြစ်ပြီး Demerit Point များကို ၎င်းတို့၏ ယာဉ်မောင်းမှတ်တမ်းတွင် ထပ်ပေါင်းထည့်လိမ့်မည်ဖြစ်သည်။

( ခ ) **အမှတ်များစုဆောင်းမိလာခြင်း**

Demerit Point များသည် ယာဉ်စည်းကမ်းချိုးဖောက်သည့် ရက်မှ (၂) နှစ်တာကာလအတွင်း ယာဉ်မောင်းသူ၏မှတ်တမ်းတွင်ရှိနေမည်ဖြစ်သည်။ ယာဉ်စည်းကမ်းချိုးဖောက်မှုအတိမ်အနက်ပေါ်မူတည်ပြီး ပြစ်ဒဏ်အမှတ်အရေအတွက် ပိုများလာပါသည်။

( ဂ ) **လိုင်စင်ရုပ်ဆိုင်းခြင်း**

ယာဉ်မောင်းနှင်သူသည် (၂) နှစ်တာကာလအတွင်း Demerit Point များကို ပမာဏတစ်ခုအထိ စုဆောင်းမိလျှင် ၎င်းတို့၏ယာဉ်မောင်းလိုင်စင်သည် ခေတ္တရုပ်ဆိုင်းခံရမည်ဖြစ်ပါသည်။ ယာဉ်လိုင်စင်ရုပ်ဆိုင်းရန်လိုအပ်သော အမှတ်အရေအတွက်သည် ယာဉ်မောင်းနှင်သူ၏ အသက်နှင့်လိုင်စင်အမျိုးအစားအပေါ်တွင် မူတည်ပါသည်။

(ဃ) **အယူခံလုပ်ငန်းစဉ်**

ယာဉ်မောင်းနှင်ခွင့်ရုပ်သိမ်းကြောင်း အသိပေးစာတစ်စောင်ရရှိသော ယာဉ်မောင်းနှင်သူများသည် ထိုဆုံးဖြတ်ချက်အတွက် အယူခံပိုင်ခွင့်ရှိသည်။

**(င) ပြန်လည်ပေးအပ်ခြင်း**

လိုင်စင်ရုပ်သိမ်းကာလပြီးဆုံးပြီးနောက် ယာဉ်မောင်းနှင်သူသည် ၎င်းတို့၏ ယာဉ်မောင်းနှင်ခွင့်လိုင်စင်ပြန်လည်ရရှိရန် အလို့ငှာ ယာဉ်မောင်းပညာပေးရေးသင်တန်းနှင့် ယာဉ်မောင်းစမ်းသပ်မှုကို အောင်မြင်ရမည်ဖြစ်သည်။

## ရည်ညွှန်းကိုးကားသည့် Website များနှင့် Web Page များ

1. Brunei

- https://www.jpd.gov.bn/SitePages/Land%20Transport%20Department/Adverts/Safe%20and%20Smart%20Driving%20In%20Brunei%20Darussalam.aspx
- https://www.jpd.gov.bn/SitePages/Land%20Transport%20Department/About%20Us/Sections%20and%20Units/Road%20Safety/DRIVER%20SAFETY%20PRACTICE%20SYSTEM%20(SiKAP).aspx

2. Cambodia

- https://www.phnompenhrealestate.net/how-to-get-a-cambodian-driving-license-in-2021/
- https://www.khmertimeskh.com/501211677/...january-1-2/

3. Indonesia

- https://coconuts.co/jakarta/news/traffic-police-to-enforce-demerit-points-system-with-license-suspension-or-cancellation-as-penalty/
- https://www.kompas.com/tren/read/2021/05/31/180000565/hati-hati-sim-bisa-dicabut-ini-rincian-poin-pelanggaran-lalu-lintas-terbaru?page=all

4. Lao

- https://www.thongsangnangdrivingschool.com/post/details-for-foreigner-to-get-laos-license

5. Malaysia

- Malaysia Presentations/ 4th ASEAN-Japan Expert Group Meeting
- https://www.jpj.gov.my/en/web/main-site/kejara
- https://www.jpj.gov.my/en/web/main-site/undang-undang-en/-/knowledge_base/law/demerit-points-system

6. Singapore

- Basic Theory of Driving (The Official Handbook) 9th Edition
- Basic Theory of Driving (The Official Handbook) 11th Edition
- https://www.singsaver.com.sg/blog/traffic-offences-demerit-points-and-traffic -fines-singapore

7. Philippines

- https://filipiknow.net/drivers-license-requirements/
- https://www.autodeal.com.ph/articles/car-features/how-check-demerit-points-your-drivers-license

8. Thailand

- https://www.wikiwand.com/en/Driving_licence_in_Thailand # Driving Test
- https://www.thaipbsworld.com/point-system-to-curb-traffic-violations-to-be-enforced-from-january-9th/

9. Vietnam

- https://scootersaigontour.com/guide-to-driving-license-in-vietnam/
- https://vietnaminsider.vn/vietnam-to-implement-a-point-system-for-drivers-licenses/

10. Australia

- https://www.sbs.com.au/language/filipino/en/article/driving-in-australia-pass-these-tests-and-earn-an-australian-licence/mbswcuzev?fbclid=IwAR2Jy1TkDx73t82ycWZ5gamfCt5VysLEIwmc24ilyU5gU-SdnygfsNKT26U
- https://www.sa.gov.au/topics/driving-and-transport/offences/check-demerit-points#pointsandoffences

11. China

- https://en.wikipedia.org/wiki/Chinese_driving _test
- https://www.chinesedriverlicensetest.com/question_summary_overview

12. India

- https://www.bankbazaar.com/driving-licence/dl-test.html?fbclid=IwAR3xqwY-o5r0J9NyJ3tvjOJFkeOe5F0JMQnZX2BXfNlXVMA1R3HPXnhPiC4
- https://www.edriving.com/three60/driver-penalty-points-introduced-in-india /

13. Japan

- Getting a Japanese Driver's License – Part 1: Choosing a School – Van Life LindaGO! (vanlifejpn.com)
- Driving infractions - Akita Wiki (akitajet.com)
- Japan Traffic Violations: Demerit Point System & Ticket Colors - PLAZA HOMES (realestate-tokyo.com)
- Traffic Offences and Demerit Points - Japan - Angloinfo

14. Korea

- https://chat.openai.com/c/67dd809b-af09-4f6c-8a41-440e7ed1c74f
- https://www.easylaw.go.kr/CSM/SubCnpclsCmd.laf?csmSeq=851&ccfNo=4&cciNo=1& cnpClsNo=4

## အာဆီယံနိုင်ငံများနှင့်အာရှနိုင်ငံများတွင်ယာဉ်မောင်းစစ်ဆေးမှုများ

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| ၁။ | ဘရူနိုင်း | ၆နာရီ | | မေးခွန်း(၆၀)ခု အင်္ဂလိပ်ဘာသာနှင့် မလေးဘာသာဖြင့် ဖြေဆိုရမည်။ | (၁၅)နာရီကြာ စစ်ဆေးပါသည်။ ဇုန်(၃)ဇုန်ဖြင့် စစ်ဆေးပါသည်-<br>(၁) Driving Uphill and Downhill<br>(၂) Changing Lanes<br>(၃) "S" Bend<br>(၄) Reverse Parking<br>(၅) Parallel Parking<br>(၆) Roundabout<br>(၇) U-Turn<br>(၈) Pedestrian Crossing<br>(၉) Emergency Brake | သတ်မှတ်လမ်းကြောင်း (၆) ခုအနက် တစ်ခုတွင်မောင်း နှင်ပြသရမည်။(ဥပမာ-လမ်းဆုံ လမ်းခွများ၊ လမ်းချိုးလမ်းကွေ့များ၊ မီးပွိုင့်များစသည်ဖြင့်) | | |
| ၂။ | ကမ္ဘောဒီးယား | | | အင်္ဂလိပ် (သို့မဟုတ်) ခမာဘာသာဖြင့် စစ်ဆေးသည်။ | ကုန်းစောင်းတွင် မောင်းနှင်မှုစစ်ဆေးခြင်း၊ မျဉ်းပြိုင်ရပ်နားမှုစစ်ဆေးခြင်း စသည်ဖြင့် အကြမ်းဖျဉ်းစစ်ဆေးမှုကိုသာ တွေ့ရှိရပါသည်။ | | | ပြည်တွင်းယာဉ်မောင်းလိုင်စင်အတွက် ယာဉ်မောင်းစစ်ဆေးခြင်းအားရှာဖွေတွေ့ရှိခြင်းမရှိပါသဖြင့် နိုင်ငံ |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | | | | | ခြားသားများအတွက် ကမ္ဘောဒီးယား ယာဉ်မောင်းလိုင်စင်လျှောက်ထားခြင်းအတွက် ယာဉ်မောင်းစစ်ဆေးခြင်းကိုသာဖော်ပြထားပါသည်။ |
| ၃။ | အင်ဒိုနီးရှား | | | မေးခွန်း (၃၀)ပုဒ်ဖြေဆိုရမည်ဖြစ်ပြီး (၂၁)ပုဒ်အားမှန်ကန်စွာ ဖြေဆိုရမည်။ မေးခွန်းများကို အင်ဒိုနီးရှားဘာသာဖြင့် ဖြေဆိုရမည်။ **ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည်နှင့်ရလာဒ်ကို ကွန်ပျူတာစနစ်ဖြင့် ချက်ချင်း ထုတ်ပေးသည့်စနစ်ဖြင့် စစ်ဆေး** | (၁) ကျဉ်းမြောင်းသောလမ်းသွယ်တွင် အတည့်/ရှေ့တိုး/နောက်ဆုတ်မောင်းနှင်ခြင်း၊<br>(၂) လမ်းခုံး(၈)ခုတွင် ရှေ့တိုးနောက်ဆုတ် Zig-Zag စစ်ဆေးခြင်း၊<br>(၃) မျဉ်းပြိုင်ရပ်နားခြင်း၊<br>(၄) ကုန်းတက်မောင်းနှင်ခြင်း။ | | | |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | **ပါသည်။** | ကုန်းတက်တွင် hand brake အသုံးပြုခြင်း၊ ကုန်းတက်တွင် hand brake ဖြုတ်ပြီးနောက် မောင်းနှင်ထွက်ခွာခြင်းတို့ စစ်ဆေးပါသည်။ | | | |
| ၄။ | လာအို | | အရောင်ကန်း/ အမြင်ကျယ်မှု/ အမြင်နက်နဲမှု/ တုံ့ပြန်မှု စစ်ဆေးပါသည်။ | အကြမ်းဖျဉ်း ဖော်ပြချက်များသာ တွေ့ရှိရပါသည်။ | | | | |
| ၅။ | မလေးရှား | ကွင်းအတွင်း (၆) နာရီ၊ | | **ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည်နှင့် ရလဒ်ကို ကွန်ပျူတာစနစ်ဖြင့် ချက်ချင်းထုတ်** | တောင်တက်၊ မျဉ်းပြိုင်ပါကင်၊ "T", "S", "Z", ကုန်းတက်ပုံသဏ္ဌာန် စစ်ဆေးခြင်းတို့ကို | | Face to Face စစ်ဆေးပါ | တစ်ရက်လျှင် (၁၀၀)မှ(၁၃၀) ထိသာစစ်ဆေး |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | လမ်းမပေါ်(၁၀) နာရီ။ | | **ပေးသည့်စနစ်ဖြင့် စစ်ဆေးပါသည်။** | CCTV ဖြင့် Control room မှ **e –Testing** ဖြင့် စစ်ဆေးပါသည်။ | | သည်။ | နိုင်ရာမှ(၁၈၀)မှ (၂၀၀)ထိ စစ်ဆေးနိုင်ပါသည်။ ယာဉ်မောင်းစစ်ကားများတွင် GPS၊ Verification၊ Display Equipment များတပ်ဆင်ထားပါသည်။ |
| ၆။ | ဖိလစ်ပိုင် | ၈နာရီ | | **ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည် နှင့် ရလဒ်ကိုကွန်ပျူတာစနစ်ဖြင့် ချက်ချင်းထုတ်ပေးသည့်စနစ်ဖြင့် စစ်ဆေးပြီး** (၆၀)မှတ်ဖိုးတွင် (၄၈) မှတ်ရလျှင် အောင်မြင်ပါသည်-<br>(၁)Emergency Situations | (၁) Start and Stop<br>(၂) Parking<br>(၃) Road Crossing and Light Traffic<br>(၄) Backing and Turning<br>(၅) Maneuvering<br>(၆) Highway Driving<br>(၇) Garage Driving | | | လက်တွေ့(၁၀၀) မှတ်ဖိုးတွင် အနည်းဆုံး (၇၀)မှတ်ရလျှင် အောင်မြင်ပါသည်။ရေးဖြေ/ လက်တွေ့ (၁) ခါကျပါက (၁) |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | (၂) Handling and Driving<br>(၃)General Information<br>(၄)Parking Rules and Restrictions<br>(၅)Penalties and Violations<br>(၆)Road Positioning<br>(၇)Signs and Markings | (၈) Night Driving<br>(၉) Heavy Traffic များစစ်ဆေးပါသည်။ | | | လအတွင်း ဖြေဆိုခွင့်မရ၊(၂)ခါကျပါက(၁)နှစ်အတွင်းဖြေဆိုခွင့်မရ၊ (၃)ခါကျပါက (၂)နှစ်အတွင်းဖြေဆိုခွင့်မရ။ |
| ၇။ | စင်္ကာပူ | ၁၅ နာရီ | စိတ်ရောဂါ၊ ဝက်ရူးပြန်၊ကိုယ်ခံအား၊ မျက်စိ၊ အရောင်ကန်းစစ်ဆေးပါသည်။ | **ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည်နှင့် ရလဒ်ကို ကွန်ပျူတာစနစ်ဖြင့် ချက်ချင်းထုတ်ပေးသည့်စနစ်ဖြင့်စစ်ဆေးပါသည်။** အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရပါသည်။ | Driving Circuit ပေါ်တွင် ယာဉ်မောင်းနှင်မှုစစ်ဆေးသည်။ | ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် နားလည်မှုစွမ်းရည်နှင့်ယာဉ်/လမ်းစည်းကမ်း လေးစားလိုက်နာတတ်မှုစစ်ဆေးပါသည်။ | | Provisional Driving License (PDL)("သ"လိုင်စင်နှင့်အလားတူ) ကိုရယူရန် Basic (BTT) နှင့် Practical Simulator Course အောင်မြင်ထားရမည်။ BasicTheory |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | | | | | Testနှင့် Final Theory Test ဖြေဆိုရပါမည်။ FinalTheory Testအောင်မြင်ပါက(၂)နှစ် အတွင်းလက်တွေ့ ဖြေဆိုရမည်။(၂) နှစ်ကျော်လွန်ပါကBTT မှ စတင်၍ ရေးဖြေပြန်ဖြေရမည်။ |
| ၈။ | ထိုင်း | ယာဉ်ငယ်(၁) ရက် ယာဉ်ကြီး(၂) ရက် | Reaction Test, Wide Angle, Perception ,Depth Perception | မေးခွန်း(၅၀)တွင်အနည်းဆုံး(၄၅)မှတ်ရမှအောင်မြင်ပါသည်။ | <u>**မော်တော်ယာဉ်အတွက်စစ်ဆေးခြင်း**</u><br>(၁) Parallel Parking<br>(၂) Progressing and Reversing in a Narrow Road<br>(၃) Reverse Parking | | | |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | (သင်ကြားချိန် ၅ နာရီ) | ,Colour Blindness Test များ စစ်ဆေးပါသည်။ | | (၄)Stopping and Starting on the Hill<br>(၅)Making a U–Turn within a Specified Road<br>(၆) Making a Left or Right Turn within a Specified Road<br>(၇)Driving in accordance with Signage<br><u>**မော်တော်ဆိုင်ကယ်အတွက် စစ်ဆေးခြင်း**</u><br>(၁)Driving in accordance with Signage<br>(၂) Driving on a small path way<br>(၃)Driving on a "Z" Shaped Path<br>(၄) Driving on a "s" | | | |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်း စစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | | Shaped Path<br>(၅) Driving on a Training Course | | | |
| ၉။ | ဗီယက်နမ် | | | **<u>မော်တော်ဆိုင်ကယ်များအတွက်</u>**<br>မေးခွန်း(၂၀)အားအချိန် မိနစ် (၂၀) အတွင်းဖြေဆိုရမည်ဖြစ်ပြီး (၁၆)ခု မှန်မှ အောင်မြင်ပါသည်။<br><br>**<u>မော်တော်ယာဉ်များအတွက်</u>**<br>မေးခွန်း(၃၆)ခုအား အချိန် မိနစ်(၂၀)အတွင်းဖြေဆိုရမည်ဖြစ်ပြီး(၃၂)ခုမှန်မှ အောင်မြင်ပါသည်။ | **<u>မော်တော်ဆိုင်ကယ်များအတွက်</u>**<br>“X”ပုံသဏ္ဍာန်ရှိသောလမ်း၊ လမ်းဖြောင့်၊ လမ်းကွေးနှင့် လမ်းကြမ်းများပေါ်တွင်စစ်ဆေးသည်။<br><br>**<u>မော်တော်ယာဉ်များအတွက်</u>**<br>လူကူးမျဉ်းကျား၊ လျှော စောက်၊ “Z”ပုံသဏ္ဍာန်၊“S”ပုံသဏ္ဍာန်၊ ယာဉ်ရပ်နားခြင်း၊ ရထားလမ်းကူး၊အရှိန်နှုန်းသတ်မှတ်ချက်၊ Parallel Parking များ စစ်ဆေးပါသည်။ | | | |
| ၁၀။ | ဩစတြေးလျ | | | Theory Test ကို **ကွန်ပျူတာဖြင့် စစ်ဆေးပြီးသည်** | Hazard Perception Test နှင့် Practical Driving | | | |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်း စစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | **နှင့် ရလဒ်ကို ကွန်ပျူတာစနစ်ဖြင့်ချက်ချင်းထုတ်ပေးသည့်စနစ်ဖြင့်စစ်ဆေးပါသည်။** Multiple Type Questions များ စစ်ဆေးသည်။ | Assessment တို့ကို စစ်ဆေးသည်။ ဖုံ(၂၅)ခုကို -<br>(၁) Speed Management<br>(၂) Road Positioning<br>(၃) Decision Making<br>(၄) Responding to hazard<br>(၅) Vehicle control တို့ကို မှန်ကန်စွာလုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးပါသည်။ | | | |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| ၁၁။ | တရုတ် | | | Theory Test ကို **ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည်နှင့် ရလဒ်ကို ကွန်ပျူတာဖြင့် ချက်ချင်းထုတ်ပေးသည့် စနစ်ဖြင့် စစ်ဆေးပါသည်။** မေးခွန်း(၁၀၀)ခုတွင် (၉၀) ခု မှန်မှ အောင်မြင်သည်။ ဖြေဆိုချိန်(၄၅)မိနစ် ဖြစ်ပါသည်။ (၂) ကြိမ်ကျပါက ရက်(၃၀) စောင့်ရမည်။ | စစ်ဆေးရေးကွင်းတွင် စစ်ဆေးပါသည်။ စစ်ဆေးကွင်းအတွင်းတွင် Field Driving Skill Test ကိုစစ်ဆေးသည်။ | အများပြည်သူလမ်းပေါ်တွင်စစ်ဆေးသည်။ ပြုမူမောင်းနှင်မှု စိတ်အခြေနေကို စစ်ဆေးသည်။ရှုတ်ထွေးသောလမ်းနှင့်ဆိုးဝါးသောရာသီဥတု၊အရေးပေါ်ဖြေရှင်းနည်းတို့ကို စစ်ဆေးသည်။ အားလုံးအောင်မှ အောင်မြင်သည်။ စိတ်အခြေအနေ စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် စာတွေ့ စစ်ဆေးခြင်းတွင် မေးခွန်း(၅၀)ပါဝင်ပြီး (၄၅)ခု မှန်လျှင် အောင်မြင်ပါသည်။ | | |
| ၁၂။ | အိန္ဒိယ | | | Theory Test ကိုစစ်ဆေးသည်။ | (၁) Parallel Parking<br>(၂) "8" ပုံစံလမ်းကြောင်း ရွေ့ | | | |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| | | | | | သို့ မောင်းနှင်ခြင်း၊<br>(၃) ကုန်းတက်မောင်းနှင်ခြင်း၊<br>(၄) "S"ပုံစံလမ်းကြောင်း နောက်ပြန်မောင်းနှင်ခြင်း၊<br>ကွင်းအတွင်းဖြေဆိုမှုအား ကွန်ပျူတာစနစ်ဖြင့်အလိုအလျောက်အမှတ်ပေးသည်။ | | | |
| ၁၃။ | ဂျပန် | အမောင်းသင် လိုင်စင်ရရှိပြီးနောက် သင်တန်းတက်ရမည်။ | | (၁၀၀)မှတ်ဖိုးဖြေဆိုပြီး (၉၀)မှတ်ဖိုးရမှအောင်မြင်ပါသည်။<br>**ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည်နှင့် ရလဒ်ကို ကွန်ပျူတာစနစ်ဖြင့်ချက်ချင်းထုတ်ပေးသည့် စနစ်ဖြင့်စစ်ဆေးပါသည်။** | (၁၀၀)မှတ်ဖိုးဖြေဆိုပြီး (၇၀)မှတ်ဖိုးရမှအောင်မြင်ပါသည်။ | (၅)ရက်ကြာလမ်းမပေါ်တွင်မောင်းနှင်မှုစစ်ဆေးသည်။ (၁၀၀)မှတ်ဖြေဆိုပြီး (၇၀)မှတ်ဖိုးရမှအောင်မြင်ပါသည်။ | | အမောင်းသင်လိုင်စင်ရရှိရန် ရေးဖြေ၊လက်တွေ့စစ်ဆေးပါသည်။ရေးဖြေမေးခွန်း (၅၀) တွင်(၄၅)ခုမှန်ရမည်။လက်တွေ့(၁၀၀) မှတ်တွင် (၇၀) မှတ်ရမှအောင်မြင်ပါသည်။ |

| စဉ် | နိုင်ငံ | သင်တန်း | ရုပ်ပိုင်းစစ်ဆေးမှု | စာတွေ့စစ်ဆေးမှု | လက်တွေ့စစ်ဆေးမှု | | Face to Face စစ်ဆေးခြင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စစ်ဆေးကွင်းအတွင်း | အများပြည်သူ လမ်း | | |
| ၁၄။ | တောင်ကိုရီးယား | | | **ကွန်ပျူတာဖြင့် ဖြေဆိုပြီးသည်နှင့် ရလဒ်ကို ကွန်ပျူတာစနစ်ဖြင့် ချက်ချင်းထုတ်ပေးသည့် စနစ်ဖြင့် စစ်ဆေးပါသည်။** ရေးဖြေအောင်မြင်ပါက Simulator ဖြင့် စစ်ဆေးသည်။ | (၁)ကွေ့ခြင်း၊ ရပ်ခြင်း၊ နောက်ပြန်ဆုတ်ခြင်း၊<br>(၂)လမ်းကြောင်းပြောင်းလဲခြင်း၊<br>(၃)အချက်ပြမှုများအသုံးပြုခြင်း၊<br>(၄)လမ်းဆုံ၊ အဝိုင်းများတွင် အချက်ပြခြင်း၊<br>(၅) Parallel Parking နှင့် နောက်ပြန်ဆုတ်ခြင်းတို့ကိုစစ်ဆေးသည်။ | အချို့ ယာဉ်မောင်းလိုင်စင်အမျိုးအစား လျှောက်ထားသူများကို လမ်းမပေါ်၌မောင်းနှင်မှုစစ်ဆေးပါသည်။ | | |

## အာဆီယံနိုင်ငံများနှင့်အာရှပတ်ဝန်းကျင်နိုင်ငံများတွင် Demerit Pointsစနစ်ကျင့်သုံးမှု

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရုပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| ၁။ | ဘရူနိုင်း | ၂၀၁၃ | ယာဉ်စည်းကမ်းအမျိုးအစား၊ ပြစ်မှုအမျိုးအစားအလိုက် Demerit Points (၉) မျိုး ခွဲခြားထားပါသည်။ Demerit Points များကို (၃)မှတ်၊ (၄)မှတ်၊ (၆)မှတ်၊ (၈)မှတ်၊ (၉)မှတ်၊ (၁၂)မှတ်၊ (၁၈)မှတ်၊ (၂၁)မှတ်၊ (၂၄)မှတ် စသည်ဖြင့်ခွဲခြားထားပါသည်။ | (၁) ယာယီယာဉ်မောင်းလိုင်စင်(“သ”လိုင်စင်နှင့် အလားတူ) အား (၁၂) လအတွင်း Demerit Points (၁၃) မှတ်နှင့်အထက် ကျော်လွန်လျှင် (၁)နှစ်ရုပ်သိမ်းမည်။<br>(၂) လိုင်စင်လျှောက်ထားလိုပါက စာတွေ့၊ လက်တွေ့ပြန်လည်ဖြေဆိုရမည်။<br>(၃) ယာဉ်မောင်းလိုင်စင်အား (၁၂)လအတွင်း Demerit Points (၂၄)မှတ်နှင့် အထက် ကျော်လွန်လျှင် ပထမအကြိမ် (၃)လ၊ ဒုတိယအကြိမ်တွင် (၁၂)မှတ်နှင့်အထက် ကျော်လွန်ပါက(၆)လ၊တတိယအကြိမ် ထပ်မံကျူးလွန်ပါက (၁)နှစ် ရုပ်သိမ်းခံရမည်။ | |
| ၂။ | ကမ္ဘောဒီးယား | ၂၀၂၂ | ကနဦးတွင်ယာဉ်မောင်းလိုင်စင်အမျိုးအစား တစ်ခုစီ၌ အမှတ်(၁၂)မှတ် ပေးထားပါသည်။ | | ယာဉ်ထိန်းရဲ |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာဉ်ယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ်အမျိုးအစား (၆)မျိုးသတ်မှတ်ထားပြီး Demerit Points များကို (၁) မှတ်မှ (၆) မှတ်ထိ ခွဲခြားထားပါသည်။ ပေးထားသည့် (၁၂)မှတ်ကုန်ဆုံးသွားပါကယာဉ်မောင်းလိုင်စင်ပယ်ဖျက်ခံရမည်ဖြစ်ပါသည်။ (၁) နှစ်ခွဲကြာမှသာ ယာဉ်မောင်းလိုင်စင်ပြန်လည်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ယာဉ်ထိန်းရဲက Smart Phone ပေါ်ရှိ Application မှတဆင့် အမှတ်နုတ်ယူမည်ဖြစ်ပြီး လိုင်စင်ထုတ်ပေးသည့်ဌာန၊ သင်တန်းကျောင်းနှင့်ယာဉ်မောင်းသူထံ မှတ်တမ်းပေးပို့သည်။ | | |
| ၃။ | အင်ဒိုနီးရှား | | လမ်းစည်းကမ်းချိုးဖောက်မှုအတွက်(၅)မှတ်၊ (၃)မှတ်၊ (၁)မှတ်နှင့် ယာဉ်မတော်တဆမှုကျူးလွန်သူများကို (၅)မှတ်၊ (၁၀)မှတ်၊ (၁၂) မှတ် ချမှတ်မည်။ | (၁၂) မှတ်ပြည့်ပါက ယာဉ်ယီရပ်ဆိုင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းခံရမည်။ (၁၈)မှတ်ပြည့်ပါက တရားရုံး၏ ဆုံးဖြတ်ချက်အပေါ်မူတည်၍ တစ်သက်တာ ရုပ်သိမ်းခြင်း (သို့မဟုတ်) ကာလတစ်ခု | ရဲတပ်ဖွဲ့ |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာဉ်ယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | | ရပ်ဆိုင်းခြင်းခံရမည်။ ပြစ်ဒဏ်ကာလပြည့်ပါက ယာဉ်မောင်းလိုင်စင်အသစ်လျှောက်ထားသည့်လုပ်ထုံးလုပ်နည်းများအတိုင်း ပြန်လည်ရရှိရန် ထပ်မံလျှောက်ထားရမည်။ | |
| ၄။ | မလေးရှား | ၂၀၁၇ | **CCTV ဖြင့် မှတ်တမ်းယူ၍ အမှတ်ပေးပြီး** ပိုင်ရှင်ထံသို့ စာပို့အကြောင်းကြားပါသည်။ ပြစ်မှုကျူးလွန်ပြီး (၁၂)လအတွင်း ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်းမရှိပါက Demerit Points များအား (၅၀)% လျှော့ချပေးပါသည်။ ထိုအခွင့်အရေးကို တစ်ကြိမ်သာပေးပါသည်။ Demerit Points (၂၀) မှတ်အောက် ယာဉ်မောင်းများအား သင်တန်းတစ်ကြိမ်ပေးပါသည်။ | (၁) ပထမအကြိမ်(၂၀)မှတ်ပြည့်လျှင် သတိပေးခြင်း၊<br>(၂) ဒုတိယအကြိမ်(၂၀)မှတ်ပြည့်လျှင်(၆)လမှ (၈)လအထိ လိုင်စင်ပိတ်သိမ်းခြင်း၊<br>(၃) တတိယအကြိမ်(၂၀)မှတ်ပြည့်လျှင်(၈)လမှ (၁၀)လအထိလိုင်စင်ပိတ်သိမ်းခြင်း၊<br>(၄) စတုတ္ထအကြိမ်(၂၀)မှတ်ပြည့်လျှင် (၁၀)မှ (၁)နှစ်အထိ လိုင်စင်ပိတ်သိမ်းခြင်း။ | ကုန်းလမ်းပို့ဆောင်ရေးဌာန |
| ၅။ | ဖိလစ်ပိုင် | | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆင့်(၃)ဆင့် ခွဲခြားထားပါသည်။ အဆင့်(၃)ဆင့်မှာ Light Violation, Less | (၁) (၅)မှတ်မှ(၉)မှတ်အတွင်း ရရှိပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းတက်ရောက်ရမည်။ | ကုန်းလမ်းပို့ဆောင်ရေး |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | Grave Violation, Grave Violation တို့ဖြစ်ပါသည်။ အဆင့်အလိုက်ရရှိမည့် Demerit Points များမှာ (၅)မှတ်၊ (၃)မှတ်၊ (၁)မှတ်ဖြစ်ပါသည်။ **CCTV ဖြင့် မှတ်တမ်းယူ၍ အမှတ်ပေးပါသည်။** Demerit Points အမှတ်များကို LTO LTMS Portal တွင် အကောင့်ဖွင့်လှစ်၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ | (၂) (၁၀)မှတ်မှ (၃၉)မှတ်အတွင်း ရရှိပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းတက်ရောက်ပြီး ရေးဖြေပြန်လည်ဖြေဆိုရမည်။<br>(၃) (၄၀)မှတ်ရရှိပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်။ | |
| ၆။ | စင်္ကာပူ | ၁၉၈၃ | ပြစ်မှုအမျိုးအစားအလိုက် (၃)မှတ်၊ (၄)မှတ်၊ (၆)မှတ်၊ (၈)မှတ်၊ (၉)မှတ်၊ (၁၂)မှတ်၊ (၁၈)မှတ်၊ (၂၄)မှတ်သတ်မှတ်ထားပါသည်။ (သို့သော် ပထမအကြိမ်နှင့် ဒုတိယအကြိမ်များအတွက် သင်တန်းပြန်လည်တက်ရောက်ပြီး အောင်မြင်ပါကရပ်ဆိုင်းကာလလျှော့ပေါ့ခံစားခွင့်ခံစားနိုင်) | ပထမအကြိမ် (၁၂)မှတ်ထက်ကျော်လွန်ပါက (၁၂)ပတ် ယာယီရပ်ဆိုင်းပါသည်။ ဒုတိယအကြိမ် (၁၂)မှတ်ထက်ကျော်လွန်ပါက (၆)လ ယာယီရပ်ဆိုင်း၊ တတိယအကြိမ်(၁၂)မှတ် ထက်ကျော်လွန်ပါက (၁)နှစ်ယာယီရပ်ဆိုင်း၊ စတုတ္ထအကြိမ် (၁၂)မှတ်ထက်ကျော်လွန်ပါက (၂)နှစ် ယာယီရပ်ဆိုင်း၊ ပဉ္စမအကြိမ်(၁၂)မှတ်ထက်ကျော်လွန်ပါက (၃)နှစ် ယာယီရပ်ဆိုင်းပါသည်။ | ယာဉ်ထိန်းရဲ |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| ၇။ | ထိုင်း | | ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူတိုင်းအတွက် (၁)နှစ်တွင် (၁၂)မှတ်ပေးထားပါသည်။ ပြစ်မှုအမျိုးအစားအလိုက် (၁)မှတ်၊ (၂)မှတ်၊ (၃)မှတ်၊ (၄)မှတ်လျှော့ချပါသည်။ **CCTV ဖြင့် မှတ်တမ်းယူ၍ အမှတ်ဖြတ်ခြင်း** နှင့် ယာဉ်ထိန်းရဲမှ လမ်းပေါ်တွင် အမှတ်ဖြတ်စက်ဖြင့် တိုက်ရိုက်အရေးယူသည်။ | (၁)နှစ်အတွင်း (၁၂)မှတ်ကုန်ပါက (၃)လရပ်ဆိုင်းမည်။ | ယာဉ်ထိန်းရဲ |
| ၈။ | ဗီယက်နမ် | ၂၀၂၀ ပြည့်နှစ် | ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူတိုင်းအတွက် (၁)နှစ်တွင် (၁၂) မှတ်ပေးထားပါသည်။ (၁)နှစ်အတွင်း ပြစ်မှုကျူးလွန်ခြင်းမရှိပါက အပိုဆောင်းအမှတ်များရရှိပါမည်။ | | Ministry Of Public Security |
| ၉။ | သြစတြေးလျ | ၂၀၁၄ | အရှိန်အမြန်နှုန်းစည်းကမ်းချက်များအတွက်ကျူးလွန်ပါက (၂)မှတ်၊ (၃)မှတ်၊ (၅)မှတ်၊ (၇)မှတ်၊ (၉) မှတ် စသည်ဖြင့် သတ်မှတ်ထားပါသည်။ **CCTV ဖြင့် မှတ်တမ်းယူ၍ အမှတ်** | (၁၂-၁၅)မှတ် = ၃လ<br>(၁၆-၂၀) မှတ် = ၄လ<br>၂၀မှတ်ကျော်ပါက = ၅လ<br>ပြစ်ဒဏ်ကာလပြီးဆုံးပါက Demerit Point | ယာဉ်ထိန်းရဲ |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | **ပေးပါသည်။** တစ်ကြိမ်တည်းဖြင့် (၉)မှတ် ရရှိပါက (သတ်မှတ်ထားသည့်အမြန်နှုန်း (45 Km/h)အထက် ပိုမိုမောင်းနှင်ခြင်း) ယာဉ်မောင်းလိုင်စင်အား (၆)လအလိုအလျောက် ပိတ်သိမ်းမည့်အပြင်မော်တော်ယာဉ်ကိုပါ သိမ်းဆည်းမည်။ အခြားယာဉ်/လမ်းစည်းကမ်းချိုးဖောက်မှုများကျူးလွန်ပါက (၁)မှတ်၊ (၂)မှတ် (၃) မှတ်စသည်ဖြင့် ပြစ်ဒဏ်အမှတ်ပေးပြီး၊ ပြစ်ဒဏ်အမှတ်(၆)မှတ်နှင့် အထက်ရရှိပါက ပထမအကြိမ်သတိပေးစာကို မေးလ်ဖြင့်ပေးပို့မည်ဖြစ်ပါသည်။ (၂၈)ရက်အတွင်း ဒဏ်ကြေးငွေယာဉ်ထိန်းရဲထံ သွားရောက်ပေးဆောင်ရမည်။ (၂၈)ရက်ကျော်လွန်ပါက မြင့်မားသောဒဏ်ကြေးငွေပေးဆောင်ရမည်။ ဒုတိယအဆင့်ဒဏ်ကြေးငွေကို လာရောက်ပေးဆောင်ခြင်း | System ပြန်လည်စတင်မည်ဖြစ်ပါသည်။ | |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | မရှိပါက ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ ကန့်သတ်ထားမည်။ (၃)နှစ်အတွင်း ပြစ်ဒဏ်ရမှတ်(၁၂)မှတ်ကျော်က လိုင်စင်ပိတ်သိမ်းမည်။ | | |
| ၁၀။ | တရုတ် | ၂၀၁၃ | ယာဉ်မောင်းလိုင်စင်တိုင်းအတွက် (၁)နှစ်လျှင် (၁၂)မှတ်ပေးထားပါသည်။ **CCTV ဖြင့်မှတ်တမ်းယူ၍ အမှတ်ဖြတ်ပါသည်။** ပြစ်မှုအလိုက် (၁)မှတ်၊ (၂)မှတ်၊ (၃)မှတ်၊ (၆)မှတ်၊ (၁၂)မှတ်စသည်ဖြင့် ဖြတ်တောက်မည်ဖြစ်ပါသည်။ တစ်ကြိမ်တည်းနှင့် (၁၂)မှတ် ဖြတ်သည့်ကိစ္စရပ်များမှာ–<br>(၁) အရက်သောက်စားမောင်းနှင်ခြင်း၊<br>(၂) ယာဉ်စည်းကမ်းကျူးလွန် ထွက်ပြေးတိမ်းရှောင်ခြင်း၊<br>(၃) နံပါတ်ပြားမပါခြင်း၊ ဖုံးကွယ်ထား | (၁၂)မှတ်ပြည့်ပါကရဲတပ်ဖွဲ့ကလိုင်စင်သိမ်းပြီး သင်တန်း(၇)ရက်တက်ရောက်စေပါသည်။ သင်တန်းတွင်း လုပ်ဆောင်ချက်များအပေါ်မူတည်၍လိုင်စင်ပြန်လည်ထုတ်ပေး သင့်/ မသင့်ကိုဆုံးဖြတ်ပါသည်။ | ယာဉ်ထိန်းရဲ |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | ခြင်း သတ်မှတ်ထားသည့်အချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊<br>(၄) ယာဉ်လိုင်စင်နံပါတ်ပြား အတုတပ်ဆင်အသုံးပြုခြင်း၊<br>(၅) လမ်းပြောင်းပြန်မောင်းနှင်ခြင်း (သို့မဟုတ်) မျဉ်းသေတွင် "ဂ" ကွေ့မောင်းနှင်ခြင်း၊<br>(၆) သတ်မှတ်အမြန်နှုန်းထက် (၅၀) ရာခိုင်နှုန်းပိုမိုမောင်းနှင်ခြင်း။ | | |
| ၁၁။ | အိန္ဒိယ | ၂၀၁၇ | | အဆိုပါ(၂၄)လအတွင်း (၁၂)မှတ်ရရှိပါက (၁)နှစ်၊ (၂၄)မှတ်ရရှိပါက (၂) နှစ်စသည်ဖြင့် နှစ်တိုး၍ ပိတ်သိမ်းခံရမည်။ | ယာဉ်ထိန်းရဲ |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| ၁၂။ | ဂျပန် | | ပြစ်မှုအမျိုးအစားအလိုက် (၁)မှတ်၊ (၂) မှတ်၊ (၃)မှတ်၊ (၆)မှတ်၊ (၁၂)မှတ်၊ (၁၃) မှတ်၊ (၂၅) မှတ်စသည်ဖြင့် အမှတ်ပေးပါသည်။ ယာဉ်ထိန်းရဲနှင့် **CCTV မှတ်တမ်းတို့ဖြင့် အမှတ်ပေးပါသည်။** | ပြစ်မှုကျူးလွန်သည့်အကြိမ်အရေအတွက်များလာပါက Demerit Points အမှတ်နည်းသော်လည်း ပြစ်ဒဏ်ပိုမိုကြီးမားလာမည်ဖြစ်ပါသည်။ ကျူးလွန်မှုအကြိမ်များလာသည်နှင့်အမျှ ပြစ်မှုဟောင်းရှိပါက ပေးမှတ်နှိမ့်ချပြီး အမှတ်နည်းနည်းဖြင့်ပင် ယာယီရပ်ဆိုင်းခံရမည်ဖြစ်သည်။ (ဥပမာ-မည်သည့်ပြစ်ဒဏ်မှ မရှိခင်က ပေးမှတ်(၁၅)မှတ်ရှိသော်လည်း ယခင်ပြစ်ချက်တစ်ခုရှိပါက ပေးမှတ်ကို လျှော့ချပြီးကျော်လွန်ပါက ယာယီရပ်ဆိုင်းပါသည်။ | Police Officer |
| ၁၃။ | ကိုရီးယား | | Demerit Points (၂)မျိုးရှိပါသည်။ ယာဉ်စည်းကမ်းချိုးဖောက်မှုအတွက် (၁၀)မှတ်၊ (၁၅) မှတ်၊ (၃၀)မှတ်၊ (၄၀)မှတ်၊ (၆၀)မှတ်၊ (၈၀) မှတ်၊ (၁၀၀)မှတ်ပေးပါသည်။ ယာဉ်မတော်တဆမှုများအတွက် (၂)မှတ်၊ (၅)မှတ်၊ (၁၅) | Demerit Points အမှတ် (၁၂၁) နှင့်အထက် ရရှိခဲ့ပါက(၁)နှစ်ပိတ်သိမ်းခံရမည်။ Demerit Points အမှတ် (၂၀၁) မှတ်နှင့်အထက် ရရှိခဲ့ပါက (၂)နှစ်ပိတ်သိမ်းခံရမည်။ Demerit Points အမှတ်(၂၇၁)မှတ်နှင့် အထက်ရရှိခဲ့ပါက (၃)နှစ် | Ministry of Land, Infrastructure, Transport and Tourism (MLIT) |

| စဉ် | နိုင်ငံအမည် | စတင်ကျင့်သုံးသည့်ခုနှစ် | Demerit Points | ယာယီရပ်ဆိုင်းခြင်း | အရေးယူပိုင်ခွင့်ရှိသူ |
|---|---|---|---|---|---|
| | | | မှတ်၊ (၉၀)မှတ်ပေးပါသည်။ **CCTV ဖြင့် မှတ်တမ်းယူ၍ အမှတ်ပေးပါသည်။** Mobile Phone မှ Message ပေးပို့ပါမည်။ | ပိတ်သိမ်းခံရမည်။ (၁)နှစ်အတွင်း Demerit Points အမှတ်(၁၂)မှတ်နှင့်အထက် ရရှိခဲ့လျှင် (သို့မဟုတ်) (၂)နှစ်အတွင်း Points အမှတ် (၁၈)မှတ်နှင့်အထက် ရရှိခဲ့လျှင် ရက်ပေါင်း (၁၈၀) ဆိုင်းငံ့ခံရမည်ဖြစ်ပါသည်။ ရပ်ဆိုင်းကာလပြည့်ပါက ယာဉ်မောင်းပညာပေးရေးသင်တန်းနှင့် ယာဉ်မောင်းစမ်းသပ်မှုကို အောင်မြင်မှသာ လိုင်စင်ပြန်လည်ရရှိမည်။ | |